The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
စီးပွားရေးသတင်းဂျာနယ်

VOL .18, NO . 26 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | July 2, 2018

# ဈေးကွက်သစ်ရှာဖွေဖို့ တိုက်တွန်းအားပေးသင့်သော ကြက်သွန်နီ

စာမျက်နှာ - ၈





စာမျက်နှာ - ၃၃

## မြဝတီ ကုန်သွယ်ရေးဇုန်၏ ပို့ကုန်အမယ်သစ် ကင်ပွန်းသီးခြောက်

စာမျက်နှာ - ၁၇

## လှည်းကူးမြို့နယ် ငါးဆူတောင် ဆေးဝါးထုတ်လုပ်ရေးဇုန် နှစ်နှစ်အတွင်း အပြီးတည်ဆောက်တော့မည်

စာမျက်နှာ - ၂၁

## ရန်ကုန်ကားဈေးကွက် အခြေအနေ အရပ်ရပ်ကြောင့် ပြန်အေးနေ

စာမျက်နှာ - ၂၂




GS
High Quality and Reliable Product!
I am your ENERGY
Kixx
ကိုရီးယား နံပါတ်(၁)
စက်ချောဆီ
ETERNAL
Head Office Yangon Tel : 01-504013, 01-535439, 01- 539614, Fax : 01-516792
Branch Office Mandalay Tel : 02-5153139, 092031202, Fax : 02-5153139
Nay Pyi Taw Tel : 067-22775, 09 86 27875 Fax : 067-22775
Monywa Tel : 09 449117779
Phar Kant Tel : 074-70378, 0947106549 Fax : 074-70378
Lashio Tel : 082-2206632, 082-2203560 Fax : 082-2206632


JPM
CAR SALE CENTER
Email- jpmautocenter@gmail.com
Web: www.jpmmotors.com
FIFA WORLD CUP RUSSIA 2018
အရည်အသွေး ကောင်းမွန်သော ကားအမျိုးအစားစုံ စိတ်ကြိုက်ရွေးချယ်ဖို့
JPM နဲ့ဆက်သွယ်စို့ ...
VEZEL
YARIS
အမှတ်(၄၂-အေ)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ (ဆွေထိုင်းစားသောက်ဆိုင်ရှေ့) Ph: 01 860 3921 ~ 22
HOT LINE
09 253008800

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ (၁/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ဇွန် ၂၈ ရက် နံနက် ၁၀ နာရီတွင် ရုံးအမှတ်(၃)၊ နေပြည်တော်၌ ကျင်းပပြုလုပ်သော မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၁/၂၀၁၈ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ထိုသို့အမှာစကား ပြောကြားရာတွင် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသော အထူးစီးပွားရေးဇုန် (၃)ခုနှင့်စပ်လျဉ်း၍ အဖွဲ့ဝင်များနှင့် ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်တွင် ကုန်သည်လုပ်ငန်းရှင်များ အောင်မြင်စွာ လုပ်ငန်းလည်ပတ် ဆောင်ရွက်နေပြီး ဇုန် (A) အတွင်း စက်ရုံနေရာများ ပြည့်သလောက် ဖြစ်နေပြီဖြစ်၍ ဇုန် (B)ကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ဇုန် (B) တွင်လည်း ဝယ်လိုအား မြင့်တက်လျက်ရှိသလို လက်ရှိရင်းနှီးမြှုပ်နှံသူများလည်း ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ထပ်မံတိုးချဲ့လျက်ရှိကြောင်း၊ ဒေသခံ တောင်သူလယ်သမားများ၏ နေရာရွှေ့ပြောင်းမှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ရင်းနှီးပွင့်လင်းမြင်သာစွာ ပူးပေါင်းကူညီ ဖြေရှင်းပေးနေကြောင်း၊ ထားဝယ် အထူးစီးပွားရေးဇုန်နှင့်စပ်လျဉ်း၍ထားဝယ်-ထီးခီး နယ်စပ် နှစ်လမ်းသွား ကားလမ်းဖောက်လုပ်ရန် သဘောတူပြီးဖြစ်၍ ထိုင်းနိုင်ငံမှ ချေးငွေရယူရေးကိုလည်း ပြည်သူ့လွှတ်တော်က အတည်ပြုပြီးဖြစ်၍ ချေးငွေဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထားဝယ် အထူး စီးပွားရေးဇုန်သာမက ဆက်စပ်နေသော တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)နှင့် ပူးပေါင်း၍ လေ့လာမှုများပြုလုပ်လျက်ရှိကြောင်း၊ ကနဦးစီမံကိန်းကိုသာမက ပင်မစီမံကိန်းကိုပါ ဆောင်ရွက်နိုင်ရန် လေ့လာလျက်ရှိကြောင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ မြန်မာတိုင်းရင်းသားများဖြင့် ဖွဲ့စည်းသည့် အစိုးရ အသိအမှတ်ပြု ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း၊ တင်ဒါအောင်မြင်ထားသည့် (CITIC) ကုမ္ပဏီနှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့ ပုံမှန်တွေ့ဆုံဆွေးနွေး ညှိနှိုင်းလျက်ရှိကြောင်း၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန်နှင့် ဆက်စပ်တည်ဆောက်မည့် အခြေခံအဆောက်အဦများ တည်ဆောက်ရေးကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆွေးနွေးလျက်ရှိကြောင်း၊ သက်ဆိုင်ရာ ဇုန်အလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ဒေသခံပြည်သူများအားအခါအားလျော်စွာ ရှင်းလင်းတင်ပြပေးလျက်ရှိကြောင်း၊

စာမျက်နှာ ၂၇ သို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီညှိနှိုင်းအစည်းအဝေး(၂/၂၀၁၈)သို့ တက်ရောက်အမှာစကားပြောကြား

စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီ၏ ညှိနှိုင်းအစည်းအဝေး (၂/၂၀၁၈) ကို ဇွန် ၂၇ ရက် ၁၃:၀၀ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန၊ ညီလာခံခန်းမတွင်ကျင်းပရာ စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် အာဆီယံ စီးပွားရေးအသိုက်အဝန်းအတွင်း “နိုင်ငံဖြတ်ကျော် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများတွင် စားသုံးသူယုံကြည်မှု မြင့်မားစေခြင်း” ဟူသည့် အခြေခံမူအရတင်သွင်း၊ တင်ပို့သော ကုန်စည်များအပေါ် စားသုံးသူများ ယုံကြည်မှု မြင့်မားစေရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ဖော်ဆောင်ပေးရန် လိုအပ်လျက်ရှိရာ ကုန်စည်များတွင် ကုန်အညွှန်းအမှတ် အသားများကို ဥပဒေနှင့်အညီ မြန်မာဘာသာဖြင့်ဖော်ပြနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါကြောင်း၊ သုံးစွဲပုံနှင့် ပတ်သက်ပြီး ကုန်စည်တွင် ကုန်အညွှန်း အမှတ်အသားကို မြန်မာဘာသာဖြင့် ဖော်ပြစေခြင်းဖြင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ကူညီဆောင်ရွက်ပေးရာ ရောက်ပါကြောင်း၊ အဓိကအားဖြင့် တရားမဝင် ဝင်ရောက်လာသော ကုန်စည်များနှင့် ပြည်တွင်း ထုတ်လုပ်သော ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချရာတွင် ပြည်တွင်းထုတ်လုပ်သူများ ပိုမိုအကျိုးဖြစ်ထွန်းစေခြင်း၊ အရည်အသွေးပိုင်းကို ပိုမိုဂရုစိုက်လာပြီး တန်ဖိုးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်လာမည်ဖြစ်၍ နိုင်ငံ့စီးပွားရေးကို တိုးတက်လာစေခြင်း၊ နယ်စပ်ဒေသသို့မဟုတ် တစ်ဖက်နိုင်ငံမှ မြန်မာဘာသာ မဟုတ်သော အခြားဘာသာ တစ်ခုခုဖြင့်ရိုက်နှိပ်၍ တရားမဝင် တင်သွင်းလာသည့် ကုန်စည်များကို တားဆီးအရေးယူရာတွင် ပိုမိုထိရောက်စေခြင်း စသည့် ရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် စားသုံးသူများအနေဖြင့်လည်း ရွေးချယ်ဝယ်ယူစားသုံးနိုင်မှု ပိုမိုမြင့်မားလာမည်ဖြစ်သည့်အပြင် ကုန်စည်များ လုံခြုံစိတ်ချပြီး ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ခြင်း၊ စိတ်ကျေနပ်မှု ရရှိခြင်းတို့ကို ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးပြည့်မီသော ထုတ်ကုန်များ ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ကာ ပြည်ပသို့ တင်ပို့နိုင်သည်အထိ တန်ဖိုး မြင့်ကုန်စည်များကို နိုင်ငံတကာ ကုန်အညွှန်း အမှတ်အသားများအတိုင်း ဖော်ပြ၍ထုတ်လုပ်နိုင်ပါက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူ အကာအကွယ်ပေးရေး ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကုန်စည်တွင်ဖော်ပြရမည့် ကုန်ညွှန်းအမှတ်အသားတွင် ပါဝင်သင့်သည့်အချက်အလက်များကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာနှင့် အခြားဘာသာ တွဲလျက်ဖြစ်စေ ဖော်ပြရန်အတွက် ဦးစားပေး ကုန်စည်သတ်မှတ်၍ ဆောင်ရွက်သွားမည့် အစီအမံများအား ဆွေးနွေးညှိနှိုင်းခဲ့ကြကာ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော်ကောင်စီဝင်နှင့် မြို့တော်စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စားသုံးသူ အကာအကွယ်ပေးရေး ကိစ္စရပ်ဆိုင်ရာ ကျွမ်းကျင်သူ ပြင်ပပညာရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

MOC (IR)

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
အောင်သူရ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မှန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက် ဇွန်လဈေးနှုန်းအနည်းငယ်မြင့်တက်

ပုသိမ်မြို့နယ် ဆန်စပါးဈေးကွက်တွင် နွေသီးရင် စပါးပေါင် ၁၀၀ တင်း ၁၀၀ကိုကျပ် ၆၀၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၂၃၅၀၀၊ ကျပ် ၂၄၀၀၀ ၊ မိုးဧည့်မထ မနောသုခ ၊ မျိုးပွားပေါင်၁၀၀ တင်း၁၀၀ကို ကျပ် ၇၀၀၀၀၀ ခန့်၊ ဆန်တစ်အိတ်ကို ကျပ် ၂၅၀၀၀၊ ကျပ် ၂၆၀၀၀၊ မီးကောက်စပါး ပေါင် ၁၀၀ တင်း ၁၀၀ကိုကျပ် ၈၀၀၀၀၀၊ ဆန်ဈေး တစ်အိတ် ကျပ် ၂၉၀၀၀၊ကျပ် ၃၀၀၀၀၊ ရွှေသွယ် စပါးပေါင် ၁၀၀ တင်း ၁၀၀ကို ကျပ် ၈၂၀၀၀၀ ၊ ဆန်တစ်အိတ် ကျပ် ၃၁၀၀၀ ၊ကျပ် ၃၂၀၀၀ ဈေး ဧရာပေါ်ဆန်း ၁၀၅ ပေါင် တင်း ၁၀၀ ကို ကျပ် တစ်ဆယ့်သုံးသိန်းဝန်းကျင်၊ ဆန်တစ်အိတ် ကျပ် ၄၄၀၀၀၊ ကျပ် ၄၅၀၀၀ ၊ ပေါ်ဆန်းရင် စပါး ၁၀၅ ပေါင် တင်း၁၀၀ ကို ကျပ် ဆယ်သိန်း၊ ကျပ်ဆယ်သိန်းခွဲခန့်၊ ဆန်တစ်အိတ်ကိုကျပ် ၄၂၀၀၀၊ ကျပ် ၄၃၀၀၀ ဖြင့် ဈေးကွက်တွင် ရောင်းဝယ်လျက်ရှိကြောင်းသိရပါသည်။

ပုသိမ်ဆန်စပါးဈေးကွက်တွင် လက်ရှိဈေးတန်းမြင့် အရောင်းအဝယ်အေး၍ စပါးလက်ကျန်မှာလည်း ယခင်ထက် လျော့နည်းနေပြီး မေလဈေးနှုန်းထက် ယခုဇွန်လတွင် ဧည့်မထစပါးမှာ တင်း ၁၀၀ ကို ကျပ် ၃၀၀၀၀၊ကျပ် ၄၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၁၀၀၀ ဝန်းကျင်၊ ပေါ်ဆန်း စပါး တင်း၁၀၀ကိုကျပ် ၁၀၀၀၀၀ ဝန်းကျင်၊ ဆန်တစ်အိတ်ကို ကျပ် ၂၀၀၀ ဝန်းကျင်မြင့်တက်မှုရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

ယခုနှစ် စပါးရာသီမှာ တောင်သူများ ယခင်နှစ်ထက် ဈေးကောင်းရပြီး ပွင့်လင်းရာသီမှာလည်း အရောင်းသွက်၍ ယခင်ကတည်းက အနည်းစု ထွက်ရှိသော ပေါ်ဆန်းစပါးကို စက်ပိုင်ကုန်သည်များမှ တောင်သူအကြိုက် တောက်လျှောက် အမြင့်ဈေးပေး ဝယ်ယူရပြီး ယခုလက်ရှိအချိန်မှာလည်း ဈေးတန်း မြင့်လျက်ရှိကြောင်း ဆန်စပါး အသိုင်းအဝိုင်းမှ သိရသည်။

**မင်းမင်းဦး(ပုသိမ်)**



# သီတင်းတစ်ပတ်အတွင်း ဆန်တန်ချိန် နှစ်သောင်းခုနစ်ထောင်ကျော်တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇွန် ၁၆ ရက်မှ ၂၂ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၇ သန်း တန်ဖိုးရှိ ဆန် ၂၀၀၆၂ တန်ကျော် တင်ပို့ခဲ့ တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် ၁၉၁၇၉ တန်နဲ့ ကောက်ညှင်းဆန် ၂၅ တန်နီးပါး၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၅၇ တန်နဲ့ ဧည့်မထဆန် တန်ချိန် ၆၀၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှဧည့်မထဆန် ၆၄၁ တန် ကျော်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ် မြန်မာ-တရုတ်နယ်စပ်မှ ဆန်တင်ပို့မှုမှာ ယခင်တစ်ပတ်ထက် ၅၆၇၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ပြီး မြန်မာ- ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ယခုတစ်ပတ်တွင် ဆန်တင်ပို့မှုမရှိကြောင်းသိရပါတယ်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၅၅၇ သန်း တန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၁၇၃၀ နဲ့ လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၃၃သန်း တန်ဖိုးရှိ ဆန်ကွဲ ၁၀၅ တန်ကျော် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ် ဆန်ကွဲတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၂၂ တန် လျော့နည်းခဲ့ကြောင်း သိရပါတယ်။ ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ဝ၁၅သန်း တန်ဖိုးရှိ ဧည့်မထ ဆန်၊ ငစိန်ဆန်နဲ့ ပေါင်းဆန် တန်ချိန် ၇၅၈၀ကျော်ကို အိုင်ဗရီကို့စ်၊ တိုရို၊ ထိုင်ဝမ်၊ အီးယူနိုင်ငံများသို့ တင်ပို့ ခဲ့ကြောင်းသိရပါတယ်။ အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန်၁၀၀၀၊ တိုဂိုနိုင်ငံသို့ တန်ချိန် ၁၀၀၀၊ ထိုင်ဝမ်သို့ ၄၉၂ တန်နဲ့ အီးယူနိုင်ငံများသို့ ၅၀၈၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ၄၉၀၅ တန် ပိုမိုတင်ပို့ခဲ့ကြောင်းသိရပါတယ်။

ယခုတစ်ပတ် ရေကြောင်းမှ ဆန် ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၆၇ သန်းဖိုးနဲ့ တန်ချိန် ၄၉၀၀ ဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံကို ၁၂၅ တန်နဲ့ အီးယူနိုင်ငံများကို၄၇၇၅ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ် တင်ပို့ မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၄၂၆၅တန်လျော့ကျခဲ့ကြောင်းသိရပါတယ်။

ယခုသီတင်းပတ်အတွင်း ဆန်နဲ့ဆန်ကွဲတင်ပို့မှုကိုကြည့်ပါက ဆန်တင်ပို့မှုပိုမိုပြီး ဆန်ကွဲတင်ပို့မှု လျော့ကျခဲ့တာတွေ့ရပါတယ်။

**ယဉ်ယဉ်အေး**

## ဆန်အဝင်လျော့ကျသော်လည်း အဝယ်ပုံမှန်ရှိတဲ့အတွက် ဈေးတက်

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်အဝင်နည်းပြီး အဝယ်ကပုံမှန်ရှိနေတဲ့အတွက် အကြိုက်များတဲ့ဆန်ချော အချို့နဲ့ဆန်ကြမ်းအချို့ဈေးတက်ကြောင်း ဝါးတန်းကုန်စည်ဒိုင်မှသိရပါတယ်။ကုန်စည်ဒိုင်ရဲ့လက်ကားဈေးနှုန်းများမှာ ပုသိမ်၊ မြောင်းမြပေါ်ဆန်း ဆန်ထိပ်စ တစ်အိတ် ကျပ် ၄၆၀၀၀နဲ့ လတ်စတစ်အိတ်ကျပ် ၄၄၀၀၀၊ ကျိုက်လတ် ပေါ်ဆန်း ဆန် ထိပ်စတစ်အိတ်ကျပ် ၃၈၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၆၀၀၀၊ ရွှေဘိုပေါ် ဆန်းဆန် တစ်အိတ်ကျပ် ၅၃၀၀၀ မှ ကျပ် ၅၅၀၀၀၊ ကျားပံ့ပေါ်ဆန်းဆန်(ရှယ်)တစ်အိတ်ကျပ် ၄၂၀၀၀မှ ကျပ် ၄၅၀၀၀ရှိပြီး ယခင်တစ်ပတ် ဈေးအတိုင်း မပြောင်းလဲကြောင်းသိရပါတယ်။ ဝယ်လိုအားများတဲ့ ဖျာပုံပေါ်ဆန်းဆန်ကတော့ ထိပ်စတစ်အိတ်ကျပ် ၄၁၀၀၀နဲ့ လတ်စတစ်အိတ် ကျပ် ၃၈၀၀၀၊ပေါ်ဆန်း(ရှယ်)တစ်အိတ် ကျပ် ၄၀၅၀၀ မှကျပ် ၄၁၀၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၁၀၀၀ မှ ကျပ် ၂၅၀၀အထိ ဈေးတက်ကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ သိရပါတယ်။

ဆန်ကြမ်းဈေးအနေနဲ့မိုးသုခနဲ့ဆန်ကြမ်း(ရှယ်) ဈေးမတက်ဘဲ ဈေးငြိမ်နေပြီး ဧည့်မထ ၂၅ မှတ် တစ်အိတ်ကျပ် ၂၀၅၀၀မှ ကျပ် ၂၁၀၀၀၊ ရက် (၉၀) ဆန်တစ်အိတ် ကျပ် ၂၃၅၀၀ မှ ကျပ် ၂၄၀၀၀၊ သီးထပ်(ရှယ်) တစ်အိတ် ကျပ် ၂၂၈၀၀ မှ ကျပ် ၂၃၅၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၅၀၀ ခန့်ဈေးတက်ကြောင်းသိရပါတယ်။ ဆန်လက်ကျန်နည်းလို့ အဝင်နည်းပြီး အဝယ်က ပုံမှန်ရှိနေတဲ့အတွက် ဆန်ဈေးတက်တာဖြစ်ပါတယ်လို့ ဆန်ဈေးကွက်မှသိရှိရပါတယ်။ **ယဉ်ယဉ်အေး**

# အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၂၉-၆-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၀ | ၃၇၃ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၀ | ၃၇၃ | ▽ | ၄၄၇ | ၄၃၂ | ▽ | ၄၁၀ | ၄၁၀ | □ | ၄၃၇ | ၄၃၅ | ▽ |
| ဆန်ဖြူ ၁၀% | ၃၈၈ | ၃၈၁ | ▽ | ၄၄၂ | ၄၂၇ | ▽ | - | - | - | ၄၃၃ | ၄၃၀ | ▽ |
| ဆန်ဖြူ ၁၅% | ၃၈၅ | ၃၇၉ | ▽ | ၄၃၇ | ၄၂၂ | ▽ | - | - | - | ၄၂၀ | ၄၂၅ | ▽ |
| ဆန်ဖြူ ၂၅% | ၃၇၇ | ၃၇၀ | ▽ | ၄၂၆ | ၄၁၁ | ▽ | ၃၈၀ | ၃၈၀ | □ | ၃၉၀ | ၃၉၂ | △ |
| ပေါင်းဆန် | ၄၂၀ | ၄၁၀ | ▽ | - | - | - | ၃၉၃ | ၃၉၃ | □ | ၄၀၈ | ၄၀၈ | □ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၂၉-၆-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၆၄၅၀ | □ | ၂၂၅၀၀ | □ | ၉၂၀၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၆၀၀၀ | △ | ၂၅၀၀၀ | △ | ၁၀၀၀၀ | □ | ၄၃၀၀၀ | □ |
| ပဲခူး | ၆၄၀၀ | △ | ၂၄၀၀၀ | □ | ၈၄၀၀ | △ | ၃၇၀၀၀ | □ |
| ရွှေဘို | ၅၂၅၅ | □ | ၂၃၅၀၀ | □ | ၁၄၀၀၀ | ▽ | ၄၇၀၀၀ | □ |
| စစ်တွေ | ၅၁၀၀ | △ | ၂၁၅၀၀ | △ | ၇၅၀၀ | △ | ၃၃၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၇၀၀ | △ | ၂၉၀၀၀ | △ | - | - | ၄၈၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၉၀၀ | □ | ၂၁၈၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မန္တလေး | ၆၈၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၇၀၀၀ | □ |
| မကွေး | ၈၀၀၀ | △ | ၂၈၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| မော်လမြိုင် | ၆၇၀၀ | □ | ၂၇၀၀၀ | □ | ၈၇၀၀ | □ | ၄၄၀၀၀ | □ |
| လှိုင်ကော် | ၈၄၃၀ | □ | ၃၈၀၀၀ | □ | - | - | ၅၉၀၀၀ | □ |
| မြိတ် | ၆၃၀၀ | □ | ၂၇၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ဘားအံ | ၅၈၀၀ | □ | ၂၆၅၀၀ | △ | - | - | ၄၇၀၀၀ | △ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၅-၆-၂၀၁၈ မှ ၂၉-၆-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 1210 | 53,806,769.806 |
| 2 | Form D | 84 | 2,446,112.449 |
| 3 | Form E | 80 | 1,694,923.704 |
| 4 | Korea GSP | 8 | 136,439.020 |
| 5 | Form AK | 70 | 5,414,917.890 |
| 6 | Form AJ | 10 | 274,798.200 |
| 7 | Form AI | 117 | 4,595,492.900 |
| 8 | Form AANZ | 7 | 13,914.860 |
| 9 | Form DFTP | | |
| 10 | Form CHINA | 1 | 294,975,000 |
| Grand Total | | 1587 | 68,678,343.829 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၂၉-၆-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၂/၆ | ၂၉/၆ | ပြောင်းလဲမှု | ၂၂/၆ | ၂၉/၆ | ပြောင်းလဲမှု | ၂၂/၆ | ၂၉/၆ | ပြောင်းလဲမှု | ၂၂/၆ | ၂၉/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၄၆ | ၆၉၇ | ▼ | ၈၀၀ | ၇၅၀ | ▼ | ၇၅၀ | ၇၂၅ | ▼ | ၇၆၀ | ၇၁၅ | ▼ |
| ပဲစင်းငုံ | ၈၀၇ | ၇၆၇ | ▼ | ၆၆၇ | ၇၂၅ | ▲ | ၆၇၅ | ၆၂၅ | ▼ | ၇၀၀ | ၇၃၀ | ▲ |
| ပဲတီစိမ်း | ၁၂၈၀ | ၁၂၈၀ | ■ | ၁၈၄၉ | ၂၀၄၄ | ▲ | ၁၆၈၄ | ၁၄၇၃ | ▼ | ၁၆၁၀ | ၁၆၁၀ | ■ |
| ကုလားပဲရိုးရိုး | ၁၅၀၀ | ၁၅၀၀ | ■ | ၁၁၀၉ | ၁၀၆၆ | ▼ | ၁၀၈၄ | ၁၀၅၂ | ▼ | ၁၁၁၀ | ၁၀၅၅ | ▼ |
| ပဲလွန်းဖြူ | ၁၀၁၅ | ၁၀၁၀ | ▲ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၃၆၈ | ၁၃၆၈ | ■ | ၁၀၅၅ | ၁၁၀၅ | ▲ |
| ထောပတ်ပဲ | ၂၂၆၀ | ၂၂၆၀ | ■ | ၂၂၅၈ | ၂၂၂၂ | ▼ | ၁၉၄၇ | ၁၉၄၇ | ■ | ၂၀၀၀ | ၂၀၀၀ | ■ |

✳ မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။


## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၁၆.၆.၁၈)ထိ | ယခုတစ်ပတ် (၂၃.၆.၁၈)ထိ | (၁.၁.၁၈) မှ (၂၃.၆.၁၈) ထိ |
| မတ်ပဲ | ၁၁၀၄၆၀ | ၁၁၉၅၉ | ၁၂၂၄၁၉ |
| ပဲတီစိမ်း | ၆၇၆၁၉ | ၁၄၈၂ | ၆၉၁၂၁ |
| ပဲစင်းငုံ | ၄၁၅၂၃ | ၈၁၂၀ | ၄၉၆၄၃ |
| ကုလားပဲ | ၂၁၇၁၈ | ၉၄၆ | ၂၂၆၆၄ |
| ပဲလွန်းဖြူ | ၁၈၁၃၈ | ၄၈၂ | ၁၈၆၂၀ |
| မြေထောက်ပဲ | ၇၉၉၇ | ၁၃၃ | ၈၁၃၀ |

## ပဲဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးဖြစ်နေတဲ့ ပြည်ဘိုကိတ်ပဲ

ပြည်ပဲဈေးကွက်အတွင်း လက်လီရောင်းဝယ်မှုဖြစ်နေတဲ့ ဘိုကိတ်ပဲသီးနှံဟာ ပဲဝင်ရောက်ခြင်းမရှိတော့ဘဲ လက်ကျန်ပဲများဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိလို့ အိတ် ၂၀- ၃၀ ကျော် ရောင်းဝယ်မှုဖြစ်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာ အတက်အကျမဖြစ်ဘဲ လဆန်းရက်မှ စ၍ ယခုအချိန်ထိ ဈေးငြိမ်ရောင်းဝယ်နေလို့ တစ်တင်း ကျပ် ၁၅၅၀၀သာ ရရှိခဲ့ပါတယ်။ ပဲဈေးကွက်အတွင်း ပဲအားလုံးထက် ဈေးလျော့နေလို့ ဈေးအနိမ့်ဆုံးပဲဖြစ်ခဲ့သလို ယခင်နှစ်က ဇွန်လအတွင်းမှာလည်း တစ်တင်းကျပ် နှစ်သောင်း စွန်းစွန်းသာ ရရှိခဲ့တဲ့အတွက် ဈေးကွက်အတွင်း ဈေးအနိမ့်ဆုံးပဲ ဖြစ်နေတယ်လို့သိရပါတယ်။ ဘိုကိတ်ပဲသီးနှံဟာ ပဲသစ်ပေါ်ချိန်ကာလ၊ အထွက်လှိုင်ချိန်ကာလများတွင်သာ လက်လီ/လက်ကား အရောင်း အဝယ် သွက်ပြီး ကျန်ကာလများတွင် လက်လီသာ နေ့စဉ်ရောင်းဝယ်မှုရှိတဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။ **ခင်ဆွေဝင်း**



## ပြည်ပဲနီပြား လက်လီပဲဈေးကွက်မှာ ဈေးကောင်းရနေ

ဇွန်လလယ်မှစ၍ ပြည်ပဲမျိုးစုံဈေးကွက်သို့ ပဲအဝင်မရှိဘဲ လက်ကျန်ပဲအနည်းငယ်ဖြင့်သာ ပဲနီပြားသီးနှံမှာ လက်လီရောင်းဝယ်မှုအိတ်အနည်းငယ်စီ ရောင်းချမှုဖြစ်ခဲ့တယ်လို့သိရပါတယ်။ ပဲနီပြားသီးနှံမှာ ပဲအထွက်လှိုင်ချိန်ကာလများတွင်သာ လက်လီ၊လက်ကား အရောင်းအဝယ်သွက်ပြီး ကျန်ကာလများမှာ လက်လီသာရောင်းဝယ်မှုဖြစ်တဲ့ပဲဖြစ်ခဲ့ကာ ယခုနှစ်တွင် တစ်နှစ်လုံး ပဲပေါ်ချိန်မှစ၍လက်ကျန်နည်းသွားချိန်ထိ ဈေးအမြင့်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှစ်ဆန်းပိုင်းကဆိုလျှင် တစ်တင်းကျပ်လေးသောင်းအထိ ရရှိခဲ့တာကို တွေ့ရပါတယ်။ ယခုလအတွင်းမှာတော့ ထောပတ်ပဲဈေးကို မမီပေမယ့် အခြားလက်လီပဲများဖြစ်သော ဘိုကိတ်၊ ပဲလွန်းဖြူ စားတော်ပဲသီးနှံများထက် ဈေးပိုနေခဲ့ကြောင်း သိရပါတယ်။ **ခင်ဆွေဝင်း**

## ပခုက္ကူကုန်စည်ဒိုင်၌ ကုလားပဲ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီ (အဟောင်း) တစ်တင်းလျှင် ကျပ် ၁၄၈၀၀ ဖြင့် အိတ် ၁၀၀ခန့် ပဲစင်းငုံနီ (အသစ် )တစ်တင်းလျှင် ကျပ် ၁၁၀၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၁၉၈၀၀ ဖြင့် အိတ် ၁၀၀ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဖြင့် အိတ် ၃၀၀ခန့်၊ ကုလားပဲဖြူ V6 တစ်တင်းလျှင် ကျပ် ၁၉၇၀၀ ဖြင့် အိတ် ၅၀ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၁၉၈၀၀ ဖြင့် အိတ် ၄၀၀ခန့်၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၂၂၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ယခုတစ်ပတ်တွင် ပဲတီစိမ်းကြီးဈေးနှုန်းမှာ တဖြည်းဖြည်း ကျဆင်းလျက်ရှိပြီး ပြည်ပမှဝယ်လိုအား နည်းလာခြင်း၊ ယခင်တစ်ပတ်က တစ်တင်းလျှင် အရည်အသွေးကိုလိုက်၍ ကျပ် ၃၅၀၀၀ ထိရှိခဲ့ရာမှ ယခုတစ်ပတ်တွင် တစ်တင်းလျှင် ကျပ် ၂၄၀၀၀ မှ ၃၁၀၀၀ ဖြင့် အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ စွန်တာနီ (ကျွန်း)တစ်တင်းလျှင် ကျပ် ၂၀၃၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ဒေသထွက်ဖြစ်သော ပဲလွန်းပြာ (ကြက်ပြာ) တစ်တင်းလျှင် ကျပ် ၁၄၅၀၀ ဖြင့် အိတ် ၅၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ပြောင်းဖူးစေ့ (CP)မှာ ပြည်ပမှလည်းအစွဲရှိပြီး ဒေသတွင်းမှလည်း တိရစ္ဆာန်စာအဖြစ်လည်း သုံးစွဲနေကြပြီး တစ်တင်းလျှင် ကျပ် ၁၀၆၀၀ ဈေးဖြင့် အိတ် ၁၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့ပြီး အခြားပဲများမှာလည်း ရက်ခြားအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

## မုံရွာကုန်စည်ဒိုင်မှာ ဖြစ်ပေါ်သောပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်း

ဇွန်လနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မုံရွာကုန်စည်ဒိုင်ရှိပဲမျိုးစုံဈေးကွက်မှာပဲအားလုံး ဈေးများကျဆင်းလျက်ရှိကြောင်း သိရပါတယ်။ ပဲစင်းငုံ၊ မတ်ပဲသီးနှံပေါက်ဈေးနှုန်းများမှာ မတည်ငြိမ်ပဲအကျဈေးနဲ့ အတက်/အကျဖြစ်နေကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲစင်းငုံ တစ်တင်းပေါက်ဈေးနှုန်းမှာ(အဟောင်း) ကျပ် ၁၄၅၀၀၊ (အသစ်) ကျပ် ၁၂၅၀၀ဖြစ်ပြီး အနည်းငယ်ဈေးကျကာ အိတ် ၁၀၀၀ ခန့်၊ မတ်ပဲသီးနှံလည်း ဈေးကျဆင်းကာ တစ်တင်း ကျပ် ၁၄၀၀၀ မှ ၁၄၅၀၀ နှုန်းသာပေါက်လျက်ရှိပြီး အိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းပေါက်ဈေးမှာ တစ်တင်း ကျပ်၂၄၀၀၀ မှ ၂၈၀၀၀ နှုန်းပေါက်လျက်ရှိပြီး ပြည်ပ ဝယ်လက်ရှိ၍ အိတ် ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ကုလားပဲဈေးကွက်မှာလည်း ဈေးများကျဆင်းလျက်ရှိကြောင်း သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ဒေသတွင်းသုံးအနေနဲ့ ကြာဆန်စက်၊ ပဲခွဲစက်တွေကလည်း ပုံမှန်ဝယ်ယူနေတဲ့အတွက် နေ့စဉ်အိတ်၂၀၀၀ ခန့်အရောင်းအဝယ်ကြောင်း သိရပါတယ်။ ယခုတစ်ပတ် ကုလားပဲဖြူလုံးကြီးတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ်၂၀၀၀၀၊ ထိုင်ဝမ်တစ်တင်း ကျပ် ၂၀၃၀၀၊ 929 ကျပ် ၁၉၈၀၀၊ V7 ကျပ် ၁၉၂၀၀ နှုန်းပေါက်ပြီး ယခင်တစ်ပတ်ထက် တစ်တင်းကို ကျပ် ၁၀၀၀ ခန့် ကျဆင်းလျက်ရှိတွေ့ရပါတယ်။ **ကြည်ကြည်နွယ်(မုံရွာ)**

## ပြည်ကုလားပဲဈေးငြိမ်ပေမယ့် ပုံမှန်ရောင်းဝယ်မှုဖြစ်

ယခုတစ်ပတ် ပြည်ပဲဈေးကွက်မှာ အခြားပဲများ ပဲအဝင်ပါးခဲ့ပေမယ့် ကုလားပဲသီးနှံမှာ တစ်ရက်အိတ် ၁၅၀ ကျော်ဝင်ရောက်ခဲ့ပါတယ်။ ပြည်အနီးတစ်ဝိုက်နှင့် မင်းတုန်းဘက်မှဝင်ရောက်ခြင်းဖြစ်ပြီး ပဲလက်ကျန်များ ရှိခဲ့တာကြောင့် ဝယ်လိုအားရှိသလောက် ရောင်းချမှုရှိခဲ့ပါတယ်။ ပဲခွဲစက်သမားများ အဓိကထားဝယ်ယူကြကာ တစ်ရက်အိတ် ၃၀၀ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၁၅၀၀ ဖြင့် လဆန်းရက်ကဈေးအတိုင်း ဈေးဆက်ငြိမ်လျက်ရှိခဲ့ပါတယ်။ ဒါကြောင့် မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက် ဈေးပိုခဲ့သော်လည်း ပဲကြီးသီးနှံထက်တော့ ဈေးလျော့နေသလို လက်လီပဲဈေးကွက်ရဲ့ ပဲအချို့ထက်လည်း ဈေးလျော့နည်းနေကြောင်းသိရပါတယ်။ **ခင်ဆွေဝင်း**

## ပြည်စားတော်ပဲ ယခင်နှစ်ကဈေးကို မမီသော်လည်း ဈေးကောင်းရနေ

ယခုတစ်ပတ် လက်လီပဲဈေးကွက်မှာ နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိနေတဲ့ စားတော်ပဲသီးနှံဟာ တစ်တင်းကျပ် ၃၄၀၀၀ ဖြင့် အရောင်း အဝယ်ဖြစ်နေတဲ့အတွက် လလယ်က ဈေးထက်တစ်တင်းကျပ် တစ်ထောင်ခန့် လျော့နည်းသွားခဲ့တယ်လို့ သိရပါတယ်။ သို့သော်လည်း နေ့စဉ် လက်လီအဝယ်ရှိလို့ အိတ်အနည်းငယ် ရောင်းချမှုရှိခဲ့ပါတယ်။ စားတော်ပဲသီးနှံဟာ ယခင်နှစ်ကဆိုလျှင် ဇွန်လအတွင်း တစ်တင်းကျပ် လေးသောင်းအထက် ရရှိလို့ ပဲဈေးကွက်အတွင်းမှာ ပြည်တွင်းဝယ်လက်ပဲများထက်ရော ဒေသတွင်း လက်လီလက်ကား အရောင်းအဝယ်သွက်တဲ့ ပဲများထက်ပါ ဈေးပိုရနေကြောင်း သိရပါတယ်။ ဒါကြောင့် ဈေးကွက်မှာ ဈေးအမြင့်ဆုံးရတဲ့ပဲဖြစ်ခဲ့ပါတယ်။ **ခင်ဆွေဝင်း**

## ရေစကြိုကုန်စည်ဒိုင်တွင် ပြောင်းဖူးစေ့(CP) ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိ

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန်(မြောင်)မှာဈေးငြိမ်လျက်ရှိပြီး တစ်ပိဿာလျှင် ကျပ် ၂၃၀၀မှ ၂၃၅၀၊ မြေပဲဆန်(ကျွန်း)မှာ တစ်ပိဿာလျှင် ၂၁၀၀ မှ ၂၂၀၀ဈေးဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခုတစ်ပတ်တွင် ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၇၀၀၀ ဈေးရှိခဲ့ပြီး အရောင်းအဝယ်အားဖြင့် အနည်းငယ်သာရှိခဲ့ပါတယ်။

ရေစကြိုဒေသထွက်ဖြစ်သည့် မတ်ပဲဈေးသည် ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျခဲ့ပြီး ယခု တစ်ပတ်တွင် မတ်ပဲဈေးမှာအရည်သွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၁၃၀၀၀ မှ ၁၄၀၀၀ ဈေးရှိပြီး အရောင်းအဝယ်အနေဖြင့် အနည်းငယ်သာ ဖြစ်ခဲ့ပါတယ်။ စွန်တာနီ တစ်တင်းလျှင် ကျပ် ၁၉၅၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၂၀၀၀ ၊ အညာဒေသထွက်ဖြစ်သော ပဲနီပြားမှာ တစ်တင်းလျှင် ကျပ် ၂၉၀၀၀ မှ ၃၀၀၀၀ ဖြစ်ပြီး၊ ပဲတီစိမ်းကြီးမှာ တစ်တင်းလျှင် ကျပ် ၂၅၀၀၀ မှ ၃၁၀၀၀ ဈေးဖြင့် အိတ် ၃၀၀ ခန့် ၊ ကုလားပဲဝါ HL တစ်တင်းလျှင် ကျပ် ၁၉၅၀၀ ဖြင့် ၅၀ ခန့် ၊ကုလားပဲဖြူ V2တစ်တင်းလျှင် ကျပ် ၁၉၅၀၀ ဈေးဖြင့် အိတ် ၅၀ ခန့် ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၁၉၅၀၀ ဈေးဖြင့် အိတ် ၅၀ ခန့်၊ ပြောင်းဖူးစေ့ (CP) ဈေးမှာလည်း အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၁၀၆၀၀ ဖြင့် အိတ် ၃၀၀၀ ခန့်နှင့် နှမ်းဖြူသန့်မှာ အရည်အသွေးကိုလိုက်၍ တစ်တင်းလျှင် ကျပ် ၄၀၀၀၀ မှ ၄၃၀၀၀ ဖြင့် အိတ် ၄၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၈.၆.၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| မြန်မာနိုင်ဂရုပ်ဆိပ်ကမ်း | - MT AU VIRGO | P'Oil(In Bulk) ၄၃၀၀ကုန်ချရန် |
| ထီတန်းဆီဆိပ်ကမ်း | - MT CHAO ANOMA | P'Oil(In Bulk) ၄၃၀၀ကုန်ချရန် |
| ထီးတန်းဆိပ်ကမ်း(၁) | - CAPE FLORES | ကုန်သေတ္တာ၄၈၀ကုန်တင်ရန် |
| အလုံဆိပ်ကမ်း(၂) | - SANTOSA STAR | ကုန်သေတ္တာ၃၅၀တင်၄၈၇ချရန် |
| အလုံဆိပ်ကမ်း(၃) | - CAPE FLORES | Sea Bass ၂၃၄ ကုန်ချရန် |
| စက်မှုဆိပ်ကမ်း(၃) | - MCC MERGUI | ကုန်သေတ္တာ၅၈၈ကုန်တင်၄၂၇ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၁) | - STOVE TIDE | ဆန်၃၀၀၀၀ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၃) | - U THAR | ဓာတ်မြေသြဇာအိတ်၁၂၀၀၀ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၄) | - MAAN AUNG | ဓာတ်မြေသြဇာအိတ်၇၆၃၇ကုန်ချရန် |
| ဆူးလေဆိပ်ကမ်း(၅) | - MJ BULKER | ဆန်၂၂၄၀၀ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း(၇) | - DYNAMIC OCEAN-02 | ဓာတ်မြေသြဇာအိတ်၆၀၀၀ကုန်ချရန် |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၁) | - KYAUK PHYU | ဓာတ်မြေသြဇာအိတ်၇၀၆၂ကုန်ချရန် |
| Myanmar Integrated Port Ltd | - JUN BENEFIT | Steel ၂၈၇၆၅တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၁) | -SOUL OF LUCK | ကုန်သေတ္တာ၃၆၅ ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း(၂) | -ANDA RAYA | Steel Product ၂၉၇၉၁ကုန်ချရန |
| သီလဝါဆိပ်ကမ်း(၃) | -RATANA THIDA | ကုန်သေတ္တာ၄၇၀ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း(၄) | -MONTOK | ဓာတ်မြေသြဇာအိတ် ၉၈၃၉ ကုန်ချရန် |
| သီလဝါဆိပ်ကမ်း(၅) | - DU JUAN SONG | Steel ၈၁၅ကုန်တင်၆၉၅၈ကုန်ချရန် |
| MMTM JETTY | - MT.OCEAN VICTORY | Diesel ၂၃၁၄၃ကုန်ချရန် |
| Green AsiaJETTY | - MT.OCEAN VICTORY | Diesel ၁၂၀၅၇ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KAVO AETOS | Steel&4 Units<br>Excavator ၂၆၁၅၂တန်ကုန်ချရန် | CHINA | ၂၉.၆.၂၀၁၈ |
| TOXOTIS | Steel ၂၅၂၈၂ တန်ကုန်ချရန် | CHINA | ၃၀.၆.၂၀၁၈ |
| THIN GAZAR | သကြား (၂၇၃၂)တန်ကုန်ချရန် | THAI | ၃၀.၆.၂၀၁၈ |
| BANG SAKAO | သကြား (၄၇၀၀)တန်ကုန်ချရန် | THAI | ၃၀.၆.၂၀၁၈ |
| LAKAS | Steel&G/C ၄၄၃၄တန်ကုန်ချရန် | JAPAN | ၃၀.၆.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၆.၂၀၁ |
| SINAR BITAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၆.၂၀၁၈ |
| EVER ABLE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၈.၆.၂၀၁၈ |
| DAWEI | MALAYSIA | ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၂၈.၆.၂၀၁၈ |
| SINAR BITAN | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၂၉.၆.၂၀၁၈ |
| AS FINJA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၇.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂.၇.၂၀၁၈ |
| AREZOO | MALAYSIA | သီလဝါဆိပ်ကမ်း | ၄.၇.၂၀၁၈ |
| KOTA HADIAH | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၇.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၇.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၇.၇.၂၀၁၈ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၇.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN WINTER | ဒီဇယ်ဆီ | - | ၂၇.၆.၂၀၁၈ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | - | ၂၈.၆.၂၀၁၈ |
| MT.FLY MARLIN | ဒီဇယ်ဆီ | SINGAPORE | ၂၉.၆.၂၀၁၈ |
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၂၉.၆.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၂၉.၆.၂၀၁၈ |
| MT.GRADE DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၂၉.၆.၂၀၁၈ |
| MT.PENYUAN | P'Oil(In Bulk) | INDONESIA | ၁.၇.၂၀၁၈ |
| MT.OCEAN SPRING | ဒီဇယ်ဆီ | SINGAPOR | ၁.၇.၂၀၁၈ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၃.၇.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၄.၇.၂၀၁၈ |
| MT.ORCA PACIFIC | ဒီဇယ်ဆီ | SINGAPORE | ၅.၇.၂၀၁၈ |
| MT.ATALANTA | ဒီဇယ်ဆီ | SINGAPORE | ၆.၇.၂၀၁၈ |
| MT.VIET STAR | P'Oil(In Bulk) | INDONESIA | ၉.၇.၂၀၁၈ |
| MT.CHAO ANOMA | P'Oil(In Bulk) | INDONESIA | ၁၀.၇.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၁၄.၇.၂၀၁၈ |

# ဝင်ငွေခွန်တစ်ပြေးညီဖြစ်ရေး ဆောင်ရွက်သင့်သောအာဆီယံ

**သိန်းမြင့်ဝေ**

အာဆီယံစီးပွားရေးအသိုက်အဝန်း (Asean Economic Community-AEC) ကို အကောင်အထည်ဖော်ခြင်းသည် အရှေ့တောင်အာရှဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှု အစီအစဉ်အတွက် သိသာထင်ရှားသော မှတ်တိုင်တစ်ခုဖြစ်ပါသည်။ AEC ၏ အဓိကရည်ရွယ်ချက်မှာ တစ်ခုတည်းသော ဒေသဆိုင်ရာဈေးကွက်ကို ထူထောင်ရန်နှင့်ထုတ်လုပ်မှုကို အခြေခံသောဒေသအဖြစ် ဖန်တီးရန်ဖြစ်သည်။ ထိုကဲ့သို့ ထူထောင်ဖန်တီးရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ကုန်စည်၊ ဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အရင်းအနှီးနှင့် ကျွမ်းကျင်လုပ်သားတို့ကို ပိုမို လွတ်လပ်သော စီးဆင်းခွင့်ပြုသွားမည် ဖြစ်ပါသည်။

AEC ထူထောင်ခြင်းနှင့်အတူ နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုလုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူအောင် ဆောင်ရွက်ခြင်းအားဖြင့် ကုန်သွယ်မှုစရိတ်များ (Trade Costs) ကျဆင်းလျက်ရှိသည်။ ထို့ပြင် အကောက်ခွန်လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ခြင်းနှင့် နည်းပညာဆိုင်ရာ သတ်မှတ်ချက်များ တစ်ပြေးညီဖြစ်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဤအချက်များသည် AEC၏ ရလဒ်ကောင်းများဖြစ်ပါသည်။ အာဆီယံစီးပွားရေးပေါင်းစည်းမှု၏ နောက်ထပ်တစ်ဆင့်ကို ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဆက်လက်အကောင်အထည်ဖော်နေသည်။ ၂၀၂၅ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်း အသေးစိတ်စီမံချက် (AEC Blueprint 2025) ကို အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား အခွန်စည်းကြပ်ရေးကို ပိုမိုပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ ထိုကဲ့သို့ အခွန်ကိစ္စရပ်ပိုင်းတွင် ပူးပေါင်းခြင်းအားဖြင့် အရှေ့တောင်အာရှဒေသ၏ ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness)ကို မြှင့်တင်သွားမည်ဖြစ်ပါသည်။

ထို့ကြောင့် အပြန်အလှန်အခွန်သဘောတူညီချက်များကွန်ရက် (Network of bilateral tax agreements)ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်မည်ဖြစ်သည်။ ထို့ပြင် ဝင်ငွေခွန်ပုံသဏ္ဌာန်များ (Withholding tax structures) ကိုလည်း ပိုမိုကောင်းမွန်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် အာဆီယံငွေကြေးစာချုပ်ထုတ်ဝေမှု (Asean debt issuance) တွင် ပိုမိုရင်းနှီးမြှုပ်နှံလာခြင်း၊ အခွန်ရှောင်ကွင်းမှု နည်းလမ်းများ (Base Erosion and Profit shifting-BEPS) ကို ရှာဖွေဖော်ထုတ်နိုင်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အခွန်ပေးဆောင်သူများ၏ ထောက်ခံချက်နံပါတ် (Global Taxpayers' identification number)ကို စုံစမ်းစစ်ဆေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

AEC Blueprint တွင် မပါဝင်သောအချက်မှာ ဝင်ငွေခွန်တစ်ပြေးညီဖြစ်ရေး (Income tax harmorization) ဖြစ်သည်။ အခွန်တစ်ပြေးညီဖြစ်ရေးလုပ်ဆောင်ရာတွင် အာဆီယံဒေသတစ်ဝန်းအခွန်စည်းကမ်းနှင့် နှုန်းထားများ (Tax rules and rates) ပိုမိုညီညာအောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ပြင် တစ်ပြေးညီအခွန်စည်းကြပ်ခြင်းက နိုင်ငံများကြား မမျှတသော ပြိုင်ဆိုင်မှုကို ကာကွယ်ပေးနိုင်သည်။ သို့သော်လည်း အာဆီယံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့် မတူညီသော နိုင်ငံများဖြင့် ဖွဲ့စည်းထားသည့် မတူကွဲပြားသည့် အုပ်စု (Diverse group) ဖြစ်ပါသည်။ ထို့ကြောင့် အာဆီယံနိုင်ငံများကြား အခွန်ပုံစံတစ်ပြေးညီဖြစ်ရေးလုပ်ဆောင်ချက်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပါမည်လောဟု မေးခွန်းထုတ်စရာရှိပါသည်။အာဆီယံအတွက် စိန်ခေါ်မှုဖြစ်နေပါသည်။

သို့သော်လည်း အခွန်တစ်ပြေးညီဖြစ်ရေးကိစ္စသည် အာဆီယံသာ ရင်ဆိုင်ရသော စိန်ခေါ်မှုမဟုတ်ပေ။ ဥရောပသမဂ္ဂ (European Union-EU)လည်း ရင်ဆိုင်ဖြတ်သန်းခဲ့ရသော စိန်ခေါ်မှုဖြစ်သည်။ ဥရောပသမဂ္ဂတွင် အမြတ်ခွန်အခြေခံ သို့မဟုတ် ဝင်ငွေခွန်အခြေခံ (Corporate tax base) ကို တစ်ပြေးညီဖြစ်အောင် ဆောင်ရွက်ခဲ့စဉ်က အခက်အခဲများစွာကို ရင်ဆိုင်ဖြေရှင်းခဲ့ရသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် တစ်ခုတည်းသော ဈေးကွက်အတွင်း (ဥရောပသမဂ္ဂဈေးကွက်အတွင်း) ပြိုင်ဆိုင်မှုကို ထိခိုက်စေကြောင်း ဝေဖန်ကန့်ကွက်မှုများကိုလည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သို့သော်လည်း အခွန်တစ်ပြေးညီပြုလုပ်ခြင်း၏ ကောင်းကျိုးများရှိကြောင်းကိုလည်း တွေ့ရပါသည်။ အခွန်တစ်ပြေးညီပြုလုပ်ခြင်း၏ ပထမကောင်းကျိုးမှာ အခွန်ထမ်းဆောင်ရသောစရိတ်များ (Tax Compliance Costs) ကျဆင်းစေခြင်းဖြစ်သည်။ ဒုတိယကောင်းကျိုးမှာ အခွန်ကောက်ခံမှုစည်းကမ်းချက်အမျိုးမျိုး (Different taxation rules)ကို ပိုမိုနားလည်လွယ်ခြင်းဖြစ်သည်။ တတိယကောင်းကျိုးမှာ နယ်စပ်ဖြတ်ကျော် စီးပွားရေးလုပ်ငန်းတိုးတက်မှုအတွက် မရည်ရွယ်ဘဲဖြစ်ပေါ်နေသော အခွန်အဟန့်အတားများ (Unintended tax obstacles) ဖယ်ရှားနိုင်ခြင်းဖြစ်သည်။

**အလယ်အလတ်လမ်းစဉ်**

အရှေ့တောင်အာရှဒေသအတွက် အလယ်အလတ်လမ်းစဉ် (Middle-ground appreach) ကျင့်သုံးပါက အကျိုးရှိနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အရှေ့တောင်အာရှတွင် ဝင်ငွေခွန်ပေါ်လစီအမျိုးမျိုးရှိနေသော်လည်း နယ်စပ်ဖြတ်ကျော်စီးပွားရေးလုပ်ငန်းကို ပိတ်ပင်ဟန့်တားခြင်းမျိုး မရှိသောကြောင့်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကလည်း အာဆီယံကို တစ်ခုတည်းသောဈေးကွက်ကြီးအဖြစ် ဖန်တီးရန် တိုက်တွန်းနေသောကြောင့်ဖြစ်ပါသည်။

ပထမဆုံးအနေဖြင့် အခွန်စည်းကြပ်မှုလုပ်ငန်းအဖွဲ့ဆိုင်ရာအာဆီယံဖိုရမ် (Asean Forum on Taxation Working group) တွင်ရှိသော မဟာဗျူဟာစီမံချက် (Strategic action plan)ကိုစတင်အကောင်အထည်ဖော်ရန်ဖြစ်သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများကြား ဝင်ငွေခွန်နှုန်းထားများ တစ်ပြေးညီဖြစ်ရေးကို စတင်လုပ်ဆောင်ရန်ဖြစ်သည်။ ထို့နောက်အရှေ့တောင်အာရှဒေသအတွင်း သတင်းအချက်အလက် အပြန်အလှန်ဖလှယ်ခြင်း၊ အခွန်မူဝါဒနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများပို့ချခြင်းတို့ကို လုပ်ဆောင်ရန်ဖြစ်သည်။ ဤအချက်များသည် မျှော်မှန်းထားသော ဦးတည်ချက်အတွက် ကောင်းမွန်သော ခြေလှမ်းများဖြစ်သည်။ ထို့ပြင် ဤအချက်များသည် အာရှအခွန်စီမံခန့်ခွဲရေးနှင့် သုတေသနဆိုင်ရာ လေ့လာရေးအဖွဲ့က ဆောင်ရွက်နေသော လုပ်ဆောင်ချက်များနှင့်လည်း ကိုက်ညီမှုရှိပါသည်။ အဆိုပါလေ့လာရေးအဖွဲ့ (Study Group) တွင် အာဆီယံနိုင်ငံအများစုက အဖွဲ့ဝင်ဖြစ်ပြီး စင်ကာပူနိုင်ငံက ဦးဆောင်နိုင်ငံဖြစ်ပါသည်။

ဝင်ငွေခွန်နှုန်းထားများ တစ်ပြေးညီဖြစ်ရေးအပြင် အခွန်ဝေါဟာရနှင့်သဘောတရားများ (Tax terms and concepts) ကို တစ်သမတ်တည်း အဓိပ္ပာယ်ပြန်ဆိုပြီး နိုင်ငံအားလုံးက လက်ခံကျင့်သုံးရေးကိုလည်း ဆောင်ရွက်ရပါမည်။ ထို့ပြင် အခွန်စီမံခန့်ခွဲမှုအတွက် ဘုံသတ်မှတ်ချက်များ (Common standards) ကိုလည်း အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်မှသာလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို အားပေးဆွဲဆောင်ရာ ရောက်ပါမည်။ အခွန်ကောက်ခံမှုပုံစံ တစ်ပြေးညီမဖြစ်ခြင်း သို့မဟုတ် အခွန်ကောက်ခံမှုပုံစံ မညီညာဘဲ တစ်သမတ်တည်း မဖြစ်ခြင်း (Lock of consistency)က နှစ်ထပ်ကွမ်းအခွန်စည်းကြပ်ခြင်း (Double taxation) ကို ဖြစ်စေနိုင်ပါသည်။ ထို့ပြင် အာဆီယံနိုင်ငံအချင်းချင်း၌ပင်ငွားရမ်းခ(Royalty payment)နှင့်ဝင်ငွေခွန်(Withholding tax)ပေးဆောင်မှုတို့နှင့်ပတ်သက်ပြီးအမြင်အမျိုးမျိုးကွဲပြားနေနိုင်သည်။ အခွန်ကောက်ခံမှုတစ်သမတ်တည်းဖြစ်ခြင်း သို့မဟုတ် အခွန်ကောက်ခံရာတွင် ရှေ့နောက်ညီညွတ်မှုရှိခြင်း (Consistency) သည် ပုံသေစီးပွားရေးလုပ်ငန်းနေရာ (Permanent establishment) လျှောက်ထားသည့် စည်းကမ်းချက်များအတွက်လည်း လိုအပ်ပါသည်။ ပုံသေစီးပွားရေး လုပ်ငန်းနေရာ (PE) ဆိုသည်မှာ သက်ဆိုင်ရာတရားစီရင်ပိုင်ခွင့်နယ်မြေအတွင်း ဝင်ငွေရရှိနေသော သို့မဟုတ်ထပ်ဆင့် တိုးတန်ဖိုးခွန် (Value-added tax) ပေးရန်တာဝန်ရှိသော စီးပွားရေးလုပ်ငန်းတစ်ခု၏ အမြဲတမ်းတည်ရှိနေသောနေရာကို ဆိုလိုသည်။ **စာမျက်နှာ ၂၄ သို့**

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးကွက်အတွင်း ပွဲရုံလက်ကားဈေး အနည်းငယ်ကျဆင်းလျက်ရှိ

ယခုတစ်ပတ်တွင် ပြည်ဈေးကွက်အတွင်း ပွဲရုံများ၌ လက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၁၀၀ ခန့် ကျဆင်းသွားကြောင်းသိရပါတယ်။ ရေနံချောင်း၊ ဆိပ်ဖြူ ၊ ပခုက္ကူဘက်မှ ကြက်သွန်နီများ ဝင်ရောက်မှုရှိသော်လည်း ပုံမှန်ဝင်ရောက်မှုထက် အဝင်နည်းနေတာ တွေ့ရပါတယ်။

ယခင် ပိဿာ ၃၀ ဝင်အိတ် ၄၀၀ ခန့် အဝင်ရှိနေရာမှ ယခင်တစ်ပတ် ပစ္စည်းလက်ကျန်များနေသည့်အတွက် မှာယူရောင်းချမှုနည်းခြင်းဖြစ်ပြီး အိတ် ၂၀၀ ဝန်းကျင်ခန့်သာ ယခုတစ်ပတ်အတွင်း ဝင်ရောက်မှုရှိတော့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ဈေးကွက်အတွင်း သကြၤန်ကာလမှစ၍ ကုန်ပစ္စည်းဆက်တိုက်များပြားနေပြီး ဈေးနှုန်းလည်း ချိုသာနေသဖြင့် စားသုံးသူများမှ ဝယ်ယူစုဆောင်းထားရှိပြီးဖြစ်သည့်အတွက် အရောင်းအဝယ်မှာ အတော်လေးအေးနေတာဖြစ်ကြောင်းလည်းသိရပါတယ်။

ဈေးနှုန်းအနေနဲ့ပွဲရုံများတွင် လက်ကားတစ်ပိဿာကို အရည်အသွေးပေါ်မူတည်၍ ကျပ် ၆၀၀၊ ကျပ် ၅၅၀၊ ကျပ် ၅၃၀၊ ကျပ် ၅၀၀၊ ၄၇၅ ကျပ် စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေးများတွင် (ကြီး) ကျပ် ၇၀၀၊ (လတ်) ကျပ် ၈၀၀၊ (သေး) ကျပ် ၆၀၀-၆၅၀ နှုန်းတို့ဖြင့် အရောင်းအဝယ်ပြုလုပ်လျက်ရှိကာ ယခင်တစ်ပတ် လက်ကားဈေးနှုန်းများဖြစ်သော ၅၂၅ကျပ်၊ ကျပ် ၅၅၀၊ ကျပ် ၆၀၀၊ ကျပ် ၆၅၀၊ ၆၇၅ ကျပ် နှုန်းတို့ဖြင့်နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းသွားပြီး လက်လီဈေးနှုန်းမှာ မပြောင်းလဲဘဲ ဈေးငြိမ်အရောင်းအဝယ်ဖြစ်နေတာတွေ့ရပါတယ်။

**ဝင်းလှဲ့ဝါ( ပြည် )**



## တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံသို့ ကြက်သွန်နီတင်ပို့

ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၃၇ သန်း တန်ဖိုးရှိကြက်သွန်နီ ၁၁၄၅ တန်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၆၂၂ တန်နဲ့နှိုင်းယှဉ်ပါက ၄၇၇ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိတာချီလိတ်နဲ့မြဝတီမှ အမေရိကန်ဒေါ်လာ ၄၃၄၆၅ တန်ဖိုးရှိကြက်သွန်နီ ၁၄၃ တန်ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ တာချီလိတ်မှတန် ၁၀၀နဲ့ မြဝတီမှ ၄၃ တန်ဖြစ်ပါတယ်။ **မော်မော်အောင်**

## မန်ကျည်း

# စင်ကာပူနိုင်ငံသို့ မန်ကျည်းတန်ချိန် ၁၀၀ကျော်တင်ပို့

ဇွန်လ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၁၁၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ မန်ကျည်း၁၇၆ တန်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၆၀ ကျော်တင်ပို့မှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတစ်တန်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၄၀၀-၄၁၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၇၃၅၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇွန် ၁၆ ရက်မှ ၂၂ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၂၇ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၁၄၄၄ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၂၇၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၆ တန်ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်တွင် အမေရိကန်ဒေါ်လာ သုည ဒသမ ၅၉ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း ၇၃ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၉ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ အေးခဲကဏန်းပျော့၊ ပုစွန်၊ သဲကဏန်း၊ ငါးခြောက်၊ ရေဘဝဲ ၉၂၉ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈၈ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ အခြားရေထွက်ပစ္စည်း၊ ရေဘဝဲ၊ ကဏန်း၊ ပင်လယ်ငါးရှဉ့် ၄၄၂ တန်တင်ပို့ ခဲ့တယ်လို့ သိရပါတယ်။ **မျိုးဇော်**

## တရုတ်နိုင်ငံသို့ ပရဆေးကုန်ကြမ်းတန်ချိန်လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၆၇၁ သန်းတန်ဖိုးရှိ ပရဆေးကုန်ကြမ်းအမယ် ၂၃ မျိုးကို တန်ချိန်အားဖြင့် ၁၅၈၁ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၉၉၉ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ၄၁၈ တန် လျော့နည်းခဲ့ပါတယ်။ တင်ပို့မှုတန်ချိန်လျော့နည်းခဲ့ပေမယ့် ယခုတစ်ပတ်ပရဆေး ကုန်ကြမ်းအမယ် ၂၃ မျိုး တင်ပို့နိုင်ခဲ့တာတွေ့ရပါတယ်။

တင်ပို့ခဲ့တဲ့ပရဆေးအမယ်တွေကတော့ ကြောင်လျှာစေ့၊ ခပေါင်းစေ့၊ နေလဲစေ့၊ မိကျောင်းကွမ်းဖတ်စေ့၊ နာနတ်လျှော်၊ နနွင်းတက်၊ တောချင်း၊ ချင်းစို၊ ချင်းခြောက်၊ ဖန်းခါးသီးခြောက်၊ ဆီးသီးခြောက်၊ ဆီးဆန်၊ ဆီးခွဲခြမ်း၊ တောဂျူးမြစ်၊ ဒရင်ကောက်မြစ်၊ ကွမ်းသီး၊ ကွမ်းသီးခွံ၊ ကွမ်းစားဂမုန်း၊ တောင်လုံးကျော်၊ ပီလောပီနံမှုန့်၊ ပျားရည်၊ ဝဥ(အစို)နဲ့ ချဉ်ပေါင်ဖာလာတို့ဖြစ်ပါတယ်။

အဆိုပါသီတင်းပတ်အတွင်း မြန်မာ-အိန္ဒိယ နယ်စပ်ရှိ တမူးနဲ့ရိဒ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၁ သန်းတန်ဖိုးရှိ တောင်လုံးကျော်သုံးတန်ကျော်ကို မြန်မာနိုင်ငံသို့တင်သွင်းလာခဲ့ပါတယ်။

**မော်မော်အောင်**

## ချင်း

# ရေလမ်းမှ ချင်းတင်ပို့မှုတဖြည်းဖြည်းလျော့လာ

ဇွန်လ ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း ချင်း ၅၄ တန်ကို ရေလမ်းခရီးမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုသာတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ချင်းတန်ချိန် ၃၅၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ရင် တင်ပို့မှုတော်တော်လေး လျော့နည်းနေတာတွေ့ရပါတယ်။ မေလ ဒုတိယသီတင်းပတ်မှစပြီး ပို့အားကောင်းခဲ့တဲ့ချင်းက ပြီးခဲ့တဲ့တစ်ပတ်မှစပြီး တဖြည်းဖြည်းပို့အားလျော့ခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ချင်းတင်ပို့မှုမှအမေရိကန်ဒေါ်လာ၁၀၈၀၀ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း(DOT)**

## တရုတ်နိုင်ငံနဲ့ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချင်းတင်ပို့

ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၄၃၂၀ တန်ဖိုးရှိ ချင်းခြောက် ၃၂ တန်နဲ့ အမေရိကန်ဒေါ်လာ ၃၇၆၆ တန်ဖိုးရှိ ချင်းစို ၁၅ တန်ခွဲ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန် စည်ဒိုင်မှာ ချင်းခြောက်တစ်တန်လျှင် မိမိဖက်ပေါက်ဈေးကျပ် ၁၀၄၂၇၂၀ ခန့်ရှိပြီး ချင်းစိုတစ်တန်လျှင် ကျပ် ၃၃၃၃၉၀ ဝန်းကျင်ဈေးရှိတယ်လို့သိရပါတယ်။

အလားတူ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေနဲ့မောင်တောမှလည်း အမေရိကန်ဒေါ်လာ ၉၃၇၅ တန်ဖိုးရှိ ချင်းစို ၃၆ တန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ စစ်တွေမှသုံးတန်နဲ့ မောင်တောမှ ၃၃ တန်ဖြစ်ပါတယ်။ စစ်တွေမှာချင်းစိုတစ်တန်လျှင် ကျပ် ၁၀၂၉၁၉၀ ဈေးရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၁၀၃၁၆၂၀ ဈေးရှိခဲ့ပါတယ်။ **မော်မော်အောင်**

## နနွင်း

# ပင်လယ်ရေကြောင်းမှ နနွင်းတန်ချိန် ၂၄၀တင်ပို့

ဇွန်လ ၁၇ ရက်မှ ၂၃ ရက် အထိ သီတင်းပတ်အတွင်း နနွင်း တန်ချိန် ၂၄၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁၀၀ နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၁၄၀ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပါတယ်။

ယခင်သီတင်းပတ်ကတင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၁၆၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၈၀ ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှ အမေရိကန် ဒေါ်လာ ၉၀၀-၁၀၀၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် နနွင်းတင်ပို့မှုမှ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၁၈၂၀၀ ဝင်ငွေ ရရှိခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**

## တရုတ်နိုင်ငံသို့ ပျားရည်ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၇၅၀ တန်ဖိုးရှိ ပျားရည် ၃၂ တန်ခွဲကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၅ တန်နဲ့နှိုင်းယှဉ်ပါက ၁၇တန်ခွဲပိုမိုတင်ပို့ခဲ့ပါတယ်။

မြန်မာနိုင်ငံတွင် ခေတ်မီပျားမွေးမြူရေးလုပ်ငန်းကို ၁၉၇၉ ခုနှစ်မှာ စတင်ခဲ့ပြီး ပျားမွေးမြူရေး အသိပညာပေးသင်တန်းများ သင်ကြားပို့ချခြင်း၊ ပုဂ္ဂလိက ပျားမွေးမြူရေးကဏ္ဍမြင့်မားလာရန် ဆောင်ရွက်ပေးခြင်း၊ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးတွင် သီးနှံအထွက်တိုးစေရန် ပျားနဲ့ဝတ်မှုန်ကူးပေးခြင်းများဆောင်ရွက်ပေးကြတယ်လို့ သိရပါတယ်။ **မော်မော်အောင်**

## မူဆယ်မှ ဝဥ(အစို) တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်းတန်ဖိုးရှိဝဥ(အစို) ၁၅ တန်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပါတယ်။

ဝဥကို ပူပြင်းခြောက်သွေ့တဲ့ဒေသများမှာလွဲပြီး စိုက်ပျိုးအောင်မြင်ကြောင်း၊ ဝဥပင်မှာ လူတစ်ရပ်ခန့်ရှိပြီး ပန်းရောင်၊ အဖြူရောင်နဲ့ အဝါရောင် သုံးမျိုးရှိပေမယ့် ပန်းရောင်ကတော့ ပြည်ပဈေးကွက်အကောင်းဆုံးဖြစ်ကြောင်း သိရပါတယ်။ **မော်မော်အောင်**

# ဈေးကွက်သစ်ရှာဖွေဖို့ တိုက်တွန်းအားပေးသင့်သော

# ကြက်သွန်နီ



ခင်လေးယု

နေ့စဉ်နေ့တိုင်း လူတွေဟာ စားသောက်ဖွယ်ရာများကို အမျိုးမျိုး ချက်ပြုတ်ပြင်ဆင်ကြရပါတယ်။တစ်နေ့ တစ်မျိုး မရိုးရလေအောင် အမျိုးမျိုးပြင်ဆင်ချက်ပြုတ်ပေမယ့်လည်း အခြေခံ စားဖိုဆောင်သီးနှံများကတော့ နေ့စဉ်ပါမြဲပင် ဖြစ်ပါတယ်။ ယင်းအခြေခံ စားဖိုဆောင်သီးနှံများထဲတွင်မှ ကြက်သွန်နီသီးနှံဟာ မပါမဖြစ် စားဖိုဆောင် သီးနှံတစ်မယ်ဖြစ်ပြီး လူသုံးများတဲ့ ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဆိုလည်း မမှားပါဘူး။

**ကြက်သွန်နီ ဘယ်ကစ**

ကြက်သွန်နီ ဘယ်ကစတယ်ဆိုတဲ့အကြောင်းနဲ့ပတ်သက်ပြီး ပညာရှင်များရဲ့ အမျိုးမျိုးအထွေထွေ ရေးသားမှုများကို တွေ့နိုင်ပါတယ်။ သေချာစွာတူညီတဲ့ အချက်ကတော့ သူ့ရဲ့သမိုင်းအစကို ဘယ်သူကမှ တိကျစွာ ဖော်ပြနိုင်ခြင်းမရှိတာပါပဲ။ ပညာရှင်အများစုကတော့ အာရှအလယ်ပိုင်းဒေသဟာ ကြက်သွန်နီရဲ့ မူလဒေသအဖြစ် ယူဆထားပြီး အီရန်နဲ့ ပါကစ္စတန် အနောက်ပိုင်းဒေသတွေမှာ ဦးဆုံးစိုက်ပျိုးဖြစ်ထွန်းခဲ့တယ်လို့ ယူဆကြပါတယ်။ ကြက်သွန်နီကို လွန်ခဲ့တဲ့ နှစ်ပေါင်း ငါးထောင်ကျော်လောက်ကတည်းက စိုက်ပျိုးခဲ့တယ်လို့ ပညာရှင်အချို့က မှန်းဆထားကြပြီး ယခုအခါမှာတော့ ကမ္ဘာ့နေရာအနှံ့မှာ စိုက်ပျိုးနေကြပြီဖြစ်ပါတယ်။ ကြက်သွန်နီရဲ့ ရုက္ခဗေဒအမည်မှာ Allium cepa ဖြစ်ပြီး မျိုးစိတ်ပေါင်းများစွာ ရှိတယ်လို့ ဆိုပါတယ်။

**ရေမြေအနေအထားနှင့် ရာသီဥတု**

ကြက်သွန်နီသီးနှံဟာ ရေအလွန်ကြိုက်တဲ့ သီးနှံအမျိုးအစားဖြစ်ပြီး အစိုဓာတ်ရှိတဲ့မြေမှာ စိုက်ပျိုးဖြစ်ထွန်းပါတယ်။ ဒါပေမဲ့ အစိုဓာတ်များလွန်းပြီး ရေဝပ်ပါကပျက်ဆီးနိုင်တာကြောင့် ရေစိမ့်ဆင်းလွယ်တဲ့ သဲဆန်တဲ့ မြေပွမျိုးမှာ စိုက်ပျိုးသင့်ပါတယ်။ အပူချိန်မြင့်မားပြီး နေ့တာရှည်တဲ့ ရာသီဥတုနဲ့ ကိုက်ညီတဲ့ သီးနှံတစ်မျိုးလို့လည်း ဆိုနိုင်ပါတယ်။ မျိုးခံစိုက်ပျိုးနိုင်တဲ့ သီးနှံဖြစ်တဲ့အတွက် မျိုးပျောက်ကွယ်မှုကိုလည်း တွန်းလှန်နိုင်တဲ့ အမျိုးအစားပါပဲ။ မိုးများပြီး ချဉ်တဲ့မြေဟာ ကြက်သွန်စိုက်ပျိုးရန် မသင့်တော်ကြောင်းကိုလည်း သိရှိရပါတယ်။

**ကမ္ဘာ့နိုင်ငံများတွင် စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ**

ကမ္ဘာ့ကြက်သွန်နီ စိုက်ပျိုးထွက်ရှိမှုစုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းကို နိုင်ငံ ၈ နိုင်ငံမှ လွှမ်းမိုးထုတ်လုပ်လျက်ရှိပြီး အဆိုပါနိုင်ငံများမှာ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ အီရန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တူရကီနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ဖြစ်ကြပါတယ်။ ထိုနိုင်ငံများထဲတွင်မှ တရုတ်နိုင်ငံဟာ ကြက်သွန်နီ အများဆုံး စိုက်ပျိုးထုတ်လုပ်တဲ့နိုင်ငံဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး ဟင်းသီးဟင်းရွက်တင်ပို့နေတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ ဟင်းသီးဟင်းရွက်ပို့ကုန်များဟာ အရည်အသွေးကောင်းပြီး ဈေးချိုတယ်လို့ သတင်းကောင်းတာကြောင့် ကမ္ဘာ့ဟင်းသီးဟင်းရွက်ဈေးကွက်မှာ ဈေးကောင်းရပြီး ကြက်သွန်နီဈေးကွက်ကလည်း ကြီးမားကျယ်ပြန့်ကာ စုစုပေါင်း စိုက်ပျိုးထုတ်လုပ်မှုဧက ဟက်တာ ၁၀ သိန်း ကျော်ရှိတယ်လို့ UN Data က ဖော်ပြထားပါတယ်။ ဒုတိယအများဆုံးစိုက်ပျိုးသော နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး အိန္ဒိယလယ်သမားများဟာ ဝါပင်အစားထိုးအနေနဲ့ ကြက်သွန်နီကို ပိုမိုစိုက်ပျိုးနေကြတဲ့အတွက် နှစ်စဉ်ကြက်သွန်နီ စိုက်ပျိုးမှု ပိုမိုလျက်ရှိပြီး ကြက်သွန်နီတင်ပို့မှုမှာ ၂၀၁၆ ခုနှစ်တွင် ၂၀ ဒသမ ၆ မီလီယံ စံချိန်တင် တင်ပို့နိုင်ခဲ့ပါတယ်။ လက်ရှိကာလမှာလည်း ကြက်သွန်နီကို ဆက်လက် တိုးချဲ့စိုက်ပျိုးတင်ပို့လျက်ရှိပါတယ်။ အမေရိကန်နိုင်ငံသည်လည်း ကြက်သွန်ကို အများအပြား စိုက်ပျိုးလျက်ရှိပြီး ကြက်သွန်နီစားသုံးမှု အလွန်များပြားသော နိုင်ငံဖြစ်ပါတယ်။ နှစ်စဉ် အမေရိကန်နိုင်ငံသားတစ်ဦးရဲ့ ပျမ်းမျှ ကြက်သွန်နီ စားသုံးမှုဟာ ၁၉ ဒသမ ၈ ပေါင်စားသုံးတယ်လို့ စစ်တမ်းများအရ သိရပါတယ်။

အီရန်နိုင်ငံသည်လည်း ကြက်သွန်ကို အများအပြား စိုက်ပျိုးထုတ်လုပ်နေတဲ့ နိုင်ငံတစ်ခုဖြစ်ပါတယ်။ ကြက်သွန်နီတင်ပို့မှု အများဆုံးနိုင်ငံဇယားမှာ နံပါတ်လေးအဖြစ် ရပ်တည်နေပြီး ဟက်တာ ၇၀ ကျော် စိုက်ပျိုးလျက်ရှိပါတယ်။ ရုရှားနိုင်ငံကတော့ ကြက်သွန်နီတင်ပို့မှုမှာ EU ဈေးကွက်ကို အဓိကထားနေပြီး ၂၀၁၃ နဲ့ ၂၀၁၄ ခုနှစ်မှာတော့ ထူးခြားစွာ ကြက်သွန်နီ တင်ပို့မှုနှစ်ဆတိုးခဲ့သလို ဈေးလည်း ၂၅ ရာခိုင်နှုန်းခန့် ပိုမိုရရှိခဲ့တာကို တွေ့ရှိရပါတယ်။ တူရကီနိုင်ငံဟာ ကြက်သွန်နီနဲ့သက်ဆိုင်တဲ့ ရှည်လျားတဲ့ သမိုင်းကြောင်းရှိသော နိုင်ငံတစ်ခုဖြစ်ပါတယ်။ ကြက်သွန်နီကို စားစရာအပြင် တိုင်းရင်းဆေးအမယ်တစ်ခုအဖြစ်အသုံးပြုတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။ ကြက်သွန်နီ စိုက်ပျိုးဖို့သင့်တော်တဲ့ ရာသီဥတုရှိတာကြောင့် အထွက်နှုန်း အထူးကောင်းပြီး ဈေးကောင်းရတာကြောင့် ပြည်ပကို အဓိကတင်ပို့နေပြီး Polatli ဒေသမှာ ကြက်သွန်ကို အများဆုံးစိုက်ပျိုးတာကို တွေ့ရပါတယ်။ အီဂျစ်နိုင်ငံဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ကြက်သွန်နီကို သုံးစွဲတဲ့နိုင်ငံအဖြစ် ထင်ရှားပြီး ကြက်သွန်နီနဲ့ ပတ်သက်တဲ့ ဒဏ္ဍာရီများစွာရှိတဲ့ နိုင်ငံအဖြစ် ထင်ရှားပါတယ်။ အီဂျစ်ဖာရိုဘုရင်များရဲ့ ဂူသင်္ချိုင်းထဲမှာဆိုရင် ဘဝသစ်မှာ ပြန်လည် ရှင်သန်လာပါက စားသုံးရန်ပြင်ဆင်တဲ့ စားစရာတွေမှာတောင် ကြက်သွန်နီကို အလေးထားထည့်တယ်လို့ သိရပါတယ်။ ပါကစ္စတန်နိုင်ငံကတော့ ကမ္ဘာ့ကြက်သွန်ဈေးကွက်မှာ ထင်ရှားပြီး ကမ္ဘာ့ စုစုပေါင်း အထွက်နှုန်းရဲ့ ၂ ဒသမ၅ ရာခိုင်နှုန်းရှိပါတယ်။ ၂၀၁၁ ခုနှစ်အထိ ကမ္ဘာ့ထိပ်တန်း ကြက်သွန်နီတင်ပို့တဲ့နိုင်ငံအဖြစ် တည်ရှိခဲ့ပေမယ့် နောက်ပိုင်းမှာ ကြက်သွန်နီအရည်အသွေးကျဆင်းလာမှုကြောင့် အပြည်ပြည်ဆိုင်ရာ ဈေးကွက်မှာ မျက်နှာပန်းမလှ ဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါပေမဲ့လည်း ကြက်သွန်နီ တင်ပို့မှုများပြားနေဆဲနိုင်ငံ ဖြစ်ပါတယ်။

**မြန်မာ့ကြက်သွန်နီနှင့် တင်ပို့မှုအခြေအနေ**

မြန်မာနိုင်ငံသည်လည်း ကြက်သွန်နီကို အများအပြားစိုက်ပျိုးတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး မြစ်သား၊ မြင်းခြံ၊ ပခုက္ကူ၊ ရေနံချောင်း၊ မုံရွာမြို့များနှင့် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းဒေသကြီးအပြင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွေမှာ အဓိက အများအပြားစိုက်ပျိုးလျက်ရှိပါတယ်။ အစိုက်များတဲ့ ကြက်သွန်နီမျိုးများမှာ ရွှေဖလားမျိုး (မျိုးကွဲ - ရွှေဒင်္ဂါး၊ ရွှေဖလားခွက်မှောက်)၊ ဘောင်စောက်မျိုး(မျိုးကွဲ - ဥတစ်လုံး၊ ဘောင်ဆိုင်း၊ ဘင်းဂလား)၊ သပိတ်လုံး(ဦးဝိုင်း)၊ မင်းတုန်းဥမွှာ၊ ပလက်တီနမ်၊ လူစီဖာ၊ ဖလဲနှင့် နိုးရီးယင့် စပ်မျိုးများကို စိုက်ပျိုးတယ်လို့ သိရပါတယ်။ စိုက်ပျိုးတဲ့အခါမှာလည်း ဘောင်ပေါ်တွင်လည်းကောင်း၊ ကန်သင်းဖော်၍သော်လည်းကောင်း စိုက်ပျိုးပြီး ဆည်ရေ၊ မြောင်းရေ သွင်းစိုက်ပျိုးသောဒေသများမှာတော့ ဘောင်ဖော်၍ စိုက်ပျိုးကြကြောင်း လေ့လာသိရှိရပါတယ်။

မြန်မာနိုင်ငံအလယ်ပိုင်းမှ လယ်သမားများဟာ ကြက်သွန်နီကို စီးပွားဖြစ်စိုက်ပျိုးကြပြီး မြို့အသီးသီးမှ ကုန်သည်ငယ်လေးများက စုဆောင်းဝယ်ယူကြကာ ကုန်သည်ကြီးများထံမှတစ်ဆင့် ပြည်ပသို့ ပို့ကုန်အဖြစ် တင်ပို့နေကြပါတယ်။

မတ်လမှစပြီး ကြက်သွန်လှိုင်လှိုင်ပေါ်တာဖြစ်တဲ့အတွက် ထိုသို့တင်ပို့မှု အခြေအနေကို နှစ်အလိုက် လေ့လာကြည့်ရာမှာ ၂၀၁၆ ခုနှစ် မတ်လမှာ ကြက်သွန်တန်ချိန် ငါးထောင်ကျော်၊ ဧပြီလမှာ တန်ချိန် ၈၅၀၀ နီးပါးနဲ့ မေလမှာ တန်ချိန် တစ်သောင်းကျော်ကို တင်ပို့ခဲ့ပြီး အဆိုပါ သုံးလအတွင်းမှာ ကြက်သွန်နီတန်ချိန် ၂၆၀၀၀ ကျော် တင်ပို့ခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၇ ခုနှစ်မှာလည်း မတ်လမှာ ကြက်သွန်နီ တန်ချိန် ၅ ထောင်ကျော်၊ ဧပြီလမှာ တန်ချိန် ၅၆၀၀ ကျော်နဲ့ မေလမှာ တန်ချိန် ၆၇၀၀ ကျော်ကို တင်ပို့ခဲ့တဲ့အတွက် စုစုပေါင်း ကြက်သွန်နီ တန်ချိန် ၁၇၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း တွေ့ရပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ မတ်လမှာ တန်ချိန် ၅၂၀၀ ကျော်၊ ဧပြီလမှာ တန်ချိန် ၆၀၀၀ ကျော်နဲ့ မေလမှာ တန်ချိန် ၄၈၀၀ ကျော်တင်ပို့ခဲ့တာကြောင့် စုစုပေါင်း ကြက်သွန်နီ တန်ချိန် ၁၆၀၀၀ ကျော် တင်ပို့ခဲ့တယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ ဒီအချက်အလက်များအရ ကြက်သွန်နီတင်ပို့မှု လျော့ကျသွားတာကို တွေ့နိုင်ပါတယ်။ လျော့ကျသွားရတဲ့အကြောင်းအရင်းကတော့ ပြည်တွင်းတွင် ကြက်သွန်ဈေးများ မြင့်တက်လာခဲ့ပြီး၊ တရုတ်နှင့် အိန္ဒိယမှ ကြက်သွန်နီများ ဝင်ရောက်လာခဲ့သည့်အပြင် အဆိုပါကြက်သွန်နီများမှာ ဈေးပိုမိုလျော့နည်းသည့်အတွက် ပြည်တွင်းထွက် ကြက်သွန်နီများကို ပြည်ပသို့ အမြောက်အမြားတင်ပို့ခြင်း မပြုနိုင်ခြင်းကြောင့်ဖြစ်ကြောင်း ကြက်သွန်နီအသိုင်းအဝိုင်းထံမှ လေ့လာသိရှိရပါတယ်။ လက်ရှိတွင်လည်း ကြက်သွန်နီတင်ပို့မှု အခြေအနေမှာ အေးစက်နေဆဲဖြစ်ကြောင်း သိရှိရပါတယ်။

တင်ပို့တဲ့နိုင်ငံများကို လေ့လာကြည့်တဲ့အခါမှာ ပင်လယ်ရေကြောင်းမှ တင်ပို့မှုအနေနဲ့ ၂၀၁၆ ခုနှစ် မတ်လနဲ့ ဧပြီမှာ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့ကို တင်ပို့ခဲ့ပြီး မေလမှာ ဗီယက်နမ်နိုင်ငံ၊ အာရပ်စော်ဘွားများနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနဲ့ မလေးရှားနိုင်ငံတို့ကို တင်ပို့ခဲ့တာကို တွေ့ရပါတယ်။ ၂၀၁၇ ခုနှစ်မှာ ပင်လယ်ရေကြောင်းမှ တင်ပို့မှုအနေနဲ့ မတ်လမှာ စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့ကို တင်ပို့ခဲ့ပြီး ဧပြီလမှာ ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့ကို တင်ပို့ခဲ့တာကို တွေ့ရပါတယ်။ မေလမှာတော့ စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံကိုသာ တင်ပို့ခဲ့ပါတယ်။ ၂၀၁၈ခုနှစ်တွင် ပင်လယ်ရေကြောင်းမှ တင်ပို့ခဲ့တဲ့နိုင်ငံများကတော့ မတ်လမှာ စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့ကို တင်ပို့ခဲ့ပြီး ဧပြီလနဲ့ မေလတို့မှာ ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့ကို တင်ပို့ခဲ့တာ တွေ့ရပါတယ်။ နယ်စပ်မှ တင်ပို့မှုများကို လေ့လာကြည့်ရာမှာ ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ ခုနှစ် မတ်လမှ မေလအတွင်း တင်ပို့မှုအားလုံးတို့ဟာ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံကိုသာ တင်ပို့ကြောင်းတွေ့ရှိရပြီး တရုတ်နိုင်ငံကို အများဆုံးတင်ပို့နေတာကို တွေ့ရပါတယ်။ ဒါကြောင့် မြန်မာ့ကြက်သွန်နီရဲ့ နယ်စပ်ဈေးကွက်ဟာ တရုတ်နိုင်ငံကို အများဆုံးမှီခိုနေတာကို တွေ့နိုင်ပါတယ်။

**လက်ရှိ ကြက်သွန်နီဈေးကွက်အခြေအနေ**

လက်ရှိဈေးကွက်အခြေအနေများကို လေ့လာကြည့်ရာမှာ ကြက်သွန်နီဈေးဟာ တစ်ပိဿာ ပျမ်းမျှ ကျပ် ၄၀၀ မှ ၆၀၀ကျော်ကြားမှာရှိနေပါတယ်။ ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းကတော့ ကြက်သွန်နီဈေးများ မြင့်တက်ခဲ့တဲ့အတွက် ကြက်သွန်နီပြည်ပတင်ပို့မှုကို ခေတ္တကန့်သတ်မှုများရှိပေမယ့် ဈေးနှုန်းများ ပြန်လည် ကျဆင်းပြီး ၂၀၁၈ ခုနှစ်ဖေဖော်ဝါရီလမှာ ကြက်သွန်နီ တင်ပို့မှုကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဇွန်လကုန်ခါနီးမှာတော့ အဝင်ပါးတဲ့အချို့ရက်တွေမှာ တစ်ပိဿာ ကျပ်၄၀၀ မှ ၈၀၀ ဝန်းကျင်ခန့်မှာရှိနေပါတယ်။ တရုတ်ကြက်သွန်နီတွေနဲ့ အိန္ဒိယ ကြက်သွန်များ ဝင်ရောက်လာခဲ့မှုများကြောင့် ဈေးနှုန်း အတက်အကျများ ဖြစ်ပေါ်နေတယ်လို့လည်း ကုန်သည်အသိုင်းအဝိုင်းက ဆိုပါတယ်။

**စာမျက်နှာ (၂၇)သို့**

## ဒီတစ်ပတ် ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့

ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ၂၇၂၆၂၉၇၀ တန်ဖိုးရှိ ဒီဇယ် ၄၇၁၈၅ ဒသမ ၆၈ တန်နဲ့ အမေရိကန်ဒေါ်လာ ၁၂၉၁၂၅၇၃ တန်ဖိုးရှိ ဓာတ်ဆီ ၂၂၉၇၂ ဒသမ ၀၃ တန်၊ စုစုပေါင်း ၇၀၁၅၇ ဒသမ ၇၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၆၇၄၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၀၂၀၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့သလို ယခင်သီတင်းပတ်ကတင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၇၁၁၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၄၈၁၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ဓာတ်ဆီရော ဒီဇယ်ပါ အဝင်လျော့ခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၄၂ တန်ဖိုးရှိ အဆင့်မြင့် Re-export ဒီဇယ်တန်ချိန် ၇၀၁၁ ဒသမ ၁၉ တန် တင်ပို့ခဲ့ပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၈၁၂၃၀ တန်ဖိုးရှိ ဒီဇယ် ၄၂၈ ဒသမ ၉၂ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၆၀၀၄၀ တန်ဖိုးရှိ ဓာတ်ဆီ ၄၄၈ ဒသမ ၇၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**



## တရုတ်နိုင်ငံသို့ သကြားလျော့နည်းတင်ပို့

ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၄၄၃ သန်းတန်ဖိုးရှိ သကြား ၁၆၈၈၈ တန်တင်ပို့ခဲ့ပါတယ်။ တင်ပို့မှုအနေနဲ့ Re-Export သကြားတန် ၁၀၆၈၀ နဲ့ (ရိုးရိုး) သကြား ၆၂၀၈ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၂၀၂၁၈ တန် တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ တန် ၃၃၃၀ လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က သကြားတစ်တန်လျှင် ကျပ် ၈၈၀၁၀၀ ဈေးရှိရာမှ ဇွန် ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်မှာ ကျပ် ၈၉၁၈၀၀ ဈေးသို့ ဆက်လက်မြင့်တက်ခဲ့ပြီး တစ်ဖက်နိုင်ငံဈေးမှာလည်း ၄၁၆၉ ယွမ်မှ ၄၂၂၄ ယွမ်သို့ ဈေးမြင့်တက်ခဲ့ပါတယ်။

**မော်မော်အောင်**

## နယ်စပ်စခန်းများမှ ဆိုင်ကယ်များပိုမိုတင်သွင်း

နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဇွန် ၁၆ ရက်မှ ၂၂ ရက်ထိသီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၅ ဒသမ ၆၃၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၀၄၂၈ စီး တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၉၇၃၃ စီး တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၉၅ စီး ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၆၁ သန်းတန်ဖိုးရှိ သုံးဘီးဆိုင်ကယ် ၃၀၁ စီးကိုလည်း တင်သွင်းခဲ့ပါတယ်။

ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ဆိုင်ကယ်များမတင်သွင်းခဲ့သော်လည်း မူဆယ်နှင့် မြဝတီကုန်သွယ်ရေးဇုန်များမှ ပိုမိုတင်သွင်းခဲ့လို့ ယခုတစ်ပတ်မှာ ပိုမိုရခြင်းဖြစ်ပါတယ်။ တင်သွင်းမှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၈၄ သန်းတန်ဖိုးရှိဆိုင်ကယ် ၃၄၀၀ စီး၊ မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၄၉ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၆၉၈၈ စီး၊ ကန်ပိုက်တီကုန်သွယ်ရေးစခန်း မှအမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၃ သန်း တန်ဖိုးရှိ ဆိုင်ကယ် ၄၀ စီး တင်သွင်းခဲ့ပါတယ်။ မြန်မာ- ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၁၁၀၇၄ တန်ဖိုးရှိ ဆိုင်ကယ်ခြောက်စီးကို ထိုင်းနိုင်ငံမှ တင်သွင်းလာခဲ့ပါတယ်။

**မျိုးဇော်**

## အမြင့်ဈေးဖြင့် ဆက်အားကောင်းခဲ့သော အမေရိကန်ဒေါ်လာဈေးနှုန်း

ပြည်တွင်းငွေလဲဈေးကွက်သည် ဇွန်လတတိယပတ်တွင် ဈေးမြင့်နေခဲ့ရာမှ ယခုရက်သတ္တပတ်အတွင်း ထပ်မံမြင့်တက်ခဲ့ကြောင်း သတင်းရရှိသည်။မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၇၄ကျပ်မှ တစ်ဒေါ်လာလျှင် ၁၄၀၅ကျပ်သို့ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

"ဒေါ်လာအညွှန်းကိန်း ဆက်တက်နေရင်တော့ ငွေလဲနှုန်းဆက်တက်ဖို့ သေချာနေတော့ ကမောက်ကမ မဖြစ်အောင်လည်း သက်ဆိုင်ရာက ထိန်းသိမ်းကိုင်တွယ်သွားမယ်လို့လည်း မျှော်လင့်မိပါတယ်။ ငွေဈေးတက်ရင် ထုံးစံအတိုင်း ပြိုင်ဝယ်ကြ၊ အရောင်းရှား အဝယ်များတော့ ကြောက်ပြီးပြန်ဝယ်နဲ့ အတက်ဘက်ကိုပိုရောက်လာတတ်ပါတယ်။ အတက်ကြီးတက်လိုက်၊ ပြန်ရိုက်ချလိုက်လို့ နည်းနည်းပြန်ကျလိုက်နဲ့ ဈေးကွက်က ခန့်မှန်းရခက်တဲ့အနေအထားမျိုးပါ"ဟု ပြည်တွင်းငွေကြေး အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဇွန် ၂၅ ရက်ကအမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၃၇၄ကျပ်၊ ဝယ်ဈေး ၁၃၇၂ကျပ်ဈေးရှိခဲ့ရာမှ ဇွန် ၂၇ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၉၃ကျပ်၊ဝယ်ဈေး ၁၃၈၇ကျပ်သို့မြင့် တက်လာခဲ့ပြီး ဇွန် ၂၉ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး၁၄၀၃ကျပ်၊ ဝယ်ဈေး ၁၃၉၈ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## ပြည်တွင်းရွှေဈေးနှုန်းအတက်အကျ နည်းခဲ့သော ရက်သတ္တပတ်

ယခင်တစ်ပတ်ကဈေးကျဆင်းခဲ့သော ပြည်တွင်းရွှေဈေးမှာ ဇွန်လနောက်ဆုံးပတ်အတွင်း ဈေးနှုန်းအတက်အကျနည်းခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ ဇွန်လ တတိယပတ်က ကျပ် ၉၃၅၀၀၀ဈေးရှိခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ဇွန်လတတိယပတ်အတွင်း ကျပ် ၉၃၆၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ပြည်တွင်းရွှေဈေးမှာ အတက်အကျနည်းပြီး အရောင်းအဝယ်ပုံမှန်ရှိကြောင်း၊ နိုင်ငံတကာရွှေဈေးမှာမူ ကမ္ဘာ့ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်လာခြင်းနှင့်အတူ နိုင်ငံတကာရွှေဈေးနှုန်းအပေါ် သက်ရောက်မှုရှိကြောင်း၊ ထို့ပြင် အမေရိကန်အစိုးရ၏ ကုန်သွယ်ရေးစစ်ပွဲ တိုက်ပွဲခေါ်သံမှာ ပိုမိုကျယ်လောင်လာသောကြောင့် ရွှေအပေါ် ရင်းနှီးမြှုပ်နှံမှုထိခိုက်ခဲ့ရကြောင်း ပြည်တွင်းရွှေအရောင်းအဝယ်ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဇွန် ၂၅ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၃၅၀၀၀ ရှိခဲ့ရာမှ ဇွန် ၂၇ ရက်တွင် ကျပ် ၉၃၆၀၀၀သို့ မြင့်တက်ခဲ့ပြီး ဇွန် ၂၉ ရက်တွင် ကျပ် ၉၃၆၅၀၀ ဖြင့်ဈေးပိတ်သိမ်းခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း ဇွန် ၂၅ရက်က ရွှေတစ်အောင်စလျှင် ၁၂၆၈ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ ဇွန် ၂၇ ရက်တွင် တစ်အောင်စလျှင် ၁၂၅၅အမေရိကန်ဒေါ်လာသို့ကျဆင်းခဲ့သလို ဇွန်၂၉ ရက်တွင် ၁၂၅၁အမေရိကန်ဒေါ်လာသို့ ဈေးကျဆင်းခဲ့ကြောင်း စုံစမ်းသိရှိရသည်။

**သန်းထိုက်အောင်**

## TMH သာမန်အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစု ကျပ်နှစ်ရာခွဲဝေပေးရန် စီစဉ်

TMH တယ်လီကွန်းကုမ္ပဏီ၏ မတ် ၃၁ ရက်တွင် ကုန်ဆုံးခဲ့သော ဘဏ္ဍာနှစ်အတွက် အဆိုပြုအမြတ်ဝေစုပမာဏအဖြစ် သာမန်အစုရှယ်ယာတစ်စုလျှင် ကျပ် ၂၀၀နှုန်းခွဲဝေပေးသွားရန် အဆိုပါကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။

TMH တယ်လီကွန်းကုမ္ပဏီ၏ အဆိုပြုအမြတ်ဝေစုပမာဏကို ဩဂုတ် ၅ရက်တွင်ပြုလုပ်မည့် ကုမ္ပဏီနှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏ အတည်ပြုချက်များဖြင့် ခွဲဝေပေးသွားမည်ဖြစ်ကြောင်း၊ TMH တယ်လီကွန်းကုမ္ပဏီအနေဖြင့် အဆိုပါ အမြတ်ဝေစုခံစားခွင့်ရှိသည့် ရှယ်ယာရှင်များကို ဇူလိုင် ၁၂ရက် (အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်များအဖြစ် အတည်ပြုမည့်ရက် Record Day) တွင်ရှိသော အစုရှယ်ယာရှင်စာရင်းအရ သတ်မှတ်သွားမည်ဖြစ်ပြီး အစုရှယ်ယာရှင်များမှ အတည်ပြုပြီး အမြတ်ဝေစုပမာဏ၊ အမြတ်ဝေစုခွဲဝေပေးမည့်နေ့ရက်နှင့် အစီအစဉ်များကို နှစ်ပတ်လည် အထွေထွေအစည်းအဝေးအပြီးတွင် အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ငါးခုမြောက်စာရင်းဝင် ကုမ္ပဏီဖြစ်သည့် TMH Telecom Public Co.Ltd (တီအမ်အိတ်ချ်ဆက်သွယ်ရေးအ များပိုင်ကုမ္ပဏီ)၏ အစုရှယ်ယာများ ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်မှုကို ဇန်နဝါရီ ၂၆ရက်တွင် စတင်ခဲ့သည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

June 29, 2018

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.35 |
| BDT | Bangladesh Taka | 84.32 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 6.62 |
| EUR | Euro | 0.86 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 68.59 |
| I DR | Indonesia Rupiahs | 14350.89 |
| JPY | Japan Yen | 110.59 |
| MYR | Malaysia | 4.04 |
| PKR | Pakistan Rupees | 121.89 |
| PHP | Philippines Pesos | 53.35 |
| RUB | Russia Rubles | 62.69 |
| SGD | Singapore Dollars | 1.36 |
| KRW | South Korea Won | 1115.14 |
| LKR | Sri Lanka Rupe | 158.37 |
| THB | Thailand Baht | 33.12 |
| GBP | United Kingdom Pounds | 0.76 |
| VND | VietnamDon | 22981.78 |

*Source:xe.com*

## World Gold Price

June-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 25 | 1284 | 1284 | 1283 |
| 26 | 1286 | 1284 | 1286 |
| 27 | 1277 | 1275 | 1276 |
| 28 | 1269 | 1267 | 1267 |
| 29 | 1272 | 1270 | 1271 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 25-6- 2018 | 935.30 | 935.50 |
| 26-6- 2018 | 936.50 | 936.00 |
| 27-6- 2018 | 937.00 | 937.00 |
| 28-6- 2018 | 935.00 | 934.50 |
| 29-6- 2018 | 935.00 | 935.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 25 | 6.50 | 33.00 | 83.79 | 67.90 |
| 26 | 6.56 | 32.98 | 84.02 | 68.19 |
| 26 | 6.59 | 32.98 | 84.44 | 68.55 |
| 27 | 6.62 | 33.07 | 84.57 | 68.94 |
| 28 | 6.61 | 33.12 | 84.32 | 68.59 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 25-June | 16.29 | 2930.44 | 2148.68 | 6788.54 | 872.00 |
| 26-June | 16.28 | 2911.70 | 2129.28 | 6724.18 | 863.00 |
| 27-June | 16.17 | 2921.18 | 2155.29 | 6686.05 | 863.00 |
| 28-June | 16.07 | 2919.20 | 2150.22 | 6663.13 | 852.00 |
| 29-June | 16.08 | 2948.07 | 2137.22 | 6662.25 | 851.00 |

## Energy NYMEX

29-6-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 73.28 | -0.17 | -0.23 |
| Brent Crude Futr (USD/bbl) | 78.32 | 0.47 | 0.60 |
| Gasoline Rbob Fut (Cent/gal) | 213.93 | 0.64 | 0.30 |
| Natural Gas Futr (USD/MMBtu) | 2.93 | -0.01 | -0.24 |
| Heating Oil Futr (Cent/gal) | 217.52 | -0.30 | -0.14 |

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၉၀၀၀ နဲ့ နယ်စပ်မှ တန်ချိန် ၅၀၀၀ ကျော်ဝင်

ဇွန်လ၁၇ ရက်မှ ၂၃ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၆၈၀၀ တန်ဖိုးရှိ ဘိလပ်မြေ တန်ချိန် ၉၀၀၀ ကို ပင်လယ်ရေကြောင်းလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှသာ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တန်ချိန်၃၀၀ကျော်သာ တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်တင်သွင်းမှုနဲ့နှိုင်းယှဉ်ရင် တန်ချိန် ၈၅၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဇွန်လ ၁၆ ရက်မှ ၂၂ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၅၂၆၀ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာ တန်ချိန် ၆၂၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန်၁၀၀၀ ကျော်အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းအေး

**မော်လမြိုင်ဘိလပ်မြေဈေးကွက်**မှာမိုးနည်းနည်းပါးလာတာကြောင့် အရောင်းအဝယ် နည်းနည်းပြန်ဖြစ်လာပါတယ်။ ဒီတစ်ပတ်မှာ ဆင်(ထိုင်း)က ဈေးငြိမ်နေပေမယ့် ဆင်မြန်မာနဲ့ ကြံ့(မြန်မာ)က ဈေးနည်းနည်းကျလာပြီး စိန်(ထိုင်း)က ဈေးကွက်ထဲပစ္စည်းပြတ်နေတယ်လို့သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၅၀၊ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ ကြံ့(မြန်မာ) ကျပ် ၅၀၀၀၊ စိန်(ထိုင်း) ကျပ် ၅၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပေမယ့် ဈေးငြိမ်တယ်လို့သိရပါတယ်။ဈေးကွက်ထဲ ဘလူးဒိုင်းမွန်းက ပစ္စည်းပြတ်နေဆဲဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ရွှေဖြူ ကျပ် ၄၉၀၀၊ အေသုံးလုံး ကျပ် ၄၆၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာ ကျပ်၄၈၀၀၊ ဘလူးဒိုင်းမွန်း ကျပ် ၄၈၀၀၊ခရောင်းကျပ်၅၁၀၀၊ အပါချီကျပ်၄၂၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်**မှာ မိုးများနေတာကြောင့် အရောင်းအဝယ် အေးတယ်လို့အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှတာဝန်ရှိသူတစ်ဦးမှပြောပါတယ်။

ဒီတစ်ပတ် အပါချီကျပ်၄၀၀၊ ကြံ့ ကျပ်၃၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၄၈၀၀၊ဆင်(ထိုင်း)ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၄၉၀၀၊ စိန်(ထိုင်း)ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပါးသလို ဈေးလည်းငြိမ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၁၀၀၊ နဂါးကျပ် ၄၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

# နိုင်ငံစုံမှ မြေသြဇာတန်ချိန် ၁၈၀၀၀ ကျော်ဝင်

ဇွန်လ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၇၃၁၅၁၂ တန်ဖိုးရှိ မြေသြဇာ ၁၈၁၃၉ ဒသမ ၂၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ တရုတ်နိုင်ငံမှ ၁၂၂၇၈ဒသမ ၁၀ တန်၊ အီရန်နိုင်ငံမှ တန်ချိန် ၁၄၂၀၊ ဂျပန်နိုင်ငံမှ ၂၅ ဒသမ ၅၀ တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၂၅၀၊ နော်ဝေနိုင်ငံမှ ၂၉၈ ဒသမ၁၁၅ တန်၊ ရုရှားနိုင်ငံမှ ၉၂၁ ဒသမ ၅၈ တန်၊ ထိုင်းနိုင်ငံမှ ၁၀၅၀ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၈၉၆ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့အမျိုးအစားများမှာ ပိုတက်၊ အမိုးနီးယမ်း ကလိုရိုဒ်၊အမိုနီးယားဆာလဖိတ်၊ ယူရီးယား၊ကွန်ပေါင်းနဲ့အော်ဂဲနစ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၂၃၆၉၀ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၅၅၅၀ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

# မြေသြဇာဈေးကွက် အရောင်းပုံမှန်ရှိ

ဇွန်လ ၁၆ ရက်မှ ၂၂ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၂၁၆၂၀ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၂၁၀၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၆၀၀ ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊မကွေး၊ မန္တလေးမှာ အရောင်းအေးပြီး တောင်ကြီးမှာအရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ်အရောင်းအဝယ် နည်းနည်းဖြစ်လာပေမယ့် ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်)ကျပ် ၂၆၅၀၀၊ ကွန်ပေါင်း (အစိမ်းရောင်) ကျပ် ၄၂၀၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၁၅၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ ၁၂း၁၃(မြားကမ္ဘာ-တရုတ်) ကျပ် ၁၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ ယူရီးယား-ပုလဲမြေသြဇာက ပုံမှန်အရောင်းအဝယ်ရှိပြီး ကျန်မြေသြဇာများက အရောင်းပါးသေးတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ယူအေအီးမြေသြဇာနဲ့ မြားကမ္ဘာမြေသြဇာက ဈေးနည်းနည်းတက်ပြီး ကျန်မြေသြဇာများက ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ(ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၅၀၀၊ယူရီးယား(ရွှေတောင်-တရုတ်)ကျပ် ၂၆၅၀၀၊ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၆၅၀၀၊ တီစူပါ ၂၀%(တရုတ်)ကျပ် ၁၁၇၀၀၊ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၇၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၆၀၀၊ ယူရီးယား (ယူအေအီး)ကျပ် ၂၄၈၀၀၊ မြားကမ္ဘာကျပ် ၁၆၅၀၀ဈေးနဲ့အရောင်းအဝယ်ဖြစ်တယ်လို့ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** မိုးများတာကြောင့် စိုက်ခင်းတွေပျက်သလို စိုက်ပျိုးလို့လည်းမရတာကြောင့် မြေသြဇာအရောင်းအဝယ်ကတော်တော် အေးတယ်လို့သိရပါတယ်။ အရောင်းအဝယ်အေးတာကြောင့်လည်း ဈေးလည်းအတက်အကျမရှိငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃)ကျပ် ၁၆၅၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၃၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၅၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၈၀၀၊ သီးစုံ(ဝါစိမ်းပြာ)ကျပ်၁၇၄၀၀၊ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၈၀၀၊ ဇာမဏီ ကျပ် ၁၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ကျပ် ၁၈၂၀၀၊မြားကမ္ဘာ (၁၅း၇း၈)ကျပ် ၂၀၀၀၀၊တီစူပါ ကျပ် ၂၄၀၀၀၊ တောင်သူမ ကျပ် ၁၆၂၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** မိုးများပြီး နယ်ဘက်က အဝယ်မဆင်းတာကြောင့် အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၈၀၀၊ တီစူပါ (၄၆%တရုတ်)ကျပ် ၂၁၈၀၀၊ မြားသီးစုံ ကျပ် ၁၅၃၀၀၊ ပန်းသီးစုံ ကျပ် ၁၅၇၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၇၀၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၈၀၀၊ ပိုတက် ကျပ် ၂၃၂၀၀ နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့

ဇွန်လ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၄၃၄၅၄ တန်ဖိုးရှိ နို့ဆီ ၅၉၀ ဒသမ ၉၃၉ တန်ကိုပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် အိုကေနို့ဆီ ၂၁၈ ဒသမ၈၇၈ တန်နဲ့နို့ဆီ ၃၇၂ ဒသမ ၀၆ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီ တန်ချိန် ၃၂၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန်၂၇၀ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။

ဒီတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၇၉၂၇၈၀ တန်ဖိုးရှိ နို့မှုန့် ၂၅၂ ဒသမ ၁၄၂ တန်ကိုလည်း တင်သွင်းခဲ့ပါတယ်။ ယူကေနိုင်ငံမှ သုည ဒသမ ၉၄၂ တန်နဲ့ နယူးဇီလန်နိုင်ငံမှ ၂၅၁ ဒသမ ၂၀ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့တန်ချိန် ၄၁၀ ကျော်နဲ့ နှိုင်းယှဉ်ရင် တန်ချိန်၁၅၀ကျော် တင်သွင်းမှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် နို့ဆီအဝင်ပိုပြီး နို့မှုန့်အဝင်လျော့ခဲ့ပါတယ်။ **သီတာဝင်း(DOT)**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၆ မှ ၂၂/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၆ မှ ၁၅/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၂.၅၀ | ၂.၅၀ | (+) | ၁၀.၀၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၅၅.၀၀ | ၁၂၁၄.၀၀ | (-) | ၉၅၉.၀၀ |
| ၅။ | တာချီလိတ် | ၃၀၀၀.၀၀ | ၅၀၀၀.၀၀ | (-) | ၂၀၀၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၅၂.၀၀ | (-) | ၅၂.၀၀ |
| ၈။ | မြိတ် | ၂၀၀၀.၀၀ | - | (+) | ၂၀၀၀.၀၀ |
| | စုစုပေါင်း | ၅၂၆၇.၅၀ | ၆၂၆၈.၅၀ | (-) | ၁၀၀၁.၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၆/၆ မှ ၂၂/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၉/၆ မှ ၁၅/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၉၇၄၂.၄၅ | ၉၉၂၀.၂၅ | (-) | ၁၇၈.၈၀ |
| ၂။ | လွယ်ဂျယ် | ၇၂၁.၀၀ | ၉၉၂.၄၀ | (-) | ၂၇၁.၄၀ |
| ၃။ | ချင်းရွှေဟော် | ၂၆၃၆.၇၀ | ၂၄၆၂.၅၀ | (+) | ၁၇၄.၂၀ |
| ၄။ | ကန်ပိုက်တီ | ၂၃၀၆.၀၀ | ၆၃၈.၀၀ | (+) | ၁၆၆၈.၀၀ |
| ၅။ | မြဝတီ | ၅၁၈၄.၀၀ | ၅၁၈၁.၉၅ | (+) | ၂.၀၅ |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | ၅၀.၀၀ | (-) | ၅၀.၀၀ |
| ၈။ | ရိုဒ် | ၉၅၀.၀၀ | ၁၄၀၀.၀၀ | (-) | ၄၅၀.၀၀ |
| ၉။ | တမူး | ၈၆.၅၅ | ၃၇၀.၀၀ | (-) | ၂၉၁.၄၅ |
| | စုစုပေါင်း | ၂၁၆၂၆.၇၀ | ၂၁၀၂၄.၁၀ | (+) | ၆၀၂.၆၀ |

ဇော်ဝင်း

## မြေပဲ/ရော်ဘာ

# မြေပဲလုံးဆန်ဈေးကွက် ဈေးအနည်းငယ် မြင့်တက်

မုံရွာကုန်စည်ဒိုင်ပဲမျိုးစုံဈေးကွက်တွင် ဇွန်လနောက်ဆုံးပတ်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲဆန်ဈေးကွက်မှာ တရုတ်ဝယ်လက်ရှိ၍ဈေးအနည်းငယ်မြင့်တက်ပြီး အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပဲကုန်သည်တစ်ဦးထံမှသိရပါတယ်။

မြေပဲလုံးဆန်ဖြူနှင့် နီများကို မုံရွာကုန်စည်ဒိုင်သို့ အဝင်ရှိကာ ပြည်ပအဝယ်ရှိ၍ ဆီဆန်ကို မုံရွာမြို့တွင်း ဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ်မြေပဲဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာ (လုံးဆန်ဖြူ) ကျပ် ၂၃၂၅-၂၂၂၅ နဲ့ အိတ်၅၀၀ခန့်၊ (လုံးဆန်နီ) ကျပ် ၂၄၇၅-၂၄၂၅ နဲ့ အိတ်၅၀၀ခန့်၊ (ဆီဆန်) ကျပ် ၂၁၀၀နဲ့ အိတ် ၂၀၀ ခန့် အသီးသီး အရောင်းအဝယ်ဖြစ်လျက်ရှိကာ ဆီဈေးနှုန်းလည်း အနည်းငယ်မြင့်တက်လာကြောင်း သိရပါတယ်။ မြေပဲဆီဈေးမှာ တစ်ပိဿာ(လက်ကား) ကျပ်၄၀၀၀-၄၆၀၀၊ (လက်လီ)ကျပ် ၅၅၀၀-၆၀၀၀၊ နှမ်းဆီဈေးကတော့ တစ်ပိဿာ (လက်ကား)ကျပ်၄၉၀၀၊ (လက်လီ)ကျပ်၅၀၀၀-၅၅၀၀ ပေါက်ဈေးရှိကြောင်း သိရပါတယ်။

**ကြည်ကြည်နွယ် (မုံရွာ)**

# ရက်သတ္တတစ်ပတ်အတွင်း ရော်ဘာတင်ပို့မှု လျော့ကျ

မြန်မာ-တရုတ်နဲ့ မြန်မာ-ထိုင်း နယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ ဇွန် ၁၆ ရက်မှ ၂၂ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၉၁၄ သန်းတန်ဖိုးရှိ ရော်ဘာ အဆင့်စုံ ၈၁၉ တန် တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ RSS-1 အမျိုးအစား ၂၂ တန်ခန့်၊ RSS-3 အမျိုးအစား ၃၄၇ တန် ၊ MSR -20 အမျိုးအစားတန် ၁၈၀၊ MSR-50 အမျိုး အစား ၃၁ တန်ကျော်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ Crepe Rubber အမျိုးအစား ၉ တန် တင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်း နယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှ Rubber Latex 60 % DRC တန်ချိန် ၂၃၀ တင်ပို့ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများရဲ့ ယခင်တစ်ပတ် ရော်ဘာတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၃၈၉ တန် လျော့ကျခဲ့ပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာပေါက်ဈေးမှာ RSS-3 တစ်တန်လျှင် ကျပ် ၁၆ ဒသမ ၅၅၃ သိန်းရှိပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ နှိုင်းယှဉ်လျှင် ၂၀၈၆၅ ကျပ် ဈေးတက်ကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇွန် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၀၄ သန်း တန်ဖိုးရှိ ရော်ဘာ အမျိုးအစားစုံလင်စွာ ၁၀၀၈ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်တင်ပို့မှုများမှာ အင်ဒိုနီးရှားနိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန်၆၀ ၊ တရုတ် နိုင်ငံသို့ MSR-20 အမျိုးအစား ၁၂၆ တန်၊ ကိုရီးယားနိုင်ငံသို့ TSR -20 အမျိုးအစား ၁၉၄ တန်ကျော်၊ ပါကစ္စတန်နိုင်ငံသို့ RSS-1 အမျိုးအစား တန်ချိန် ၂၀၊ ဂျပန်နိုင်ငံသို့ Compound ME 502, 503, 504 အမျိုးအစား ၅၀ ကီလို ဂရမ်၊ မလေးရှားနိုင်ငံသို့ RSS-3 အမျိုး အစား ၆၁ တန်နဲ့ MSR -20 အမျိုးအစား ၁၀၅ တန်၊ ဗီယက်နမ်နိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန် ၂၀၀၊ အိန္ဒိယနိုင်ငံသို့ MSR-10 အမျိုးအစား တန်ချိန် ၄၀ ကျော်၊ တရုတ်နိုင်ငံသို့ Synthetic Rubber ၂၀၂ တန်ခန့် တင်ပို့ ခဲ့ပါတယ်။ ယခင်တစ်ပတ်ရေကြောင်းမှ ရော်ဘာတင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ၄၈၇ တန်လျော့ကျခဲ့သော်လည်း ရော်ဘာ အမျိုးအစားအသစ်ဖြစ်တဲ့ Compound ME များကို ဂျပန်နိုင်ငံသို့ စမ်းသပ်တင်ပို့နိုင်ခဲ့ကြောင်း သိရပါတယ်။

ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေးအတက်အကျ အနည်းငယ်သာရှိတဲ့အတွက် ပြည်ပတင်ပို့မယ့် မြန်မာ့ရော်ဘာ FOB ဈေးလည်း ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းရဲ့ဈေးနှုန်းထုတ်ပြန်ချက်အရ သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

## စားအုန်းဆီ

# မလေးရှား ရင်းဂစ်တန်ဖိုးမာလာသဖြင့် စားအုန်းဆီဈေးနှုန်းအပြောင်းအလဲများနေ



အမေရိကန်ဒေါ်လာဈေး မြင့်တက်လာမှုသည် နိုင်ငံတကာငွေကြေးဈေးနှုန်းများကို သက်ရောက် လျက်ရှိရာ ဇွန် ၃၀ ရက် ညနေပိုင်း မလေးရှား စားအုန်းဆီဈေးသည်လည်း ရင်းဂစ်တန်ဖိုးမြင့် တက်လာမှုကြောင့် အပြောင်းအလဲများလျက်ရှိကြောင်း သိရသည်။ရင်းဂစ်ဈေး မြင့်တက်လာမှုသည် နိုင်ငံခြားငွေကိုင်ဆောင်၍ ဝယ်ယူနေသော စားအုန်းဆီဝယ်လက်များကို အထိနာစေခဲ့ပြီး မူလရည်ရွယ်သည့် ဈေးနှုန်းထက် ပိုမိုပေးချေခဲ့ရကြောင်းသိရသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်၏ စက်တင်ဘာလအတွက် စားအုန်းဆီကြိုရောင်းကြိုဝယ်အတွက် ချုပ်ဆိုသည့် စာချုပ်ဈေးသည် သုည ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး စားအုန်းဆီတစ်တန်လျှင် ၂၃၂၆ ရင်းဂစ်ဖြင့် ဇွန် ၃၀ ရက် စားအုန်းဆီဈေးကို ပိတ်သိမ်းခဲ့သည်။ ဇွန်နောက်ဆုံးပတ်ကာလတွင် စားအုန်းဆီဈေးနှုန်းသည် အတက်အကျများခဲ့ပြီး နောက်ဆုံးပတ်ကာလအတွင်း ၁ဒသမ ၈ ရာခိုင်နှုန်းတက်ခဲ့သည်ဟုဆိုသော်လည်း ဇွန်တစ်လလုံးအတွက်မူ ၄ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု ဆိုနိုင်သည်။ ဇွန် ၃၀ ရက်တွင် စားအုန်းဆီ ကုန်သွယ်မှုမှာ ၂၅ တန်တွဲပေါင်း ၃၈၂၄၅ တွဲ ကုန်သွယ်မှုပြုခဲ့သည်။

ရင်းဂစ်တန်ဖိုးမြင့်တက်လာမှုသည် စားအုန်းဆီဈေးအပေါ် ဖိအားတစ်ခုဖြစ်လာခဲ့ပြီး ဝယ်လိုအားနည်းသော်လည်း ရင်းဂစ်ဈေးမြင့်တက်မှုကြောင့် ဈေးကွက်အတွင်း အမြတ်ရစေခဲ့ကြောင်း ကုန်သည်အသိုင်းအဝိုင်းမှ သိရသည်။ စားအုန်းဆီဝယ်လိုအားကျဆင်းနေမှု အခြေအနေမှာ ကာလကြာရှည်ခဲ့ပြီဖြစ်ပြီး ဇွန်လ ၁ ရက်မှ ၂၅ ရက်အတွင်း စားအုန်းဆီတင်ပို့မှုမှာ ၁၂ ဒသမ ၆ မှ ၁၄ ဒသမ ၁ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်။ အိန္ဒိယနိုင်ငံမှ စားအုန်းဆီတင်သွင်းမှုအတွက် အခွန်ပေးဆောင်မှုကိုတိုး မြှင့်ခဲ့ခြင်းကြောင့် အိန္ဒိယမှ ဝယ်လိုအားသည်လည်း လျော့ကျနေခဲ့ကြောင်းသိရသည်။

အမေရိကန်ပြည်ထောင်စု ချီကာဂိုဘုတ်အဖွဲ့၏ ဒီဇင်ဘာလအတွက် ပဲပုပ်ဆီစာချုပ်ဈေးမှာ သုည ဒသမ ၀၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တရုတ်နိုင်ငံဒါလီယံ ကုန်စည်ဒိုင်၏ စက်တင်ဘာအတွက် ပဲပုပ်ဆီစာချုပ်ဈေးမှာ သုည ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **ခင်လေးယု**

## ပြည်တွင်းဆီဈေးနှုန်းများ (၂၉-၆-၂၀၁၈) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၅၀၀ | □ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၅၈၀၀ | ၅၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၆၀၀ | ၄၈၀၀ | □ | ၁၉၀၀ | ၁၇၃၀ | ▽ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မကွေး | ၄၈၀၀ | ၄၈၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၇၃၀ | ▽ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၄၅၀၀ | ၄၄၀၀ | □ | ၁၇၃၀ | ၁၇၃၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၂၉-၆-၂၀၁၈ US$/Ton

| အမျိုးအစား | ဇွန်လတတိယပတ် | ဇွန်လစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၉၈.၀၀ | ၅၈၂.၀၀ | ▽ |
| RBD P.Olein | ၅၉၈.၅၀ | ၅၈၅.၀၀ | ▽ |
| RBD P.Stearin | ၅၉၁.၅၀ | ၅၇၅.၀၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၂၉-၆-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၆၉.၂၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၆၇ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၃၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၀၀ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၀.၅၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၆.၆၀ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၈၉ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၀၈.၁၉၀ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၂၉-၆-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၄၀ ဒေါ်လာနှင့် USD ဈေး ၁၄၀၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၂၉-၆-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၇၄ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

**(ယခင်တစ်ပတ်မှအဆက်)**

ဂင်းအပြင် အောက်ဖော်ပြပါ အကြောင်းအရာများသည်လည်း မြန်မာနိုင်ငံအတွင်း၌ အမေရိကန်ဒေါ်လာဈေးနှုန်းမြင့်တက်လာစေသည့် အကြောင်းအရင်းများဖြစ်သည်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လေ့လာသုံးသပ်ချက်များတွင် တွေ့ရှိရပါသည် -

မြန်မာနိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံများမှ လာရောက်လည်ပတ်သူများသည် အပြိုင်ဈေးကွက် (Black Market) မှ ငွေလဲလှယ်မှုများခြင်း၊ အမေရိကန်အစိုးရ၏ အစုရှယ်ယာဈေးနှုန်းများ မြှင့်တင်ရေးမူဝါဒအရ တိုင်းပြည်စီးပွားရေးတိုးမြှင့်စေရေးအတွက် ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်ခြင်း၊ ကမ္ဘာ့စီးပွားရေးဈေးကွက်တွင်လည်း ရွှေဈေးကျဆင်းနေခြင်းကြောင့် ဒေါ်လာအဝယ်လိုက်လာခြင်း၊ တရုတ်သွင်းကုန် ဈေးနှုန်းမြင့်တက်ချိန်တွင် အမေရိကန်မှလည်း တရုတ်သွင်းကုန်ကို ပိတ်ဆို့ခြင်းကြောင့် မြန်မာနိုင်ငံသို့သွင်းကုန်ပမာဏ မြင့်တက်လာခြင်းနှင့် တရုတ်ငွေကြေး RMB တန်ဖိုးမြင့်တက်လာခြင်း စသည့် အကျိုးသက်ရောက်မှုများကြောင့် ဖြစ်ပေါ်ခြင်း၊ နိုင်ငံခြားငွေလှည့်လည်သုံးစွဲမှု လျင်မြန်စွာတိုးတက်လာခြင်းကြောင့် မြင့်တက်လာခြင်း၊ ငွေလဲလှယ်မှုနှုန်း အတက်/အကျ ဖြစ်ပေါ်ရခြင်းသည် နေ့စဉ်ပြည်တွင်းဝယ်လိုအားနှင့် ရောင်းလိုအား အတက်အကျပေါ်တွင်မူတည်၍ ပြောင်းလဲဖြစ်ပေါ်နေခြင်း၊ ပုဂ္ဂလိကငွေကြေးလဲလှယ်နှုန်း မြင့်တက်လာခြင်းနှင့် အမေရိကန်ငွေကြေးအညွှန်းကိန်း မြင့်လာခြင်း၊ ဒေါ်လာဈေးနှုန်းမြင့်တက်ရခြင်းမှာ မြန်မာနိုင်ငံအနေနှင့် ရာသီဥတုနှင့် ကုန်သွယ်မှုကဏ္ဍကို ချိတ်ဆက်ထားသောကြောင့် ပွင့်လင်းရာသီအစကာလများနှင့် မိုးတွင်းမတိုင်မီကာလများတွင် ဈေးကွက်လိုအပ်ချက်အရ ဒေါ်လာဈေး တက်လေ့ရှိခြင်း၊

နိုင်ငံတော်အနေဖြင့် ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စီးပွားရေးအရ ဦးစားပေးဆောင်ရွက်သည့် လုပ်ငန်းများအပြင် လူမှုရေးအကျိုးအမြတ်ကို ဦးစားပေးဆောင်ရွက်သည့် လုပ်ငန်းများလည်း ပါဝင်သဖြင့် ငွေကြေးဖောင်းပွမှုကို အထိုက်အလျောက်ကြုံတွေ့ရမည်ဖြစ်ပါသည်။ သို့ရာတွင် ထိုစီမံကိန်းများ အကောင်အထည်ဖော်ခြင်းကြောင့် ဆင်းရဲမှုလျော့ကျ၍ အများပြည်သူအားလုံးပါဝင်သည့် တိုးတက်မှု (Inclusive Growth) ကိုဖြစ်ထွန်းစေမည် ဖြစ်ပါသည်။

### မြန်မာနိုင်ငံ၏ အမေရိကန်ဒေါ်လာဈေး မြင့်တက်လာခြင်းဆိုင်ရာ အကျိုးသက်ရောက်မှုများ

ကမ္ဘာ့ဗဟိုဘဏ်မှ အကြီးတန်းအကြံပေးဖြစ်သူ ဦးသန်းလွင်က အမေရိကန်နိုင်ငံ၏ တရုတ်နိုင်ငံအပေါ် အခွန်နှုန်းထားများ တိုးတက်တိုးမြှင့်လိုက်ခြင်းသည် ကုန်သွယ်ရေးအားပြိုင်မှုအဖြစ် အရှိန်အဟုန်မြှင့်လာကာ အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာစေခြင်း၏ အကြောင်းအရာတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးပတ်ဝန်းကျင်နှင့် ကုန်သွယ်ရေးအပိုင်းတွင် ထူးထူးခြားခြားမရှိဘဲ ဖြေးဖြေးမှန်မှန်သာရှိနေသည့်အတွက် ပြည်တွင်းဈေးကွက်အနေဖြင့် ငွေလဲနှုန်းတန်ဖိုး တိုးမြှင့်ခြင်းအပေါ် သက်ရောက်စေသည့်အကြောင်းအရာများသဖွယ် မဖြစ်နိုင်ပါကြောင်းဟု ရှင်းလင်းပြောကြားခဲ့ပါသည်။ ငွေလဲနှုန်းသည် နိုင်ငံတကာ ကုန်သွယ်မှုကို များစွာသက်ရောက်နိုင်စေသည့်အတွက် ပို့ကုန်/သွင်းကုန် ဆောင်ရွက်သူများအနေဖြင့် ငွေလဲနှုန်းတည်ငြိမ်မှုရှိစေရန် လိုလားပါသည်။ ငွေကြေးဖောင်းပွမှုနှုန်း၊ အတိုးနှုန်း၊ သွင်းကုန်တန်ဖိုးနှင့် ပို့ကုန် တန်ဖိုးနှိုင်းယှဉ်ချက်၊ တိုင်းပြည်၏ current account နှင့် လိုငွေပြခြင်းများ၊ နိုင်ငံရေးအခြေအနေနှင့် စီးပွားရေးဆောင်ရွက်ချက်များသည် ငွေလဲနှုန်းအပေါ် အကျိုးသက်ရောက်စေပါသည်။

### ငွေလဲနှုန်းအပေါ် ကုန်သွယ်မှုမျှခြေ၏ အကျိုးသက်ရောက်မှု

ကုန်သွယ်မှုမျှခြေသည် နိုင်ငံခြားငွေလဲလှယ်နှုန်းအတွက် ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ် ၎င်း၏ အကျိုးသက်ရောက်မှုမှတစ်ဆင့် ငွေလဲလှယ်နှုန်းကိုလွှမ်းမိုးလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံသည် သွင်းကုန်ထက် ပို့ကုန်ကိုပိုမိုတင်ပို့မည်ဆိုပါက အဆိုပါကုန်စည်အတွက် မြင့်မားသော ဝယ်လိုအားပိုမိုလိုအပ်မည်ဖြစ်ပြီး ငွေလဲနှုန်းသည်လည်း ပိုမိုလိုအပ်မည်ဖြစ်သည်။ ဝယ်လိုအားနှင့် ရောင်းလိုအားလိုအပ်ချက်အရ ဝယ်လိုအားများလာသည့်အခါ ဈေးနှုန်းမြင့်တက်လာမည်ဖြစ်ပြီး တစ်နည်းအားဖြင့် နိုင်ငံတစ်နိုင်ငံသည် ပို့ကုန်ထက်သွင်းကုန်ပိုမိုများပြားနေပါက ငွေကြေးတန်ဖိုး နိမ့်ကျသွားမည်ဖြစ်သည်။



# အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်လာမှုနှင့် နိုင်ငံတကာငွေကြေးများ၏ တန်ဖိုးကျဆင်းသွားမှု

**လွင်မျိုးဇော်**

### အမေရိကန်ဒေါ်လာ အတက်အကျနှင့် ဆက်စပ်နေသည့် အခြားကိစ္စရပ်များ

အမေရိကန်နိုင်ငံကဲ့သို့ သိသာထင်ရှားသော နိုင်ငံအနေဖြင့် ကြီးမားသည့် current account လိုငွေပြမှုကို လည်ပတ်နိုင်စေရန် အခြားသောအရင်းအနှီးများ (အဓိကအားဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှု) ဝင်လာစေခြင်းဖြင့် ငွေကြေးထောက်ပံ့နိုင်ပါသည်။ လက်ရှိအရ အမှန်တကယ် အကျိုးဖြစ်ထွန်းမည့် ရင်းနှီးမြှုပ်နှံမှုပုံစံကို ဖြစ်စေသော ပြည်ပရင်းနှီးမြှုပ်နှံမှုများကို လည်ပတ်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် ကောင်းမွန်သောဘဏ္ဍာရေးဆိုင်ရာ ဈေးကွက်များမရှိခြင်းကို တွေ့ရပါသည်။ IMF report အရ ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာမှုကြောင့် current account deficit ကျယ်ပြန့်လာခြင်းကို အလေးသာစေသည့်အတွက် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာငွေအရန်ထားရှိမှုသည် ဆက်လက်မြင့်တက်နေလိမ့်မည်ဟု ညွှန်းပြထားသည်ကို တွေ့ရပါသည်။

ဘဏ်စနစ်များ ခိုင်မာမှုမရှိတော့သည့်အခါတွင် ရွှေကို စိတ်ချယုံကြည်ရသည့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းတစ်ခုအဖြစ် စဉ်းစားလာကြသည်။ ငွေစုနှုန်းလျော့ကျလာသည့်အတွက် ရွှေဈေးကျဆင်းလာခြင်းသည် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်မှုတစ်ရပ်ဖြစ်စေသည်။ နိုင်ငံတကာ ရွှေရောင်းဝယ်မှုတွင် ဒေါ်လာဖြင့်သာ ပြုလုပ်ရသည့်အတွက် ဒေါ်လာလိုအပ်ချက် မြင့်မားလာခြင်းကြောင့် နိုင်ငံ၏ current account deficit ကို တစ်စတစ်စဖြစ်စေပါသည်။ ဤကဲ့သို့သော ဖြစ်စဉ်မျိုးကို ကမ္ဘာပေါ်တွင် ရွှေအများဆုံး တင်သွင်းသည့် အိန္ဒိယနိုင်ငံအနေဖြင့် အများဆုံးကြုံတွေ့နေရသည်။ ကုန်သွယ်မှုလိုငွေပြမှုများဆက်တိုက်ဖြစ်ပေါ်လာခဲ့ပြီး နိုင်ငံ၏သုံးစွဲနေသည့်ငွေကြေးတန်ဖိုးကျဆင်းခဲ့သည့်အတွက် အိန္ဒိယအစိုးရအနေဖြင့် ရွှေတင်သွင်းမှုအပေါ် အခွန်တိုးမြှင့်ကောက်ခံခဲ့သည်ကိုလည်း သိရှိရပါသည်။

သို့ဖြစ်၍ ရွှေဈေးနှုန်းနှင့် ငွေစုဆောင်းမှုနှုန်းထပ်မံလျော့ကျမည်ဆိုပါက ကျပ်ငွေအပေါ် ဖိအားတစ်ရပ်ဖြစ်နိုင်မည်ဖြစ်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှု လျော့နည်းလာခြင်းသည်လည်း နိုင်ငံ၏အရင်းအနှီးစာရင်းအပေါ် ဆိုးကျိုးသက်ရောက်စေမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အကြီးမားဆုံးပို့ကုန်ဈေးကွက်ကြီးဖြစ်သည့် တရုတ်နိုင်ငံမှ ၂၀၁၂ ခုနှစ်အတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လျော့ကျလာသည့်အတွက် မြန်မာကျပ်ငွေတန်ဖိုးကျဆင်း၍ တရုတ်ယွမ်တန်ဖိုး မြင့်တက်ခဲ့ပါသည်။

သီးခြားအခြေအနေအရပ်ရပ်အပေါ် မူတည်၍ (ကုန်သွယ်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အခြေအနေများအတွက် လမ်းဖွင့်ပေးမှုများကဲ့သို့သော) နိုင်ငံ၏ စီးပွားရေးအရလုပ်ပိုင်ခွင့်များကို သဟဇာတဖြစ်စေရန်အတွက် ငွေကြေးလဲလှယ်မှုနှုန်းဆိုင်ရာစနစ်သည် အကောင်းဆုံးဖြစ်သည်။ နိုင်ငံရေးအခြေအနေများ၊ မူဝါဒချမှတ်သူများ အများယုံကြည်လက်ခံနိုင်မှုနှင့် အဖွဲ့အစည်းများသည်လည်း အရေးပါသောအချက်များဖြစ်ပါသည်။ နိုင်ငံအားလုံး အထူးသဖြင့် ပြည်ပကုန်သွယ်မှုအပေါ် မှီတည်နေသောနိုင်ငံများအတွက် သင့်တင့်သော စံသတ်မှတ်ထားသည့် ငွေလဲနှုန်းစနစ်မရှိသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ငွေကြေးဆိုင်ရာ မတည်ငြိမ်မှုများကို ရှောင်ရှားနိုင်လိမ့်မည် မဟုတ်ပါ။


မြန်မာကျပ်ငွေတန်ဖိုး မငြိမ်မသက်ဖြစ်မှုသည် အထူးသဖြင့် ၂၀၁၆ ခုနှစ် နှောင်းပိုင်းကာလများတွင် တန်ဖိုးများ လျင်မြန်စွာကျဆင်းလာခြင်းကြောင့်ဖြစ်သည်။

မြန်မာကျပ်ငွေ၏ လမ်းကြောင်း အလားအလာသည် အခြားသော ပြည်ပနိုင်ငံများနည်းတူ လွန်ခဲ့သည့်သုံးနှစ်ကျော်ကတည်းက အမေရိကန်ဒေါ်လာဈေးနှင့် ချိတ်ဆက်နေခဲ့သည်။

### ပြည်တွင်းရွှေဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်ရှိ အမေရိကန်ဒေါ်လာ ပြောင်းလဲမှုနှုန်း

ပြည်တွင်းရွှေဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်ရှိ အမေရိကန်ဒေါ်လာပြောင်းလဲမှုနှုန်းသည် တိုက်ရိုက်ဆက်စပ်မှုရှိနေပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း လျော့ကျလာခြင်းနှင့်အတူ ပြည်တွင်းရွှေဈေးနှုန်းသည် တစ်ကျပ်သားလျှင် မြန်မာကျပ်ငွေ ၈၉၀၀၀၀ ဝန်းကျင်ထိ ရောက်ရှိခဲ့သည်။ ကမ္ဘာ့ရွှေဈေးနှုန်းသည် ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၂၁ အထိ ကျဆင်းခဲ့ပြီး မေ ၄ ရက်က ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၁၂၃၀ ကျော်ထိရှိခဲ့ပါသည်။ အလားတူ အမေရိကန်ဒေါ်လာပြောင်းလဲမှုနှုန်းသည်လည်း မြန်မာကျပ်ငွေ ၁၃၆၀ အထိ မြင့်တက်လာခဲ့သည်။ ဧပြီလအတွင်းက မကြာခဏ ကျဆင်းမှုများတွေ့ခဲ့ရပါသည်။ အမေရိကန်ဒေါ်လာဈေး မြင့်တက်လာမှု၏ market exchange rate အရ ၂၀၁၈ ခုနှစ် ဧပြီလ ၁၈ ရက်၌ ဗဟိုဘဏ်မှ တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၃၆၂ နှုန်းသတ်မှတ်ခဲ့သောကြောင့် ပြည်တွင်းရွှေဈေးနှုန်းသည် ကမ္ဘာ့ရွှေဈေးနှင့်အတူ ကျပ် ၉၁၁၈၀၀ အထိမြင့်တက်လာခဲ့သည်။

### ဩစတြေးလျနှင့် ကနေဒါနိုင်ငံများ၏ အမေရိကန် ဒေါ်လာငွေလဲနှုန်းနှင့် မြန်မာနိုင်ငံ၏ အမေရိကန်ဒေါ်လာ ငွေလဲနှုန်းတို့ အပေါ်နှိုင်းယှဉ်တင်ပြချက်




**ဩစတြေးလျနှင့် ကနေဒါနိုင်ငံများ၏ အမေရိကန်ဒေါ်လာငွေလဲနှုန်းနှင့် မြန်မာနိုင်ငံအမေရိကန်ဒေါ်လာငွေလဲနှုန်းပြအခြေအနေ**

အထက်တွင်ဖော်ပြထားသည့်ပုံအရ Australia နှင့် Canada နိုင်ငံများတွင် စီးပွားရေးတိုးတက်မှုများရှိသော်လည်း ဆင်တူနေခြင်းသည် သိသာထင်ရှားနေပြီး အပြန်အလှန်အားဖြင့် ဒေါ်လာလဲလှယ်မှုနှုန်းကို မြန်မာကျပ်ငွေလဲလှယ်မှုနှုန်းနှင့် တူညီလုနီးပါးဖြစ်နေသည်ကို ဖော်ပြထားသည်။ နိုင်ငံ (၃) နိုင်ငံ၏ ငွေကြေး မတည်ငြိမ်မှုများမှာ စင်စစ်အားဖြင့် ထပ်တူကျလုနီးပါးဖြစ်နေကြသည်ကို မြင်တွေ့နိုင်ပါသည်။

**စာမျက်နှာ ၁၃ သို့**

စာမျက်နှာ (၁၂) အမေရိကန်ဒေါ်လာတန်ဖိုး…… မှအဆက်

## စီးပွားရေးအပေါ် ငွေတန်ဖိုးကျခြင်း၏ အကျိုးသက်ရောက်မှု

**ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်လာခြင်း။** ငွေလဲနှုန်း ကျဆင်းခြင်းဟာ ပို့ကုန်များ ပိုမိုယှဉ်ပြိုင်နိုင်ပြီး နိုင်ငံခြားသားများအတွက် ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူခွင့်ရရှိနိုင်မည်ဖြစ်ပြီး ပို့ကုန်ပိုမိုတင်ပို့နိုင်မည်ဖြစ်သည်။

**သွင်းကုန်များ ပိုမိုဈေးကြီးမြင့်လာခြင်း။** ငွေတန်ဖိုး ကျခြင်းကြောင့် သွင်းကုန်များဖြစ်သော ကုန်ကြမ်းပစ္စည်းများ၊ အစားအစာများနှင့် စက်သုံးဆီများ ပိုမိုဈေးတက်လာမည် ဖြစ်သည်။

**တိုးမြှင့်လာသော ပေါင်းစုဝယ်လိုအား** (Aggregate Demand)။ ငွေတန်ဖိုး ကျဆင်းခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုမြင့်မားလာစေနိုင်မည်ဖြစ်သည်။ ပုံမှန်အခြေအနေတွင် တိုးမြှင့်လာသော ပေါင်းစုဝယ်လိုအားသည် ငွေကြေးဖောင်းပွမှုနှုန်းနှင့် အမှန်တစ်ဦးကျဝင်ငွေ မြင့်မားလာစေမည်ဖြစ်သည်။

**ငွေကြေးဖောင်းပွမှုနှုန်းသည် အောက်ဖော်ပြပါ ငွေတန်ဖိုး ကျခြင်းကိုဖြစ်ပွားရန် အလားအလာရှိစေနိုင်ပါသည်-**

သွင်းကုန်များ ပိုမိုဈေးကြီးလာခြင်း ပေါင်းစုဝယ်လိုအားတိုးမြှင့်လာခြင်း၊ ပို့ကုန်များ ဈေးချိုလာခြင်းကြောင့် ထုတ်လုပ်သူများအနေဖြင့် အကျိုးအမြတ် နည်းလာခြင်းဖြစ်ပါသည်။

**စာရင်းရှင် (Current Account) တွင်တိုးတက်မှု** - ပို့ကုန်များ ပိုမိုယှဉ်ပြိုင်မှုများပြားလာခြင်းနှင့် သွင်းကုန်များပိုမိုဈေးတက်လာခြင်းကြောင့် စာရင်းရှင်လိုငွေ (Current Account Deficit) လျော့ကျသွားမည်ဖြစ်ပြီး သွင်းကုန်နိမ့်ကျခြင်းနှင့် ပို့ကုန်မြင့်တက်ခြင်းကို မြင်တွေ့နိုင်မည်ဖြစ်သည်။

**လုပ်အားခများ** (Wages) - ငွေတန်ဖိုး ကျဆင်းခြင်းသည် နိုင်ငံခြားသား အလုပ်သမားများအတွက် ဆွဲဆောင်မှုကို လျော့ပါးစေနိုင်ပါသည်။

**အမှန်လုပ်အားခများ ကျဆင်းခြင်း** - ငွေတန်ဖိုး နိမ့်ကျခြင်းသည် အမှန်လုပ်အားခများ ကျဆင်းစေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ငွေတန်ဖိုးကျဆင်းခြင်းသည် ငွေကြေးဖောင်းပွမှုနှုန်းကို ဖြစ်ပွားစေသည်။ သို့သော် ငွေကြေးဖောင်းပွမှုနှုန်းသည် တိုးမြှင့်ထားသော လုပ်အားခထက်မြင့်မားနေပါက အမှန်လုပ်အားခကျဆင်းလိမ့်မည်ဖြစ်သည်။

**ငွေတန်ဖိုးနိမ့်ကျခြင်းကို အကဲဖြတ်ခြင်း**-ငွေတန်ဖိုး နိမ့်ကျခြင်း သည် ပို့ကုန်သွင်းကုန် ဝယ်လိုအားအတွက် အတက်အကျ ဖြစ်နိုင်ခြင်း၊ ကမ္ဘာ့စီးပွားရေးအခြေအနေ၊ ငွေကြေးဖောင်းပွခြင်း၊ ငွေတန်ဖိုးနိမ့်ကျခြင်း အကြောင်းရင်းများဖြစ်ပါသည်။


## ငွေကြေးတန်ဖိုးကျဆင်းခြင်းကြောင့် ရရှိလာမည့် အကျိုး / အပြစ်များ

ငွေကြေးတန်ဖိုး ကျဆင်းခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများအနေဖြင့် ပို့ကုန်များ ပိုမိုဈေးသက်သာလာမည်ဖြစ်ပြီး နိုင်ငံခြားဝယ်ယူသူများသို့ ပိုမိုယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာမည်ဖြစ်ပါသည်။ ယင်းသို့သော အကြောင်းရင်းကြောင့် ပြည်တွင်းဝယ်လိုအားပိုမိုများပြားလာမည်ဖြစ်ပြီး ပို့ကုန်ကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများကို တိုးမြှင့်လာစေမည်ဖြစ်ပါသည်။ ပို့ကုန်များပိုမိုမြင့်တက်လာခြင်းသည် ငွေကြေးလိုငွေပြမှုတွင် တိုးမြှင့်မှုကိုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ပို့ကုန်နှင့် စုစုပေါင်းဝယ်လိုအား (aggregate demand-AD) မြင့်မားခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းထားကို ပိုမိုကောင်းမွန်စေပါသည်။ ၎င်းအပြင် ငွေကြေးတန်ဖိုးလျော့ကျလာသည့် အခြေအနေများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) များ ပိုမိုဝင်ရောက်လာတတ်သကဲ့သို့တည်ရှိပြီး (FDI) များကလည်း ယင်းအခြေအနေများတွင် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုအခွင့်သာစေပါသည်။

ငွေကြေးတန်ဖိုးကျဆင်းခြင်းကြောင့် ရရှိလာမည့် အပြစ်အနေဖြင့် ငွေကြေးတန်ဖိုးကျဆင်းခြင်းသည် ငွေကြေးဖောင်းပွမှုကို ဖြစ်ပွားစေသည့် အကြောင်းအရင်းတစ်ရပ်ပင်ဖြစ်ပါသည်။ ငွေကြေးဖောင်းပွခြင်းအားဖြင့် တင်သွင်းသည့် ကုန်စည်နှင့် ကုန်ကြမ်းများသည် ဈေးနှုန်းမြင့်တက်လာမည်ဖြစ်သောကြောင့် သွင်းကုန်များဈေးကြီးလာမည်ဖြစ်သည်။ စုစုပေါင်းဝယ်လိုအားလည်း မြင့်တက်လာမည်ဖြစ်ရာ demand-pull inflation ကိုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ကာလရှည် ငွေကြေးတန်ဖိုးကျဆင်းခြင်းသည် ထုတ်လုပ်မှုလျော့နည်းကျဆင်းမှုကို ဦးတည်လာစေနိုင်ပါသည်။ လုပ်ငန်းရှင်များ / ပို့ကုန်တင်ပို့သူများအတွက် ယှဉ်ပြိုင်နိုင်မှုပိုင်းဆိုင်ရာ မက်လုံးပေးမှုလျော့ကျလာခြင်းကြောင့် ထုတ်လုပ်မှုကျဆင်းလာစေခြင်းဖြစ်ပါသည်။

## အနာဂတ်ကာလ မြန်မာနိုင်ငံနှင့် နိုင်ငံတကာ၏ငွေလဲနှုန်းများအပေါ် ခန့်မှန်းသုံးသပ်ချက်

Trading Economies မှ လေ့လာသုံးသပ်ဖော်ပြထားချက်များအရ ၂၀၁၈ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာသည် တဖြေးဖြေးတက်လာမည်ဟု မျှော်မှန်းထားပါသည်။ မြန်မာနိုင်ငံ၏ ငွေလဲနှုန်းအနေဖြင့် ၂၀၁၈ ခုနှစ် ဒုတိယလေးလပတ်တွင် တစ်ဒေါ်လာလျှင် ၁၃၄၉ ကျပ်နှုန်း၊ တတိယလေးလပတ်တွင် ကျပ် ၁၃၇၀ နှင့် စတုတ္ထလေးလပတ်တွင် ၁၃၉၁ ကျပ်နှုန်းစသည်ဖြင့် တိုးတက်သွားနိုင်ပြီး ၂၀၁၉ ခုနှစ်၊ ပထမလေးလပတ်ကာလတွင် ၁၄၁၂ ကျပ်နှုန်းဖြင့် ဆက်လက်တိုးတက်သွားမည်ဟု ခန့်မှန်းထားသည်ကို တွေ့ရပါသည်။ အလားတူပင် ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအစရှိသည့်နိုင်ငံများတွင်လည်း ဆက်လက်မြင့်တက်နိုင်ကြောင်းသုံးသပ်ထားပါသည်။ အိန္ဒိယနိုင်ငံ၊ တရုတ် (တိုင်ပေ)၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဟောင်ကောင်၊ ဖိလစ်ပိုင်နိုင်ငံအစရှိသည့် နိုင်ငံများတွင်မူ ဒေါ်လာငွေလဲနှုန်းကျဆင်းနိုင်သည်ဟု ခန့်မှန်းထားပါသည်။




**မြန်မာနိုင်ငံ၏ အနာဂတ်ငွေလဲနှုန်းအပေါ် ခန့်မှန်းချက်**

## ငွေလဲနှုန်းတည်ငြိမ်စေရေးအတွက် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ

ပထမအကြံပြုချက်အနေဖြင့် ငွေကြေးဖောင်းပွမှုမှ အခြားသော စီးပွားရေးပိုင်းဆိုင်ရာရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၎င်းကိစ္စရပ်အပေါ် ထိရောက်မြန်ဆန်စွာဆောင်ရွက်သင့်ပါသည်။

ဒုတိယအကြံပြုချက်အနေဖြင့် ငွေလဲနှုန်း မြင့်တက်မှုကာလအတွင်း ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းများ ပိုမိုတိုးမြှင့်လာမှုအပေါ် အားသာချက်အဖြစ် အခွင့်ကောင်းယူကာ ပို့ကုန်များပိုမိုတိုးမြှင့်တင် ပို့နိုင်ရေး၊ အမယ်သစ်ပို့ကုန်များ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ ကျောက်မျက်ရတနာကဲ့သို့သော တန်ဖိုးမြင့်ထုတ်ကုန်များ လေလံတင်ရောင်းချနိုင်ရေး စသည်တို့ကို ပိုမိုဆောင်ရွက်သင့်ပါသည်။

တတိယအကြံပြုချက်အနေဖြင့် မြန်မာနိုင်ငံအနေဖြင့် ယခင်ကာလများကဲ့သို့ တသီးတသန့်ရပ်တည်နေသည့် အနေအထားမျိုး မဟုတ်ဘဲ လက်ရှိကာလတွင် အိမ်နီးချင်းနိုင်ငံများအပြင် အခြားကမ္ဘာ့နိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်နေပြီဖြစ်သဖြင့် ၎င်းအခြေအနေအခွင့်အလမ်းကိုအသုံးချကာ ငွေလဲနှုန်းကိစ္စရပ်များအပါအဝင် အခြားသော ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များကို ထိရောက်စွာဆောင်ရွက်သင့်ပါသည်။

စတုတ္ထအချက်အနေဖြင့် ငွေလဲနှုန်းသတ်မှတ်ရာတွင် ယေဘုယျအားဖြင့် balance of trade တစ်ခုတည်းအပေါ် မူတည်၍ ဆုံးဖြတ်သတ်မှတ်ခြင်းမှာ မလုံလောက်ပါ။ အခြားသော ပြင်ပနိုင်ငံများမှ စီးပွားရေးပိုင်း၊ ဘဏ္ဍာရေးပိုင်းဆက်နွယ်မှုတို့ကိုပါ ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထိုသို့စဉ်းစားရာတွင် နိုင်ငံခြားတိုင်းပြည်များတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများထံမှ ငွေကြေးလွှဲပြောင်းပေးပို့ခြင်းမှ ဒေါ်လာငွေကြေးစီးဝင်မှု၊ အသားတင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပိုင်းမှ ဒေါ်လာစီးဝင်မှုများ၊ နိုင်ငံခြားအကူအညီအထောက်အပံ့ပြုမှု၊ ချေးငွေများအစရှိသည့် ငွေကြေးစီးဝင်မှုများပါဝင်ပါသည်။ အဆိုပါငွေကြေးစီးဝင်မှု အချက်အလက်များသည် the current၊ financial နှင့် capital accounts များ၏ ငွေစာရင်းရှင်းတမ်းများတွင် ပါဝင်သင့်ပါသည်။

ပဉ္စမမြောက်အနေဖြင့် ငွေလဲနှုန်းကို ဈေးကွက်ပေါက်ဈေးနှုန်းအောက် သိသိသာသာ လျော့နည်းအောင် ထိန်းချုပ်ဆောင်ရွက်ခြင်းသည် ၎င်းတို့၏ ဒေါ်လာငွေကြေးထုတ်ယူသုံးစွဲရန်နှင့် အမြတ်အစွန်းအမြောက်အမြားရရှိရန် ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းဘဏ်များတွင် နိုင်ငံခြားငွေအပ်နှံထားသူများအတွက် မက်လုံးပေးနိုင်မည်ဖြစ်ပါသည်။

ဆဋ္ဌမမြောက်အချက်အနေဖြင့် ပြင်ပနိုင်ငံများနှင့် ကုန်သွယ်မှုနှင့် စီးပွားရေးပိုင်း ဆက်သွယ်ဆောင်ရွက်ခြင်းများတွင် စာရင်းဇယားအချက်အလက်များ ယုံကြည်စိတ်ချနိုင်သော၊ အချိန်မီလွယ်ကူစွာရရှိနိုင်ခြင်းသည် မြန်မာနိုင်ငံအနေဖြင့် ရှေ့ဆက်ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် ငွေလဲနှုန်းပြဿနာရပ်များကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် အထောက်အပံ့ပြုနိုင်မည်ဖြစ်ပါသည်။

## ငွေလဲနှုန်းတည်ငြိမ်စေရေးအတွက် အခြားနိုင်ငံများ၏ ဆောင်ရွက်ချက်များ

ငွေလဲနှုန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အချက်တစ်ခုဖြစ်ပါသည်။ ငွေလဲနှုန်းကို ကျော်လွန် တန်ဖိုးသတ်မှတ်ခြင်းသည် ကုန်သွယ်ရေးပိုင်းဆောင်ရွက်ချက်များကို နှေးကွေးလျော့ပါးစေနိုင်သည့်အတွက် နိုင်ငံ၏ စက်မှုလုပ်ငန်းပိုင်းဆောင်ရွက်ချက်များကို လျော့ကျစေခြင်း၊ ရင်းနှီးမြှုပ်နှံသူများကို အဟန့်အတားဖြစ်စေခြင်း၊ အလုပ်လက်မဲ့များတိုးပွားလာနိုင်ခြင်း၊ ဆင်းရဲနွမ်းပါးမှု အဝွန့်ရှည်စေနိုင်ခြင်းနှင့် နိုင်ငံသားများတိုင်းပြည်ကိုစွန့်ခွာကာ အခြားနိုင်ငံများသို့ ပြောင်းရွှေ့လုပ်ကိုင်ဆောင်ရွက်ခြင်း၊ လူကုံထံနှင့် ဆင်းရဲနွမ်းပါးသူအလွှာကြီးထွားလာခြင်း၊ နိုင်ငံတော်၏ကြံ့ခိုင်မှုနှင့် နိုင်ငံသားတို့၏ စည်ပင်ဝပြောမှုယုတ်လျော့လာခြင်းစသည်တို့ကို ဦးတည်လာစေနိုင်ပါသည်။

အရှိန်အဟုန်ဖြင့် တိုးတက်နေသည့် ထွန်းသစ်စစီးပွားရေးနိုင်ငံများဖြစ်ကြသည့် တရုတ်၊ စင်ကာပူ၊ တရုတ်(ထိုင်ပေ)၊ တောင်ကိုရီးယား၊ ဗီယက်နမ်စသည့်နိုင်ငံများတွင် ငွေလဲနှုန်းကိုတန်ဖိုးနှိမ့်ချကာ ဆောင်ရွက်နေသည်ကိုတွေ့ရပြီး ၎င်းဆောင်ရွက်မှုသည် စက်မှုလုပ်ငန်းတိုးတက်ထွန်းကားလာစေမှု၊ ထုတ်လုပ်မှုဆိုင်ရာ ပို့ကုန်ပိုင်းမြင့်တက်လာစေမှု၊ သွင်းကုန်အစားထိုး ထိရောက်သည့်လုပ်ဆောင်ချက်များ တိုးမြှင့်ဆောင်ရွက်လာနိုင်မှုတို့ကို တွန်းအားပေးနိုင်ပါသည်။

## နိဂုံးချုပ် သုံးသပ်အကြံပြုချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေလဲနှုန်းဆိုင်ရာကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်များချမှတ်ရာတွင် လွတ်လပ်စွာ ချမှတ်ဆောင်ရွက်သင့်ပြီး ယင်းအစီအမံများနှင့် ဆုံးဖြတ်ချက်များသည် ဘဏ်လုပ်ငန်းပိုင်းနှင့် ဘဏ္ဍာရေးပိုင်းတို့တွင် စနစ်တကျ စစ်ဆေးအကဲဖြတ် သုံးသပ်ချက်များအပေါ် အခြေခံဆောင်ရွက်ရပါမည်။ အမေရိကန်ဒေါ်လာတန်ဖိုးတက်ခြင်းသည် မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများ၏ ငွေကြေးတန်ဖိုးကျဆင်းခြင်းကို ဖြစ်ပေါ်စေတတ်သဖြင့် ငွေကြေးတန်ဖိုး ကျဆင်းခြင်းအပေါ် စဉ်ဆက်မပျက် စောင့်ကြည့်လေ့လာသုံးသပ်မှုများ ပြုလုပ်သွားရန် လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံခြားငွေလဲနှုန်းသည် ကုန်သွယ်မှုအပေါ် တိုက်ရိုက်ဆက်စပ်အကျိုး သက်ရောက်မှုရှိနေခြင်းကြောင့် ငွေလဲနှုန်းတည်ငြိမ်မှုရှိစေရေးကို အလေးထားဆောင်ရွက်သင့်ပါသည်။ အမေရိကန်ဒေါ်လာငွေဈေးမာခြင်းကြောင့် မြန်မာ့ကျပ်ငွေတန်ဖိုး လျော့ကျခြင်း (ကျဆင်းခြင်း) သည် ကာလတစ်ခုအထိ ဆက်တိုက်ဖြစ်ပေါ်နေမည်ဆိုပါက မိမိနိုင်ငံ၏ ပို့ကုန်ပစ္စည်းများအတွက် ဈေးကွက်အခွင့်အလမ်း ပိုမိုရရှိနိုင်စေသည့်အတွက် ပို့ကုန်မြှင့်တင်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကုန်ကြမ်းအတိုင်းတင်ပို့ခြင်းအစား တန်ဖိုးမြှင့်ထုတ်ကုန်များ တင်ပို့ခြင်းကို မြှင့်တင်ဆောင်ရွက်သင့်ပါသည်။ SME များနှင့် ပြည်ပပို့ကုန်များအတွက် Trade Financing ဆိုင်ရာ အထောက်အပံ့များပံ့ပိုးပေးနိုင်ရေး တိုးမြှင့်ဆောင်ရွက်သင့်ပါကြောင်း လေ့လာသုံးသပ်အကြံပြုတင်ပြအပ်ပါသည်။

■

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်နှင့် သကြား ပြည်တွင်းဈေးနှုန်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ဈေးနှုန်းသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဇွန်လနောက်ဆုံးပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၂ နိုင်ငံရှိ၍ တူနီးရှားနိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် ၄ ဒသမ ၁၀ ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဓာတ်ဆီဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံ ၅၉ နိုင်ငံရှိပြီး မြန်မာ၊ ထိုင်း၊ တရုတ်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံစသည့်နိုင်ငံများပါဝင်၍ ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့်နိုင်ငံအနေဖြင့် ၄၁ နိုင်ငံရှိ၍ ဂျပန်၊ အိန္ဒိယ၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၄ဒသမ ၁၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဇွန်လ ၂၅ ရက်နေ့ Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် စင်ကာပူနိုင်ငံသည် အမေရိကန်ဒေါ်လာ သုညဒသမ ၉၀ရာခိုင်နှုန်းထိ ဈေးနှုန်းမြင့်တက်ခဲ့ပြီး မြန်မာ၊ လာအို၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် မလေးရှားနိုင်ငံများသည် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေ၍ ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁ဒသမ ၆၀ရာခိုင်နှုန်း၊ ဖိလစ်ပိုင်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၁ဒသမ၄၀ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၀ ရာခိုင်နှုန်းထိ ဈေးကျခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၈ ခုနှစ်ဇွန်လ ၂၅ ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဇွန်လနောက်ဆုံးပတ်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၄ နိုင်ငံရှိခဲ့၍ တူနီးရှားနိုင်ငံသည် ယခင်တစ်ပတ်ဈေးနှုန်းထက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၀ရာခိုင်နှုန်းထိ အမြင့်မားဆုံးအဖြစ် ဈေးနှုန်းမြင့်တက် ခဲ့ပါသည်။

ယခုတစ်ပတ်အတွင်း ဒီဇယ်ဈေးနှုန်း တည်ငြိမ်သည့် နိုင်ငံများသည် မြန်မာ၊ ထိုင်း၊ လာအို၊ အင်ဒိုနီးရှားနှင့်မလေးရှား နိုင်ငံစသည့် နိုင်ငံများအပါအဝင် ၆၁ နိုင်ငံရှိပြီး ၎င်းနိုင်ငံများသည် ယခင်တစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းပြောင်းလဲခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ဈေးနှုန်းကျဆင်းသွားသည့်နိုင်ငံအနေဖြင့် ၃၇ နိုင်ငံရှိ၍ အိန္ဒိယ၊ ဂျပန်နှင့် ဗီယက်နမ်နှင့် ကမ္ဘောဒီးယား နိုင်ငံတို့ဖြစ်ပြီး ယခင်တစ်ပတ်ဈေးနှုန်းထက် အမေရိကန်ဒေါ်လာ သုညဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၈၀ရာခိုင်နှုန်းထိ ကျဆင်းခဲ့သည်ကို တွေ့ရှိရပါသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ်ဇွန်လ ၂၅ရက်နေ့ Global Petrol Prices Website တွင်ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ဖိလစ်ပိုင်နိုင်ငံသည် ၁ ရာခိုင်နှုန်း၊ စင်ကာပူနိုင်ငံသည် သုညဒသမ ၈၀ ရာခိုင်နှုန်းထိ ဈေးတက်ခဲ့ကာ မြန်မာ၊ လာအို၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် မလေးရှားနိုင်ငံများသည် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေသည်ကို တွေ့ရှိရပြီး ကမ္ဘောဒီးယားနိုင်ငံသည် သုညဒသ မ ၉၀ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံသည် ၁ဒသမ ၃၀ရာခိုင်နှုန်း ထိဈေးနှုန်း ကျဆင်းခဲ့ပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၈ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓါတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| | | | တန်ဖိုး - အမေရိကန်ဒေါ်လာ | |
|---|---|---|---|---|
| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓါတ်ဆီ | ဒီဇယ် |
| ၁ | မြန်မာ | လီတာ | ၀.၆၂ | ၀.၆၁ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၇ | ၀.၇၅ |
| ၃ | ထိုင်း | လီတာ | ၁.၁၁ | ၀.၈၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၄ | ၀.၇၇ |
| ၅ | စင်္ကာပူ | လီတာ | ၁.၆၁ | ၁.၂၂ |
| ၆ | မလေးရှား | လီတာ | ၀.၅၅ | ၀.၅၄ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၄ | ၀.၈၄ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၆ | ၀.၉၃ |
| ၉ | လာအို | လီတာ | ၁.၂၆ | ၁.၀၁ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၈ ခုနှစ် ဇွန်လ နောက်ဆုံးတစ်ပတ် ၂၅ ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ နှင့် ဒီဇယ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ဒသမ ၀၄ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း ၂၁ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီ ဈေးနှုန်း၂၃ နိုင်ငံမြောက်တွင် ရှိနေသောကြောင့် ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် စက်သုံးဆီဈေးနှုန်း သက်သာသော နိုင်ငံများတွင်

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

| စဉ် | မြို့အမည် | ဧည့်မထဆန်(ကျပ်/ပြည်) | | | | |
|---|---|---|---|---|---|---|
| | | ၂၂-၀၆-၂၀၁၈ | ၂၅-၀၆-၂၀၁၈ | ၂၆-၀၆-၂၀၁၈ | ၂၇-၀၆-၂၀၁၈ | ၂၈-၀၆-၂၀၁၈ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မြစ်ကြီးနား | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၂ | လားရှိုး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၃ | ကျိုင်းတုံ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၄ | တောင်ကြီး | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၅ | လွိုင်ကော် | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ | ၁၆၀၀ |
| ၆ | ဘားအံ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၇ | မော်လမြိုင် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၈ | ထားဝယ် | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ | ၁၃၅၀ |
| ၉ | မြိတ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၀ | ရန်ကုန် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၁ | ပုသိမ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၁၂ | စစ်တွေ | ၁၀၀၀ | ၁၀၀၀ | ၁၀၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၁၃ | ဟားခါး | ၁၇၅၀ | ၁၇၅၀ | ၁၇၅၀ | ၁၇၅၀ | ၁၇၅၀ |
| ၁၄ | မုံရွာ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ | ၁၉၀၀ |
| ၁၅ | မန္တလေး | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၆ | ပခုက္ကူ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ | ၁၄၀၀ |
| ၁၇ | မကွေး | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၁၈ | ပြည် | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၂၀၀ |
| ၁၉ | ပဲခူး | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ | ၁၁၀၀ |
| ၂၀ | ဖျာပုံ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ | ၁၂၅၀ |
| ၂၁ | နေပြည်တော် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၂၂ | ကလေး | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၈ ခုနှစ်၊ ဇွန် ၂၅ ရက်တွင် International Rice Market Website တွင် ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၁ ဖြင့်လည်းကောင်း၊ ထိုင်းဆန် ဈေးနှုန်းများမှာ ၁၀၀ မှတ် ဘီဂရိတ်ဆန်တစ်တန်လျှင်အမေရိကန် ဒေါ်လာ ၄၀၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၇၆၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၈၅ နှင့် ပေါင်းဆန်ဈေးနှုန်းမှာ အမေရိကန် ဒေါ်လာ ၃၈၀ ရှိခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၄၆ နှင့် အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၀ ဖြင့် လည်းကောင်းအသီးသီး ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခင်တစ်ပတ်ဈေးများနှင့် နှိုင်းယှဉ်ကြည့်ပါက ထိုင်းနှင့်ဗီယက်နမ်ဆန် ဈေးနှုန်းများဈေးကျသွားပြီး ပါကစ္စတန်ဆန်ဈေးနှုန်း အနည်းငယ် တက်သွားသည်ကို လေ့လာတွေ့ရှိရပါသည်။ အိန္ဒိယဆန်ဈေးနှုန်းမှာမူ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ထိုင်းနိုင်ငံတွင် ယခုတစ်ပတ်အတွင်း ဆန်ဈေးနှုန်းကျခြင်းမှာ မိုးများပြီး သယ်ယူပို့ဆောင်ရေးအခက်အခဲများကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။ ဧပြီလနောက်ဆုံးပတ်အတွင်း ဆန် ၅မှတ် တစ်တန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၉ ခန့်ပေါက်ဈေးရှိခဲ့ပြီး ဇွန်လ ၁၃ ရက်တွင် အမေရိကန်ဒေါ်လာ ၄၃၇ ပေါက်ဈေးဖြစ်သဖြင့် ဈေးကျသွားကြောင်း လေ့လာသိရှိရပါသည်။ သို့သော်လည်း မလေးရှား ၊ အင်ဒိုနီးရှား ၊ တရုတ်နှင့် ဖိလစ်ပိုင်နိုင်ငံများမှ ဆန်ဝယ်ယူမှု ပိုမိုလာသဖြင့် ထိုင်းနိုင်ငံအနေဖြင့် ဈေးနှုန်းကျဆင်းမှုအပေါ် စိုးရိမ် မှုမရှိကြောင်း သိရှိရပါသည် ။ ထိုင်းနိုင်ငံ စီးပွားရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း ဆန်တန်ချိန် ၁၀ သန်းခန့်တင်ပို့ရန် ရည်ရွယ်ထားကြောင်းလည်း သိရှိရပါသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ၂၀၁၈ ခုနှစ် ဇွန် ၂၂ ရက်မှ ၂၈ ရက်အတွင်း ဖြစ်ပေါ်နေသောဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၂ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန်တစ်အိတ်လျှင် ၂၆၄၉၆ ကျပ်ခန့် ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်ဈေးနှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိကြောင်း လေ့လာသိရှိရ ပါသည်။ မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ဇွန် ၂၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင်၂၁၂ ကျပ်နှုန်းရှိပြီး ဧည့်မထဆန် ၂၅ မှတ် တစ်အိတ်လျှင် ကျပ် ၂၅၄၄၀ မှ ၂၅၆၅၂ ကျပ်ထိ ပေါက်ဈေးရှိသဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းအနည်းငယ် တက်သွားကြောင်း သိရှိရ ပါသည်။

USDA စာရင်းများအရ ၂၀၁၈ ခုနှစ် မေလအတွင်း ကမ္ဘာ့ဆန်အဓိကတင်သွင်းသောနိုင်ငံများ၏ တင်သွင်းနိုင်မည့် တန်ချိန်မှာ ဘင်္ဂလားဒေ့ရှ် ၁ ဒသမ ၁၀၀ သန်း၊ တရုတ် ၅ ဒသမ ၅၀၀ သန်း၊ အိုင်ဗရီကို့စ် ၁ ဒသမ ၆၅၀ သန်း၊ EU ၂ဒသမ ၀၀၀ သန်း၊ ဖိလစ်ပိုင် ၁ ဒသမ ၁၀၀ သန်း၊ အင်ဒိုနီးရှား ၁ ဒသမ ၂၀၀ သန်းနှင့် ဂျပန်သုည ဒသမ ၆၈၅ သန်း တင်သွင်းမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာ့ဆန်တင်ပို့သည့် နိုင်ငံများအနက် မြန်မာနိုင်ငံအနေဖြင့် တန် ချိန် ၃ ဒသမ ၅ သန်း တင်ပို့မည်ဟု USDA စာရင်းများအရ

# တရားမဝင်ကုန်သွယ်မှုများ လျော့နည်းကျဆင်းရေးအတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍ

မောင်မောင်ချိန်ခွင်

နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အဓိကတွန်းအားများမှာ စီးပွားလုပ်ကိုင်ရလွယ်ကူမှု၊ အခြေခံအဆောက်အဦများ ပြည့်စုံကောင်းမွန်မှု၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ လုပ်သာကိုင်သာရှိမှုနှင့် ဥပဒေများအတိုင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ နိုင်ငံရေးတည်ငြိမ်ပြီးလုံခြုံရေးအပြည့်အဝရရှိမှုနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အသိပညာ ရေချိန်မြင့်မားမှုတို့ပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရာ၌ ပင်လယ်ရေကြောင်း၊ လေကြောင်းများမှတစ်ဆင့် ဆောင်ရွက်နိုင်သောပုံမှန်ကုန်သွယ်မှု (Conventional Trade) နည်းလမ်းနှင့် နယ်စပ်ဒေသများမှတစ်ဆင့် ဆောင်ရွက်နိုင်သော နယ်စပ်ကုန်သွယ်မှုနည်းလမ်း (Border Trade) ဟူ၍ ကုန်သွယ်မှုနည်းလမ်းနှစ်မျိုးဖြင့်ဆောင်ရွက်ခွင့်ပြုထားပါသည်။ ပုံမှန်ကုန်သွယ်မှုနည်းလမ်းဆိုသည်မှာ နိုင်ငံတကာအဖွဲ့အစည်းများမှ သဘောတူ သတ်မှတ်ထားသည့် ကုန်သွယ်မှုစနစ်၊ ဘဏ်လုပ်ထုံးလုပ်နည်း စနစ်များနှင့်အညီ တင်ပို့ခြင်း၊ တင်သွင်းခြင်းကိုဆိုလိုခြင်းဖြစ်ပါသည်။ နယ်စပ်ကုန်သွယ်မှုနည်းလမ်းမှာ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသော အိမ်နီးချင်းနိုင်ငံ တစ်ခုခု၏ နယ်နိမိတ်ကို ဖြတ်ကျော်၍ သတ်မှတ်ခွင့်ပြုထားသည့်လုပ်ထုံးလုပ်နည်းနှင့်အညီ ကုန်ပစ္စည်းများတင်ပို့ခြင်း၊ တင်သွင်းခြင်းကိုဆိုလိုပါသည်။

နယ်စပ်ကုန်သွယ်ရေး၏ အခန်းကဏ္ဍသည် နိုင်ငံတော် ကုန်သွယ်မှုပမာဏ တစ်ခုလုံး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၂၆ ရာခိုင်နှုန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၇ ရာခိုင်နှုန်းနှင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ၂၅ ရာခိုင်နှုန်းရှိကြောင်း ကုန်သွယ်ရေးဦးစီးဌာနမှ နှစ်စဉ်ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များအရသိရှိရပါသည်။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ရပ်၊ ဝန်ကြီးဌာန၏ မျှော်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နယ်စပ်ကုန်သွယ်ရေးစခန်းများ၏ လုပ်ငန်းအောင်မြင်မှုအပေါ် များစွာမှီတည်နေသည်ကိုတွေ့ရပါသည်။ ကုန်သွယ်မှုပမာဏလျာထားချက်များ ပြည့်မီကျော်လွန်ရေးအတွက် ကုန်သွယ်ရေးစခန်းများ၊ ပို့ကုန်သွင်းကုန်ရုံးများအနေဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းကြရသည်။ ဆက်စပ်ဌာနများ၊ လုံခြုံရေးအဖွဲ့အစည်းများအပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပေါင်းစပ်ဆောင်ရွက်လုပ်ကိုင်ကြရပါသည်။ ထို့အပြင် လစဉ်ပြုလုပ်သော ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးများ၌ ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် မီဒီယာများအား ဖိတ်ကြား၍ မိမိတို့ဝန်ကြီးဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ပေးမှုများကို သိရှိနားလည်အောင် ရှင်းလင်းဆွေးနွေးခြင်း၊ လစဉ်ကုန်သွယ်မှုပမာဏလျာထားချက် ပြည့်မီစေရေး ဆောင်ရွက်နိုင်သည့်အချက်များ ပူးပေါင်းဆွေးနွေးခြင်း၊ တရားမဝင် ကုန်သွယ်မှုအခြေအနေသတင်းများရရှိအောင်ကြိုးစား၍ တားဆီးထိန်းချုပ်နိုင်မည့် နည်းလမ်းများ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ကြရပါသည်။ ကုန်သွယ်မှုပမာဏများ တစ်နှစ်ထက်တစ်နှစ်၊ တစ်လထက်တစ်လ ပိုမိုတိုးတက်ရရှိရေးအတွက် အဓိကအချက်မှာ စီးပွားရေးလုပ်ငန်းရှင်များက ကုန်ပစ္စည်းတင်ပို့တင်သွင်းရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းအတိုင်း စီးပွားရေးကျင့်ဝတ်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်မှုအပေါ်တွင် များစွာမူတည်နေသကဲ့သို့ မိမိတို့နိုင်ငံတွင်းမှ အခြားနိုင်ငံများသို့ တန်ဖိုးမြင့်ထုတ်ကုန်များ မည်မျှထိတင်ပို့နိုင်သလဲဆိုသည့် အချက်ပေါ်တွင်လည်း ထည့်သွင်း စဉ်းစားကြရပါမည်။

တရားမဝင် ကုန်သွယ်မှုများဖြစ်ပေါ်နေမှုရှိ/မရှိကိုဈေးကွက်အတွင်း လေ့လာကြည့်ခြင်းများ ဆောင်ရွက်နေပြီး မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းနှင့် ရန်ကုန်-မြဝတီ ကုန်သွယ်ရေးလမ်းကြောင်းပေါ်ရှိ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းတို့မှ ပူးပေါင်း စစ်ဆေးရေးအဖွဲ့များကလည်း နေ့စဉ်ရက်ဆက်ဆိုသလို တရားမဝင်ကုန်ပစ္စည်း ဖမ်းဆီးရရှိနေမှုများက သာဓကပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု၏အရအသုံးဆိုင်ရာငွေစာရင်းတွင် လိုငွေ ကျပ်နှစ်ထရီလီယံနှင့် ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ငါးဘီလီယံရှိကြောင်း သိရှိရပြီး ယင်းတို့ကိုတစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် တရားမဝင်ကုန်သွယ်မှုကိုထိန်းချုပ်ရန် လိုအပ်ကြောင်း ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့ဖူးပါသည်။ အဆိုပါကော်မရှင်မှပင် တစ်နိုင်ငံလုံးကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းမှာ တရားမဝင် ကုန်သွယ်မှု (Illicit Trade) ဖြစ်နေကြောင်း ထည့်သွင်းဖော်ပြထားပါသည်။

တရားမဝင် ကုန်သွယ်မှု၏ အကျိုးဆက်အနေဖြင့် နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်အခများ ပြည့်ပြည့်ဝဝမရရှိခြင်း၊ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများဆုံးရှုံးခြင်း၊ ကုန်သွယ်ရေးအညွှန်းကိန်း အချက်အလက်များမှန်ကန်တိကျမှုမရှိသဖြင့် နှစ်စဉ်ရေတိုရေရှည်စီမံကိန်းများချမှတ်ရာတွင် မသေချာမှုနှင့် အကျိုးသက်ရောက်မှုမရှိခြင်း၊ အသေးစားနှင့်အလတ်စားစက်မှုလက်မှုလုပ်ငန်းများ (SME) ၏ ရှင်သန်ရပ်တည်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများထိခိုက်ဆုံးရှုံးခြင်း၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) များဝင်ရောက်ရေးအတွက် အဟန့်အတားဖြစ်ပေါ်ခြင်း၊ နိုင်ငံတော်၏ စီးပွားရေးထိခိုက်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ထိခိုက်နစ်နာခြင်း၊ အဂတိတရားလိုက်စားမှုများ တိုးတက်လာနိုင်ခြင်းတို့ကို ဖြစ်ပေါ်လာနိုင်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကုန်သွယ်မှုပမာဏများမှန်ကန်စွာရရှိစေရေးတို့အတွက် တရားမဝင်ကုန်သွယ်မှုများတစ်စထက်တစ်စလျော့နည်းကျဆင်းလာစေရန်စနစ်တကျ တားဆီးထိန်းချုပ်ရန် လိုအပ်ပါသည်။

တရားမဝင် ကုန်သွယ်မှုကိုတားဆီးထိန်းချုပ်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ SOP (Standard Operating Procedure) များဖြင့် တိတိကျကျမှန်မှန်ကန်ကန်ဆောင်ရွက်ရန် လိုအပ်ပါသည်။ တစ်ကြိမ် တားဆီးခံရပြီး နောက်ထပ်တစ်ကြိမ် ထပ်မံ၍ တရားမဝင် ဆောင်ရွက် မလာရဲအောင် ဥပဒေနှင့်အညီပြတ်ပြတ်သားသား အရေးယူကြရမည်ဖြစ်ပါသည်။ ဥပဒေကိုလိုက်နာကြရမည့်သူများရော ဥပဒေကိုကိုင်၍ သုံးစွဲနေသူများပါ ဥပဒေကို လက်တစ်လုံးခြားမလုပ်မိကြရန် အရေးကြီးပါသည်။ တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်သော ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ တိတိပပပြဋ္ဌာန်းပြီး ဥပဒေနှင့်ညီညွတ်မှုမရှိပါက တိတိကျကျ အရေးယူဆောင်ရွက်လာနိုင်မည်ဆိုပါက တဖြည်းဖြည်းနှင့် တရားမဝင်ကုန်သွယ်မှုများ လျော့နည်းလာနိုင်ပြီး ကုန်သွယ်မှုပမာဏများလည်း တိုးတက်လာနိုင်မည့်အပြင် အဂတိတရားလိုက်စားမှုများ ပျောက်ကွယ်လာနိုင်ပါသည်။

နယ်စပ်ကုန်သွယ်ရေးစခန်းများသည်များသောအားဖြင့် နယ်စပ်ဒေသများတွင်သာ တည်ရှိသဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဒေသအာဏာပိုင်အုပ်ချုပ်ရေး၊ လုံခြုံရေးအဖွဲ့များ၏ အားတက်သရောပူးပေါင်းဆောင်ရွက်လာမည်ဆိုပါကနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများသည် ယခုထက်ပိုမို၍များစွာတိုးတက်လာနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

■

# ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ဖမ်းဆီးရမိသတင်း



ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်း ဦးစီး(OSS) အဖွဲ့သည် သတင်းအရ ဇွန် ၂၆ ရက် ၁၅ ၃၀ ချိန်တွင် မြစ်ကြီးနားဘက်မှ တရုတ်နိုင်ငံဘက်သို့ ယာဉ်မောင်း ဦးဇော်ဇော်(ဘ) ဦးတင်နှင့် ယာဉ်နောက်လိုက် ဦးနေဝင်း(ဘ)ဦးတင်ထွန်းတို့မောင်းနှင်သည့် ယာဉ်အမှတ် YGN 3I-2792(Alphard) ယာဉ်အား တားဆီးစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင် သစ်ခွဲသားများတွေ့ရှိရသဖြင့် ယာဉ်နှင့်ယာဉ်ပေါ်ပါပစ္စည်းများအား မြစ်ကြီးနားမြို့နယ် အကောက်ခွန်ဦးစီးဌာနသို့ လည်းကောင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ကန်ပိုက်တီနယ်မြေရဲစခန်းသို့ လည်းကောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အပ်နှံဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

ဖမ်းဆီးရမိ တန်ဖိုးအနေဖြင့် မော်တော်ယာဉ်၏ ခန့်မှန်းတန်ဖိုးကျပ် ၃၅၀၀၀၀၀ နှင့် သစ်ခွဲသား ၁၄၀ ချောင်း၊ တန်ချိန် သုည ဒသမ ၉၉၂၆ တန်၊ ခန့်မှန်းတန်ဖိုး ကျပ် ၂၄၈၁၅၀ ဖြစ်၍ စုစုပေါင်း ဖမ်းဆီးရမိခန့်မှန်းတန်ဖိုးမှာ ကျပ် ၃၇၄၈၁၅၀ ဖြစ်ကြောင်းနှင့် တရားမဝင်သစ်ခွဲသားများ သယ်ဆောင်လာသည့် ယာဉ်မောင်းနှင့် ယာဉ် နောက်လိုက်တို့အား ကန်ပိုက်တီနယ်မြေရဲစခန်းတွင်(ပ)၄/၂၀၁၈ သစ်တောအက်ဥပဒေ ပုဒ်မ ၄၃(က)ဖြင့် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းအနေဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ ဆုံးရှုံးနစ်နာမှုမရှိစေရေး၊ တရားဝင်အခွန်အခ ပေးဆောင်၍ ကုန်သွယ်မှုလုပ်ငန်းများဆောင် ရွက်လျက်ရှိကြသည့် လုပ်ငန်းရှင်များထိခိုက်မှုမရှိစေရန် တရားမဝင် တင်သွင်း/တင်ပို့မှုမရှိစေရေးအတွက် သတင်းရယူ၍ တားဆီးရေးလုပ်ငန်းများကို OSS ဌာနဆိုင်ရာအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်အစွမ်းကုန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်းနှင့် အခွန်အခများတိုးတက် ရရှိစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိပါတယ်။

**အေးအေးဝင်း**

# စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ(၂/၂၀၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ(၂/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ဇွန် ၂၉ ရက် နံနက် ၁၁ နာရီတွင် ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့ရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအစည်းအဝေးတွင် ကော်မတီအနေဖြင့် ယခင်အစည်းအဝေးမှ ညှိနှိုင်းဆွေးနွေးထားသည့် ကော်ဖီစေ့စံချိန်စံညွှန်းမူကြမ်းကို အမျိုးသားစံချိန်စံညွှန်းကောင်စီသို့ တင်ပြနိုင်ရေးအတွက် အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရှိရပါသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက



အဖွင့်အမှာစကားပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ကော်မတီဝင်များမှ ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရှိရပါသည်။

စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီအား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄၅/၂၀၁၃)ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်မှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ၁၄ ဦးဖြင့် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အဖွဲ့ဝင် ၂၀ ဦးဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။

စိုက်ပျိုးရေးအခြေခံထုတ်ကုန် စံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီတွင် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ယူ၍ ဆန်၊ ပဲမျိုးစုံတို့၏ စံချိန်စံညွှန်းများကို ရေးဆွဲသတ်မှတ်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ သီးနှံ ၁၈ မျိုး ရေးဆွဲရန်လျာထားပြီး ၎င်းသီးနှံများအား စံချိန်စံညွှန်းရေးဆွဲရာတွင် လုပ်ငန်းစဉ်များအား ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် (Working Group) များဖွဲ့စည်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းတို့အနက်မှ မြေပဲ၊ နှမ်း၊ ဖရဲနှင့် ထောပတ်တို့၏ စံချိန်စံညွှန်း(မူကြမ်း)များကို ရေးဆွဲပြီး ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနသို့ပေးပို့ထားပြီးဖြစ်ပါသည်။

ဆက်လက်၍ ကော်ဖီစေ့၊ သရက်သီး၊ ငှက်ပျောသီးနှင့် ကျွဲကောသီးတို့၏ စံချိန်စံညွှန်း (မူကြမ်း)များကိုလည်း ရေးဆွဲပြုစုလျက်ရှိကြောင်း သိရှိရပါသည်။

**DOCA ( Domestic Trade)**

# ရိဒ်ကုန်သွယ်ရေးစခန်းမှ ခာတ်မြေသြဇာများတင်သွင်း

ပြည်တွင်းစိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက် ဓာတ်မြေသြဇာများကို စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)၏ အရေအတွက်၊ ဈေးနှုန်းထောက်ခံချက်များဖြင့် ခွင့်ပြုထားသော ယူရီးယား၊ ပိုတက်အမျိုးအစားဓာတ်မြေသြဇာကို မြန်မာ-အိန္ဒိယ နယ်စပ်ချင်းပြည်နယ်တွင် ဖွင့်လှစ်ထားသည့် ရိဒ်ကုန်သွယ်ရေးစခန်းမှ ခွင့်ပြုသွင်းကုန်လိုင်စင်ရယူပြီး တင်သွင်းလျက်ရှိပါတယ်။

အိန္ဒိယနိုင်ငံထုတ် ဓာတ်မြေသြဇာများမှာ လယ်ယာမြေ ပျက်စီးမှုနည်းခြင်း၊ သီးနှံအထွက်တိုးနှုန်းကောင်းမွန်ခြင်းကြောင့် တောင်သူများနှစ်ခြိုက်မှုရှိပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၇၀ သန်းတန်ဖိုးရှိ တန်ချိန် ၁၇၉၈၀၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၄၂ သန်းတန်ဖိုးရှိ တန်ချိန် ၅၀၆၀၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၁၇၁ သန်းတန်ဖိုးရှိ တန်ချိန် ၇၁၀၃၀၊ ၂၀၁၈ ခုနှစ် (ဧပြီလမှ ဇွန်လ ၂၂ ထိ)အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၉၉ သန်း တန်ဖိုးရှိတန်ချိန် ၁၄၃၀၀ တင်သွင်းခဲ့သဖြင့် တင်သွင်းမှုမြင့်တက်လျက်ရှိကြောင်း သိရှိရပါတယ်။

ရိဒ်ကုန်သွယ်မှုမှာ ဓာတ်မြေသြဇာတင်သွင်းမှုက အဓိကသွင်းကုန်ပစ္စည်းဖြစ်ပါတယ်၊ မိုးကြိုကာလမှာ အများဆုံး တင်သွင်းမှု ပြုပါတယ်။

လတ်တလော အခြေအနေမှာတော့ တစ်ဖက်နိုင်ငံမှာလည်း မိုးရွာသွန်းမှုများသဖြင့် လမ်းပျက်စီးမှုများပြီး ယာဉ်များ လာရောက်ရန် အခက်အခဲဖြစ်ပေါ်ခြင်း၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးတံတားကို အိန္ဒိယဘက်မှ မေ ၂၁ ရက်မှစပြီး ယာဉ်ဖြတ်သန်းခွင့်မပြုခြင်းကြောင့် တံတားပေါ်မှ လူအထမ်းများနဲ့သာ သယ်ယူတင်သွင်းနေရသဖြင့် အချိန်ကြန့်ကြာခြင်း၊ စရိတ် ပိုမိုကုန်ကျခြင်းများဖြစ်ပေါ်လျက်ရှိတဲ့အပြင် ပစ္စည်းလိုသလောက်မရသဖြင့် ပြည်တွင်းသို့ အချိန်မီတင်ပို့ရန် အလှည့်စောင့်နေရခြင်းများ ဖြစ်ပေါ်နေကြောင်း ဓာတ်မြေသြဇာ တင်သွင်းသူ ကုန်သည်တစ်ဦးမှ ပြောကြားချက်အရ သိရှိရပါတယ်။

သွင်းကုန်တန်ဖိုး ၉၀ ရာခိုင်နှုန်းကျော်သည် ဓာတ်မြေသြဇာတင်သွင်းမှုဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) ထောက်ခံချက်ပါရှိပါက နေ့ချင်းပြီးသွင်းကုန်လိုင်စင် ဆောင်ရွက်ပေးကြောင်း၊ ဓာတ်မြေသြဇာအတွက် အကောက်ခွန်၊ ကုန်သွယ်ခွန် ကင်းလွတ်ခွင့်ပြုထားသဖြင့် စည်းကြပ်တန်ဖိုး၏ နှစ်ရာ ခိုင်နှုန်းကိုသာ ဝင်ငွေခွန်အဖြစ် ကောက်ခံပါကြောင်း၊ သွင်းကုန်လိုင်စင်ကြေးလည်း ကင်းလွတ်ခွင့်ပြုထားပါကြောင်း၊ အသုံးပြုသူ တောင်သူများ ကြိုက်နှစ်သက်ကြောင်း သိရှိရသဖြင့် နှစ်စဉ်တိုးမြှင့်တင်သွင်းနိုင်မည့် သွင်းကုန်ပစ္စည်းဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

**ဘကြီးဖြိုး**

# နှစ်စဉ် ကုန်သွယ်မှုတန်ဖိုး သိသာစွာ မြင့်တက်လာသော လွယ်ဂျယ်ကုန်သွယ်ရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လုံချွမ်ခရိုင်၊ ကျန်းဖုန်းမြို့နယ်၊ လိုင်းရင်းကျေးရွာနှင့် ကပ်လျက်တည်ရှိသော ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်၊ လွယ်ဂျယ်မြို့တွင် လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းအား ၁၉၉၈ ခုနှစ်၊ ဩဂုတ် ၂၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါတယ်။

၂၀၀၁-၂၀၀၂ဘဏ္ဍာနှစ်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ၂ဒသမ ၁၃၅ သန်း၊ သွင်းကုန်အမေရိကန် ဒေါ်လာ ၁ ဒသမ ၆၀၆ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄၁သန်းသာ ဆောင်ရွက်နိုင်ခဲ့ ရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၂၂၁ ဒသမ ၂၃၄ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ၁၃ ဒသမ ၂၆၈ သန်းစုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ၂၃၄ ဒသမ ၅၀၂ သန်းအထိ ကုန်သွယ်မှုတန်ဖိုး အဆပေါင်း ၆၂ ဆကျော်တိုးတက်ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ပါတယ်။

လွယ်ဂျယ်ကုန် သွယ်ရေးစခန်းရဲ့ အဓိကတင်ပို့ခဲ့တဲ့ ပစ္စည်းတွေကတော့ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ တစ်သျှူးငှက်ပျော၊ ဖရဲသီး၊ ရော်ဘာနဲ့ ကြံတို့ဖြစ်ကြောင်း သိရှိရပါတယ်။ ပို့ကုန်တန်ဖိုး ၁၀၃ ဆ ကျော် အထိ တိုးမြှင့်တင်ပို့နိုင်ခဲ့တာကတော့ ဆန်တင်ပို့မှုကနေအမေရိကန်ဒေါ်လာ ၁၃၂ သန်းကျော်အထိ ရရှိအောင် တိုးမြှင့်တင်ပို့နိုင်ခဲ့ခြင်းနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်ပြီး တင်ပို့ခွင့်ပြုခဲ့တဲ့ Re-Export Height Speed Diesel Oil တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၆၉၂ သန်းရရှိသည်အထိ တိုးမြှင့်တင်ပို့နိုင်ခဲ့ခြင်း၊ တစ်သျှူးငှက်ပျောစိုက်ဧကတိုးမြှင့်လာပြီး ပိုမိုထွက်ရှိတင်ပို့လာနိုင်ခြင်း၊ ဖရဲစိုက်ဧက တိုးမြှင့်လာပြီး ပိုမိုထွက်ရှိတင်ပို့လာ နိုင်ခြင်း၊ ပြောင်းတင်ပို့မှုပိုမိုလာခြင်းများကြောင့်ဖြစ်ကြောင်း သိရှိရပါတယ်။

အများဆုံးတင်သွင်းခဲ့တဲ့ ပစ္စည်းတွေကတော့ ဓာတ်မြေသြဇာ၊ လယ်ယာသုံးပစ္စည်းများ၊ အဝတ်အထည်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက္ကူကုန်ကြမ်းများနဲ့ ဘိလပ်မြေတို့ တင်သွင်းပြီး ဒေသသုံးအနေနဲ့သာ တင်သွင်းမှုရှိကြောင်းသိရှိရပါတယ်။

လွယ်ဂျယ်ဒေသမှာ ပို့ကုန်အများဆုံးတင်ပို့လျက်ရှိတဲ့ ဆန်၊ ဆန်ကွဲတို့ကိုတော့ ဗန်းမော်ခရိုင်အတွင်း စိုက်ပျိုးထွက်ရှိတဲ့အပြင် မိုးညှင်း၊ ဟိုပင်၊ အင်းတော်ကြီးဒေသများနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကသာ၊ ကောလင်း၊ ဝန်းသိုတို့မှ စိုက်ပျိုးထွက်ရှိသော ဆန်၊ ဆန်ကွဲ များကိုပါ တင်ပို့လျက်ရှိကြောင်း သိရှိရပါတယ်။ လွယ်ဂျယ်ဒေသအနေနဲ့ ကုန်သွယ်မှုတန်ဖိုးများ သိသာစွာမြင့်တက် လာတာနဲ့အညီ လွယ်ဂျယ်ဒေသရဲ့ စီးပွားရေးများလည်း ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရှိရပါတယ်။

**LWEJEL Mg**

# မြဝတီကုန်သွယ်ရေးဇုန်၏ ပို့ကုန်အမယ်သစ် ကင်ပွန်းသီးခြောက်

မြဝတီကုန်သွယ်ရေးဇုန်တွင် ဇွန်လဒုတိယပတ်၌ ပို့ကုန်အမယ်သစ်အဖြစ် ကင်ပွန်းသီးခြောက် ၁၈ ဒသမ ၇၇ တန်၊ တန်ဖိုး ၅၆၃၁ ဒေါ်လာကို ထိုင်းနိုင်ငံသို့ ပို့ကုန်လိုင်စင်ဖြင့် စတင်၍ စမ်းသပ်တင်ပို့ခဲ့ပါတယ်။ ကင်ပွန်းသီးခြောက် သည် မြန်မာနိုင်ငံ နေရာဒေသအနှံ့အပြားတွင် စိုက်ပျိုးပြီး ကင်ပွန်းပင်နှစ်ချို့ပင် (သက်တမ်း ၃၊ ၄ နှစ်) များ၌ အသီးသီးကြောင်း ကင်ပွန်းသီးအား စုဆောင်းဝယ်ယူရကြောင်း၊ ယခု ကင်ပွန်းသီးခြောက်အား ရှမ်းပြည်နယ် ပင်းတယမြို့နယ်ရှိ ကျေးရွာများမှ စုဆောင်းဝယ်ယူခဲ့ကြောင်း သိရှိရပါတယ်။

ကင်ပွန်းချဉ်ရွက်သည် မြန်မာလူမျိုးတို့ နှစ်သက်သော ဟင်းသီးဟင်းရွက်ဖြစ်ခြင်းကြောင့် အချို့နေရာဒေသများတွင် ကင်ပွန်းချဉ်ကို ခြံစည်းရိုးတန်းအဖြစ် စိုက်ပျိုးကြပြီး အချို့နေရာတွင် အလေ့ကျပေါက်ရောက်ကြောင်းနှင့် အညွန့်ကို ရောင်းချကြပြီး အညွန့်မခူးဘဲ ကြာသွားသည့် နှစ်ချို့ကင်ပွန်းပင်မှာပင် အသီးသီးကြောင်း၊ ကင်ပွန်းသီးခြောက်ကို မိမိပြည်တွင်း၌ ခေါင်းလျှော်ရည် ကုန်ကြမ်းနှင့် တိုင်းရင်းဆေးဖော်စပ်ရာတွင် အသုံးပြုပြီး ထိုင်းနိုင်ငံတွင်လည်း ခေါင်းလျှော်ရည် ကုန်ကြမ်းအဖြစ်နှင့် ဘယဆေးကုန်ကြမ်းအဖြစ် အသုံးပြုကြောင်း သိရှိရပါတယ်။

ယခု ထိုင်းနိုင်ငံမှ ပစ္စည်းအမှာရှိသောကြောင့် စုဆောင်းဝယ်ယူ တင်ပို့ခြင်းဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံဘက်တွင် (1 kg) ၁၂ဒသမ ၅ ဘတ်မှ ၁၃ဒသမ ၅ ဘတ်ခန့်ရှိကြောင်း သိရှိရပါတယ်။

**ကြည်ကြည်မြင့်**

# WAI PHYO DANA Co.,Ltd.

Construction & Piling
QUALITY, EFFICIENCY

## CONSTRUCTION & PILING

We can provide piling work for your low, high rise building and any kinds of construction's foundation work.

Service with - Hydraulic Bored Pile, Diesel Hammer, Press Pile Machine.

Ancillary Services - Static load test (SLT), Working Load test
- Ultimate load test (ULT)

လူကြီးမင်းတို့၏ အဆင့်မြင့်အိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းများ၊ အလုပ်ရုံ၊ စက်ရုံများ၊ လမ်းတံတားများဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သော Foundation လုပ်ငန်းများအား ကျွန်တော်များကုမ္ပဏီမှ နိုင်ငံတကာအဆင့်မီ Piling စက်ယန္တရားများ၊ စုံလင်စွာနှင့် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများဖြင့် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ပေးနေပါသည်။

အဆောက်အဦ၏ Structure Design, Pile Foundation Design များကိုလည်း တာဝန်ယူတွက်ချက်ပေးပါသည်။




Eatesarthaya St, Build: (1), Room No (103), Thumingalar Housing No.(2), Thingangyun Township, Yangon, Myanmar.
Ph/Fax: +951-573860, Mobile: 09-43183920, 09-402583842, 09-793271102, 09-265195099
E-mail: wpdcompany@gmail.com

Branch of Singapore

HTG
YOUR LOGISTICS PARTNER

# WING POWER COMPANY LIMITED

## (Freight Forwarding & General Services)



Address : Building 40,No#2,Yanshin Road,Yankin Township, Yangon,Myanmar.
H.P : +95 973053154, 09 420000204

# PPC
Property People Connection

**Under Management of Established Company " PPC Group of Companies" in Singapore**



## Property Services
- Property Management
- M & E Services
- Cleaning
- Security


## Renovation Service
- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services

## Real Estate Services
- Leasing, Purchasing & Selling

No.19, 4th Floor, Innwa Road, Kyauk Myaung Gyi Quarter, Tamwe Township, Yangon, Myanmar.
Tel : 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net

# ဘုန်းရောင်ခြည်ကုမ္ပဏီလီမိတက်

## BHOME YAUNG CHI TRADING CO.,LTD



ကြေးမုံစိမ်းတိုက်တန်း၊ အခန်း(၅)(ရုံးခွဲ)၊ (၁၀၅)မိုင်၊ မူဆယ်မြို့၊ ရှမ်းပြည်မြောက်ပိုင်း။
Ph: 09-5232379, 09-73222618, 09-403709680, 092028135, 15388824935

SuperFine 百芳傢俬 FURNITURE

SuperFine Manufacturing Co. Ltd.



百 芳 實 業 有 限 公 司 百 芳 實 業 有 限 公 司



SuperFine Manufacturing Co. Ltd.

**SHOW ROOM**

**Yangon**

(1) No.97A, West Shwegondaing Road, Bahan Township. Tel : 95-1-548808, 543342 Fax : 95-1-543342

(2) Yuzana Plaza 4th Floor, Banyadala Road, Tamwe Township. Tel : 95-1-200747 (Ext :5544), 09-732 40414

**Mandalay**

A-12 To A-16,78th Street, Between 31st & 32nd Street, Under the Fantasy World, Mandalay.

Tel : 95-2-64589

# GMI Global Metal Industries Ltd.




Head Office : No.312, R/8 Street, Yangon Industrial Zone, Mingalardon Garden City, Yangon.
PH : 01637301, 01637454, 09263467577, 09263467588, 0931383830.
Fax : 01637454, Email : kyawzinmingmi@gmail.com
Sales Centre (1) : No.A(8/3) Thandar8th Street Sawbwargyigone, Insein Tsp.
PH : 013644351, 09765016317, 09964016317, 09421016317
Sales Centre (2) : No.A-12 Yadanar Theingi Street, Industrial Zone (3),South Dagon Tsp.,Yangon.
Ph :01 8100767,01 8100768,01 8100693



# မြန်မာနိုင်ငံမှ သိုး/ဆိတ်များ ဈေးကွက်ထိုးဖောက်၍ နိုင်ငံတကာသို့တင်ပို့နိုင်ရေး မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ သိုး/ဆိတ် မွေးမြူစားသုံးမှုနှင့် တင်ပို့ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအား လေ့လာခြင်း

**သီတာကျော်**

(ယခင်တစ်ပတ်မှအဆက်)

**မလေးရှားနိုင်ငံရှိ ပိုးမွှားကင်းစင်ရေးသတ်မှတ်ချက်**

မလေးရှားနိုင်ငံသို့ စတင်ရောက်ရှိချိန် ဆိတ်၊ သိုးများ ပိုးမွှား ကင်းစင်ရေးစခန်းမှ ပိုးမွှားကင်းစင်ကြောင်း သတ်မှတ်ချက်သည် ၁၀ ရက်ထက်မနည်းစေရ။ ပိုးမွှားကင်းစင်ရေးစခန်းတွင် စတင်ရောက် ရှိသည့် နေ့ရက် အပါအဝင် ၁၁ ရက်မြောက်နေ့တွင် ပိုးမွှားကင်းစင်ရေး စခန်းမှ ထုတ်ပေးပါသည်။ ပိုးမွှားကင်းစင်ရေးစခန်းမှ ထုတ်ပေးလိုက်သော ဆိတ်၊ သိုးများကို တံဆိပ်နှိပ်ထားသော/ သတ်မှတ်ထားသော ယာဉ်/ မီးရထား (သို့မဟုတ်)လော်ရီကားများဖြင့် တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ကြီးကြပ်မှု အောက်ရှိ ခွင့်ပြုသတ်မှတ်ထားသော သားသတ်ရုံ သို့ ပို့ဆောင်သည်။ မလေးရှားနိုင်ငံသို့ ဆိတ်၊ သိုးများ တင်ပို့မည်ဆိုပါက ပို့ကုန်လိုင်စင်ကြေး တစ်ကောင်လျှင် မလေးရှား ၃ ရင်းဂစ်၊ ပိုးမွှားရောဂါကူးစက်မှု ကာကွယ်ကြေး မလေးရှား ၂ ရင်းဂစ်၊ ပိုးမွှားရောဂါ ကူးစက်မှု ကာကွယ်ရေးလက်မှတ် မလေးရှား ၁ ရင်းဂစ် သတ်မှတ်ထားပါသည်။

**တင်ပို့ခြင်းအတွက် ထောက်ခံချက်ရယူခြင်း**

ဆိတ်၊ သိုး တင်ပို့ရန်အတွက် ပထမဦးစွာ မလေးရှားနိုင်ငံ၏ Director General of Veterinary Services တွင် လျှောက်ထားရမည်။ မလေးရှားနိုင်ငံ၏ တင်ပို့မည့် ပြည်နယ်/သက်ဆိုင်ရာပြည်နယ်များ (Perlis, Kedah, Kelantan, Selangor)၏ ရောဂါပိုးမွှားကင်းစင်ရေး ကြီးကြပ်ရေး စခန်းများမှ သွင်းကုန်လိုင်စင်ရရှိသော ဆိတ်၊ သိုးများသာ တင်ပို့ခွင့်ရှိပါသည်။

**ထိုင်းနိုင်ငံတွင်ထိန်းသိမ်းထားရှိမှု**

ဆိတ်၊ သိုးများကို ထိုင်းနိုင်ငံတောင်ပိုင်းတွင် မလေးရှားနိုင်ငံသို့ တင်ပို့ရန်အတွက် သတ်မှတ်မွေးမြူထားပါသည်။ ယင်းနေရာမှ မလေးရှားနိုင်ငံသို့ သင်္ဘော၊ လေယာဉ်၊ ရထား၊ ကုန်တင်ကားများဖြင့် တင်ပို့ရာတွင် အချိန် ၇၂ နာရီ (၃ရက်) ကြာမြင့်ပါသည်။

**မလေးရှားနိုင်ငံသို့ ရောက်ရှိချိန်တွင် ထိန်းသိမ်းထားရှိမှု**

မလေးရှားနိုင်ငံသို့ သိုး/ဆိတ်များ ရောက်ရှိပါက တင်ပို့စဉ်ကတည်းက သတ်မှတ်ထားသောမြို့များတွင် ထားရှိပြီး သတ်မှတ်သော သားသတ်ရုံများသို့ ပို့ဆောင်ရပါသည်။

**တင်ပို့သည့်ကိုယ်စားလှယ်များ**

အကယ်၍ ဆိတ်၊ သိုးများကို မလေးရှားနိုင်ငံသို့ ကိုယ်စားလှယ်များမှတစ်ဆင့် တင်သွင်းပါက ကိုယ်စားလှယ်များသည် မလေးရှားနိုင်ငံ၏ Director General of Veterinary Services ရုံးတွင် တင်သွင်းခွင့် မှတ်ပုံတင်ရပါမည်။

**တင်ပို့သည့် အချိန်ကာလနှင့် အချိန်ဇယား**

မလေးရှားနိုင်ငံသို့ ဆိတ်၊ သိုးတင်သွင်းသူများနှင့် ကိုယ်စားလှယ်များသည် မလေးရှားနိုင်ငံ၏ Perlis, Kedah, Kelanta (သို့မဟုတ်)Selangor ပြည်နယ်များရှိ Director General of Veterinary Services ရုံးများသို့တင်ပို့မည့် အကောင်အရေအတွက်၊ တင်ပို့သည့်ရက်စွဲနှင့် ပြည်နယ် ညွှန်ကြားရေးမှူးမှ တင်ပို့ခွင့်ပြုသည့် schedule များကို သတင်းပေးပို့ရပါမည်။ ရောဂါကူးစက်ခြင်းမှကာကွယ်နိုင်သည့် ပမာဏထက် ကျော်လွန်၍ တင်ပို့ခြင်း မပြုရ။

**လေ့လာသုံးသပ်တွေ့ရှိချက်**

အထက်ဖော်ပြပါ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ သိုး/ဆိတ် မွေးမြူ ထုတ်လုပ်မှုများအား လေ့လာတွေ့ရှိချက်များအရ မလေးရှား နိုင်ငံသည် ထိုင်းနိုင်ငံထက် မွေးမြူထုတ်လုပ်မှုနှုန်း မြင့်မားသကဲ့သို့ ထုတ်လုပ်မွေးမြူမှု နည်းစနစ် မြင့်မားခြင်း၊ နည်းပညာပိုင်းဆိုင်ရာတွင်လည်း ပိုမို၍ အဆင့်မြင့်မားသကဲ့သို့ စားသုံးမှုဈေးကွက်အားဖြင့်လည်း လိုအပ်ချက် မြင့်မားလျက်ရှိပြီး အခြားနိုင်ငံများမှ မှာယူ တင်သွင်းနေရကြောင်း လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် သိုး/ဆိတ် မွေးမြူထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် မိရိုးဖလာ မွေးမြူခြင်းနှင့် တစ်နိုင်တစ်ပိုင် ထုတ်လုပ် မွေးမြူလေ့သာရှိပြီး စီးပွားဖြစ်သားစပ်ချထားသော ဆိတ် မျိုးစိတ် မွေးမြူမှု လုပ်ငန်းများ တွင်ကျယ်မှုမရှိသေးခြင်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအကြား ထုတ်လုပ်မွေးမြူမှု နည်းပညာ၊ ဗဟုသုတများအား သိရှိဖြန့်ဝေမှု နည်းပါးနေသေးပြီး အဆင့်မြင့်မားသော တန်းဝင် ဆိတ်မျိုးစိတ်များအား မွေးမြူရန် လိုအပ်နေသေးကြောင်း လေ့လာတွေ့ရှိ ရပါသည်။ ထို့အပြင် ပြည်ပနိုင်ငံများ၌ သိုး/ဆိတ်တို့မှ ထုတ်လုပ်ရရှိသော အလှကုန်ပစ္စည်းများမှာလည်း လူသုံးများ၍ အောင်မြင်မှုများရရှိနေ သဖြင့် အသားစားဆိတ်မျိုးစိတ်များကို မွေးမြူရုံသာမက နို့စားဆိတ် မျိုးစိတ်များကိုလည်း မွေးမြူသင့်ကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။ ထို့အပြင် မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ သိုး/ဆိတ် မွေးမြူမှုလုပ်ငန်းနှင့် ထုတ်လုပ်တင်ပို့မှုနှုန်းများမှာ မိမိတို့မြန်မာနိုင်ငံထက် သာလွန်မှုရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများသို့ ဆိတ်၊ သိုး တင်ပို့ရောင်းချနိုင်ရန်အတွက် မိမိတို့နိုင်ငံတွင် နည်းစနစ်တကျရှိသော ဆိတ်၊ သိုး မွေးမြူရေးခြံများ၊ ဇုန်များဖြင့် သတ်မှတ်မွေးမြူသင့်ပါသည်။ ထို့အပြင် မွေးမြူသော ဆိတ်၊ သိုးများမှာ မျိုးကောင်း၊ မျိုးသန့်များ ဖြစ်စေရေးနှင့် တင်ပို့လိုသည့် နိုင်ငံ၏ သတ်မှတ်ချက် စံချိန်၊ စံညွှန်းများနှင့်လည်း ပြည့်မီစေရန် အထူးလိုအပ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ■

# မြန်မာ့ပေါ်ဆန်း၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်အလားအလာ မျှော်မှန်းချက်

**DOCA(Domestic)**

(ယခင်တစ်ပတ်မှအဆက်)

မြန်မာနိုင်ငံတွင် စိုက်ပျိုးသည့် ပေါ်ဆန်းမွေးအမျိုးအစားများအနက် ထင်ရှားသည့် ပေါ်ဆန်းများမှာ ရွှေဘိုပေါ်ဆန်း၊ ဖျာပုံပေါ်ဆန်း၊ ပုသိမ်ပေါ်ဆန်း၊ မြောင်းမြပေါ်ဆန်းစသည်တို့ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးမှ ပေါ်ဆန်းဘေးကြားများကို သယ်ယူ၍ စစ်ကိုင်းတိုင်းဒေသကြီး၌ ဖြန့်ကြက်စိုက်ပျိုးထားကြောင်း တွေ့ရှိရပါ တယ်။ ဧရာဝတီတိုင်းဒေသကြီးမှ ပေါ်ဆန်းသည် အညာဒေသရွှေဘို ခရိုင်အတွင်းတွင် ရေမြေဒေသနှင့် ကိုက်ညီမှုရှိနေခြင်း၊ ဓာတ်မြေ ဩဇာအနည်း ငယ်ထည့်ရုံနှင့် တစ်ဧကတင်း ၉၀ ခန့်ထွက်ရှိနေ ခြင်း၊ ဆန်သားပါဝင်မှုရာခိုင်နှုန်းမှာ ၅၀ မှ ၆၀ ရာခိုင်နှုန်းထိရရှိနေခြင်း၊ ဈေးကွက်တွင် ဆန်အရည်အသွေးကောင်းခြင်း၊ လယ်သမားများအနေဖြင့် ဈေးကွက်ရရှိနိုင်ခြင်းတို့ကြောင့် တိုးချဲ့စိုက်ပျိုးရန် ဆန္ဒပြင်းပြလျက်ရှိနေကြပါတယ်။ ပေါ်ဆန်းမွေးအမျိုးအစားများအနက် ပေါ်ဆန်းဘေးကြား၊ ပေါ်ဆန်းမွေးနှင့် ပေါ်ဆန်းရင်တို့မှာ လူသိများ ထင်ရှားပါတယ်။ ရွှေဘိုပေါ်ဆန်းသည် ပေါ်ဆန်းဘေးကြားအမည်မှ ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ပေါ်ဆန်းဘေးကြားသည် ဆန်သားထွက်ရှိမှု ရာခိုင်နှုန်းကောင်းပြီး ပေါ်ဆန်းမွေးသည် ပေါ်ဆန်းဘေးကြားထက် ဆန်ထွက်ရှိမှုရာခိုင်နှုန်း အနည်းငယ် လျော့နည်းပါတယ်။ ၂၀၁၁- ၂၀၁၂ခုနှစ်မှ ၂၀၁၇-၂၀၁၈ခုနှစ်အထိ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရွှေဘိုပေါ်ဆန်းနှင့် ပေါ်ဆန်းမွေး စိုက်ပျိုးထွက်ရှိမှု၊ စပါးနှင့်ဆန်ဈေးနှုန်းဖြစ်ပေါ်မှု အခြေအနေတို့ကို အောက်ဖော်ပြပါဇယားအတိုင်း တွေ့ရှိရပါတယ်-

**စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုပေါ်ဆန်း စိုက်ပျိုးထွက်ရှိမှု**

| စဉ် | ခုနှစ် | စိုက်ဧက | အထွက်နှုန်း (တင်း) | စုစုပေါင်း အထွက်(တင်း) |
|---|---|---|---|---|
| ၁ | ၂၀၁၁-၂၀၁၂ | ၁၂၄၅၄၁ | ၈၀ | ၉၉၆၃၂၈၀ |
| ၂ | ၂၀၁၂-၂၀၁၃ | ၂၉၄၂၀၂ | ၉၀ | ၂၆၄၇၈၁၈၀ |
| ၃ | ၂၀၁၃-၂၀၁၄ | ၂၇၆၇၆၄ | ၈၃ | ၂၂၉၇၁၄၁၂ |
| ၄ | ၂၀၁၄-၂၀၁၅ | ၂၈၂၂၁၇ | ၈၅ | ၂၃၉၈၈၄၄၅ |
| ၅ | ၂၀၁၅-၂၀၁၆ | ၃၁၆၆၉၈ | ၈၇ | ၂၇၅၅၂၇၂၆ |
| ၆ | ၂၀၁၆-၂၀၁၇ | ၃၁၄၉၈၆ | ၈၀ | ၂၅၁၉၈၈၈၀ |
| ၇ | ၂၀၁၇-၂၀၁၈ | ၂၉၄၃၈၁ | ၆၅ | ၁၉၁၃၄၇၆၅ |

စစ်ကိုင်းတိုင်းဒေသကြီးတွင် စိုက်ပျိုးသည့် ပေါ်ဆန်းနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးသည့် ပေါ်ဆန်းမွေးတို့၏ ဈေးနှုန်းကွာခြားမှုရှိပါတယ်။ စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်တွင် စိုက်ပျိုးသော ပေါ်ဆန်းမွေးသည် ဒေသ၊ ရေ၊ မြေရာသီဥတုနှင့် ကိုက်ညီမှုရှိ၍ အရည်အသွေးပိုမိုကောင်းမွန်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ပျိုးသည့် ပေါ်ဆန်းမွေးထက် ဈေးနှုန်းပိုမိုရရှိခြင်း ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပေါ်ဆန်းမွေးစပါးနှင့် ဆန်ဈေးနှုန်းဖြစ်ပေါ်မှု အခြေအနေကို အောက်ပါအတိုင်း တင်ပြအပ်ပါတယ်-

**စစ်ကိုင်းတိုင်းဒေသကြီးတွင် ပေါ်ဆန်းမွေးစပါးနှင့် ဆန်ဈေးနှုန်းဖြစ်ပေါ်မှုအခြေပြဇယား**

ရေတွက်ပုံ-တင်း/အိတ် ကျပ်

| စဉ် | လအမည် | ၂၀၁၁-၂၀၁၂ | | ၂၀၁၂-၂၀၁၃ | | ၂၀၁၃-၂၀၁၄ | | ၂၀၁၄-၂၀၁၅ | | ၂၀၁၅-၂၀၁၆ | | ၂၀၁၆-၂၀၁၇ | | ၂၀၁၇-၂၀၁၈ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | စပါး | ဆန် | စပါး | ဆန် | စပါး | ဆန် | စပါး | ဆန် | စပါး | ဆန် | စပါး | ဆန် | စပါး | ဆန် |
| ၁ | ဧပြီ | ၈၀၀၀ | ၃၀၀၀၀ | ၈၅၀၀ | ၂၇၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | ၉၉၀၀ | ၃၄၀၀၀ | ၉၉၀၀ | ၃၄၀၀၀ | ၁၂၀၀၀ | ၃၇၀၀၀ | ၁၀၀၀၀ | ၃၄၀၀၀ |
| ၂ | မေ | ၈၀၀၀ | ၂၇၅၀၀ | ၈၇၀၀ | ၂၇၅၀၀ | ၉၀၀၀ | ၃၂၀၀၀ | ၁၁၅၀၀ | ၃၈၅၀၀ | ၁၁၀၅၀ | ၃၈၅၀၀ | ၁၂၀၀၀ | ၃၇၀၀၀ | ၁၀၇၀၀ | ၃၆၀၀၀ |
| ၃ | ဇွန် | ၈၃၀၀ | ၃၀၀၀၀ | ၉၀၀၀ | ၂၉၅၀၀ | ၉၃၂၀ | ၃၂၈၀၀ | ၁၁၅၀၀ | ၃၉၅၀၀ | ၁၁၅၀၀ | ၃၉၅၀၀ | ၁၁၉၀၀ | ၃၇၅၀၀ | ၁၂၄၀၀ | ၃၉၀၀၀ |
| ၄ | ဇူလိုင် | ၉၀၀၀ | ၃၀၅၀၀ | | ၂၉၅၀၀ | ၉၆၀၀ | ၃၄၀၀၀ | ၁၁၈၀၀ | ၄၀၀၀၀ | ၁၁၈၀၀ | ၄၀၀၀၀ | ၁၁၉၀၀ | ၃၇၅၀၀ | ၁၂၅၀၀ | ၄၂၅၀၀ |
| ၅ | ဩဂုတ် | ၉၅၀၀ | ၃၃၀၀၀ | ၉၃၀၀ | ၃၁၅၀၀ | ၁၀၆၀၀ | ၃၈၅၀၀ | ၁၃၄၀၀ | ၄၅၀၀၀ | ၁၃၄၀၀ | ၄၅၀၀၀ | ၁၂၂၅၀ | ၄၁၀၀၀ | ၁၃၀၀၀ | ၄၂၀၀၀ |
| ၆ | စက်တင်ဘာ | ၉၅၀၀ | ၃၃၀၀၀ | ၉၃၀၀ | ၃၁၀၀၀ | ၁၁၀၀၀ | ၃၈၅၀၀ | ၁၄၀၀၀ | ၄၅၅၀၀ | ၁၄၀၀၀ | ၄၅၅၀၀ | ၁၂၄၀၀ | ၄၁၀၀၀ | ၁၃၀၀၀ | ၄၄၀၀၀ |
| ၇ | အောက်တိုဘာ | ၉၂၀၀ | ၃၃၀၀၀ | ၉၃၀၀ | ၃၀၀၀၀ | ၁၁၄၅၀ | ၃၉၀၀၀ | ၁၃၅၀၀ | ၄၅၀၀၀ | ၁၃၅၀၀ | ၄၅၀၀၀ | ၁၂၈၀၀ | ၄၁၀၀၀ | ၁၄၅၀၀ | ၄၅၀၀၀ |
| ၈ | နိုဝင်ဘာ | ၈၈၀၀ | ၃၁၀၀၀ | ၉၂၀၀ | ၃၀၅၀၀ | ၁၁၅၀၀ | ၃၉၅၀၀ | ၁၃၅၀၀ | ၄၅၀၀၀ | ၁၃၅၀၀ | ၄၅၀၀၀ | ၁၂၈၀၀ | ၄၀၀၀၀ | ၁၆၀၀၀ | ၅၅၀၀၀ |
| ၉ | ဒီဇင်ဘာ | ၈၀၀၀ | ၃၀၀၀၀ | ၉၂၀၀ | ၃၀၅၀၀ | ၁၂၀၀၀ | ၄၀၀၀၀ | ၉၃၀၀ | ၃၁၀၀၀ | ၁၃၀၀၀ | ၄၄၀၀၀ | ၁၂၀၀၀ | ၄၀၀၀၀ | ၁၆၀၀၀ | ၅၅၀၀၀ |
| ၁၀ | ဇန်နဝါရီ | ၇၀၀၀ | ၂၅၀၀၀ | ၈၇၅၀ | ၃၀၀၀၀ | ၁၁၀၀၀ | ၃၉၅၀၀ | ၁၁၀၀၀ | ၃၉၅၀၀ | ၁၃၀၀၀ | ၄၄၀၀၀ | ၁၂၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ | ၃၈၀၀၀ |
| ၁၁ | ဖေဖော်ဝါရီ | ၈၀၀၀ | ၂၈၀၀၀ | ၈၅၀၀ | ၂၇၀၀၀ | ၈၉၀၀ | ၃၀၀၀၀ | ၈၉၀၀ | ၃၀၀၀၀ | ၁၁၀၀၀ | ၃၄၅၀၀ | ၉၉၀၀ | ၃၃၅၀၀ | ၁၅၀၀၀ | ၄၉၀၀၀ |
| ၁၂ | မတ် | ၈၅၀၀ | ၂၇၀၀၀ | ၈၅၀၀ | ၂၈၀၀၀ | ၉၄၀၀ | ၃၂၅၀၀ | ၉၄၀၀ | ၃၂၅၀၀ | ၁၂၀၀၀ | ၃၇၀၀၀ | ၁၀၀၀၀ | ၃၃၀၀၀ | ၁၄၅၀၀ | ၄၆၀၀၀ |

**ဧရာဝတီတိုင်းဒေသကြီးတွင် ပေါ်ဆန်းမွေးစပါးနှင့် ဆန်ဈေးနှုန်းဖြစ်ပေါ်မှုအခြေပြဇယား**

ရေတွက်ပုံ-တင်း/အိတ် ကျပ်

| စဉ် | လအမည် | ၂၀၁၁-၂၀၁၂ | | ၂၀၁၂-၂၀၁၃ | | ၂၀၁၃-၂၀၁၄ | | ၂၀၁၄-၂၀၁၅ | | ၂၀၁၅-၂၀၁၆ | | ၂၀၁၆-၂၀၁၇ | | ၂၀၁၇-၂၀၁၈ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | စပါး | ဆန် | စပါး | ဆန် | စပါး | ဆန် | စပါး | ဆန် | စပါး | ဆန် | စပါး | ဆန် | စပါး | ဆန် |
| ၁ | ဧပြီ | ၇၁၂၀ | ၂၉၀၀၀ | ၅၆၉၅ | ၂၇၀၀၀ | ၄၈၁၉ | ၂၇၀၀၀ | ၆၅၉၀ | ၂၇၀၀၀ | ၇၄၄၇ | ၃၄၀၀၀ | ၇၃၆၀ | ၃၁၀၀၀ | ၇၄၅၀ | ၃၄၀၀၀ |
| ၂ | မေ | ၇၁၂၀ | ၂၉၀၀၀ | ၅၈၇၀ | ၂၇၀၀၀ | ၄၆၄၄ | ၂၆၀၀၀ | ၆၅၉၀ | ၂၇၀၀၀ | ၈၇၆၂ | ၃၇၀၀၀ | ၇၇၁၀ | ၃၄၀၀၀ | ၇၇၁၀ | ၃၅၅၀၀ |
| ၃ | ဇွန် | ၇၁၂၀ | ၂၉၀၀၀ | ၆၁၃၃ | ၂၇၀၀၀ | ၅၁၅၇ | ၂၈၀၀၀ | ၆၅၉၀ | ၂၇၀၀၀ | ၇၄၄၇ | ၃၇၀၀၀ | ၇၇၁၀ | ၃၃၀၀၀ | ၇၇၁၀ | ၃၅၅၀၀ |
| ၄ | ဇူလိုင် | ၇၀၀၀ | ၂၉၀၀၀ | ၅၇၈၃ | ၂၇၀၀၀ | ၅၂၅၇ | ၂၈၀၀၀ | ၆၅၉၀ | ၂၉၀၀၀ | ၇၈၈၅ | ၃၆၅၀၀ | ၇၈၉၀ | ၃၃၀၀၀ | ၇၇၁၀ | ၃၆၀၀၀ |
| ၅ | ဩဂုတ် | ၇၁၈၀ | ၃၀၀၀၀ | ၆၅၁၆ | ၂၇၀၀၀ | ၆၁၃၃ | ၂၈၀၀၀ | ၆၅၉၀ | ၂၉၀၀၀ | ၈၃၂၃ | ၃၈၀၀၀ | ၈၀၆၀ | ၃၅၀၀၀ | ၇၈၉၀ | ၃၇၀၀၀ |
| ၆ | စက်တင်ဘာ | ၇၁၈၀ | ၃၁၀၀၀ | ၅၉၅၈ | ၂၆၅၀၀ | ၆၁၃၃ | ၂၈၀၀၀ | ၇၅၃၅ | ၃၁၀၀၀ | ၈၃၂၃ | ၃၈၀၀၀ | ၇၅၄၀ | ၃၁၅၀၀ | ၈၁၅၀ | ၃၇၀၀၀ |
| ၇ | အောက်တိုဘာ | ၇၀၀၀ | ၃၁၀၀၀ | ၅၉၅၈ | ၂၆၅၀၀ | ၆၀၀၀ | ၂၈၀၀၀ | ၇၅၃၅ | ၃၂၀၀၀ | ၈၃၂၀ | ၃၈၀၀၀ | ၇၀၈၀ | ၃၀၀၀၀ | ၈၄၁၀ | ၃၈၀၀၀ |
| ၈ | နိုဝင်ဘာ | ၆၈၀၀ | ၃၀၀၀၀ | ၄၂၁၆ | ၁၈၀၀၀ | ၅၄၃၂ | ၂၈၀၀၀ | ၇၅၃၅ | ၃၀၀၀၀ | ၆၅၇၀ | ၃၈၀၀၀ | ၆၃၁၀ | ၃၀၀၀၀ | ၈၅၉၀ | ၄၀၅၀၀ |
| ၉ | ဒီဇင်ဘာ | ၆၈၀၀ | ၃၀၀၀၀ | ၄၃၈၀ | ၁၈၀၀၀ | ၅၅၆၄ | ၂၈၀၀၀ | ၆၂၂၀ | ၂၈၀၀၀ | ၆၆၇၀ | ၃၈၀၀၀ | ၆၈၃၀ | ၂၉၀၀၀ | ၈၅၉၀ | ၄၁၅၀၀ |
| ၁၀ | ဇန်နဝါရီ | ၅၂၅၇ | ၃၀၀၀၀ | ၄၈၁၉ | ၁၉၅၀၀ | ၅၈၇၀ | ၂၄၅၀၀ | ၆၅၇၁ | ၂၈၅၀၀ | ၆၈၀၀ | ၂၉၀၀၀ | ၆၈၃၀ | ၂၈၀၀၀ | ၇၄၅၀ | ၃၁၅၀၀ |
| ၁၁ | ဖေဖော်ဝါရီ | ၅၄၃၂ | ၃၀၀၀၀ | ၄၈၁၉ | ၂၁၅၀၀ | ၅၉၅၈ | ၂၄၅၀၀ | ၆၅၇၁ | ၂၉၅၀၀ | ၇၀၁၀ | ၂၉၀၀၀ | ၇၀၀၀ | ၂၈၀၀၀ | ၇၆၂၀ | ၃၃၀၀၀ |
| ၁၂ | မတ် | ၅၅၂၀- | ၃၀၀၀၀ | ၄၈၁၉ | ၂၇၀၀၀ | ၆၁၃၃ | ၂၅၅၀၀ | ၆၅၇၁ | ၃၁၀၀၀ | ၇၁၈၀ | ၂၉၀၀၀ | ၇၁၈၀ | ၃၁၅၀၀ | ၈၅၀၀ | ၃၈၀၀၀ |

ကိုးကား။ တိုင်းဒေသကြီး/ပြည်နယ်များမှတင်ပြလာသည့် ပေါ်ဆန်းမွေးစိုက်ပျိုးထုတ်လုပ်မှု အစီရင်ခံစာများမှ စိစစ်ရေးသား တင်ပြပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# လှည်းကူးမြို့နယ် ငါးဆူတောင် ဆေးဝါးထုတ်လုပ်ရေးဇုန် နှစ်နှစ်အတွင်း အပြီးတည်ဆောက်တော့မည်

မောင်လွင်ပြင်

မြန်မာနိုင်ငံသည် ဆေးဝါးလိုအပ်လျက်ရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ပြည်တွင်း ဆေးဝါးလိုအပ်ချက်ကို နှစ်စဉ် ပြည်ပမှ တင်သွင်းနေရဆဲ အခြေအနေလည်းရှိသည်။ ပြည်တွင်း၌ နိုင်ငံပိုင် ဘီပီအိုင်(အမ်ပီအက်ဖ်) ကဲ့သို့သော ဆေးဝါးထုတ်လုပ်ရေးစက်ရုံကြီး တည်ရှိပါသော်လည်း နှစ်စဉ်လူနာဦးရေ တိုးပွားလာခြင်း၊ အစိုးရပြည်သူ့ဆေးရုံများတွင် လာရောက်ကုသမှု ခံယူကြသည့် ဦးရေ တိုးလာခြင်းတို့ကြောင့် ပြည်တွင်းဆေးဝါးထုတ်လုပ်ရေးက အပြည့်အဝ မဖြည့်ဆည်းပေးနိုင်သေးသည့် အခြေအနေတွင်ရှိနေသည်။ ပြည်တွင်းဆေးဝါး ထုတ်လုပ်ပေးနိုင်မှုသည် တစ်နိုင်ငံလုံးဆေးဝါးလိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်းသာ ရှိသည်ဟုလည်း သက်ဆိုင်ရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ထို့ကြောင့် ယခုအခါ ဆေးဝါးထုတ်လုပ်ရေးဇုန်တစ်ခုတည်ဆောက်ရန် စီစဉ်စိုင်းပြင်းနေပြီဖြစ်ကြောင်း ကြားသိရသည်။

မြန်မာနိုင်ငံတွင် ယခင်က ရန်ကုန်မြို့ အင်းစိန်ကြို့ကုန်းအရပ်၌ ဘီပီအိုင်(အမ်ပီအက်ဖ်) ဟု ခေါ်သော ဆေးဝါးထုတ်လုပ်ရေး စက်ရုံကြီးတစ်ရုံသာရှိခဲ့သည်။ ယခုအခါ ယင်းစက်ရုံကြီးအပြင် ဘီပီအိုင်စက်ရုံခွဲများအဖြစ် ပြင်ဦးလွင်ဆေးဝါးစက်ရုံ၊ ကျောက်ဆည် ဆေးဝါးစက်ရုံတို့ကို တိုးချဲ့တည်ဆောက်ထားသည်။ ယင်းစက်ရုံများသည် နိုင်ငံပိုင်ဆေးဝါးစက်ရုံများဖြစ်သည်။ ထို့ပြင် တပ်မတော်ကလည်း မှော်ဘီဆေးဝါးစက်ရုံကို တည်ထောင်ထားသည်။ ထို့အပြင် ပုဂ္ဂလိက ဆေးဝါးစက်ရုံများလည်း ရှိပါသေးသည်။ ပထမဆုံး ပုဂ္ဂလိက တည်ထောင်ထားသော ဆေးဝါးစက်ရုံမှာ AA ဆေးကုမ္ပဏီက ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၌ တည်ထောင်ထားသော ဆေးဝါးစက်ရုံဖြစ်သည်။ ဒုတိယမြောက် ပုဂ္ဂလိက ဆေးဝါးစက်ရုံမှာ Silver Shine International ကုမ္ပဏီက ပိုင်ဆိုင်သည့် ရွှေပေါက်ကံစက်မှုဇုန်၌ ဖွင့်လှစ်ထားသည့် ဆေးဝါးစက်ရုံဖြစ်သည်။ ယင်းစက်ရုံကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ဖွင့်လှစ်ခဲ့သည်ဟု သိရသည်။ ပုဂ္ဂလိက ဆေးဝါးစက်ရုံများ တည်ထောင်ခွင့်ပြုခြင်းမှာ ၂၀၁၁ ခုနှစ် အစိုးရသစ် အပြောင်းအလဲတွင် ဈေးကွက်စီးပွားရေးစနစ် ပိုမိုပွင့်လင်းမြင်သာမှုရှိလာစေရန်အတွက် ရည်ရွယ်ခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ယခု ဆေးဝါးထုတ်လုပ်ရေးဇုန် တည်ထောင်မည့်အစီအစဉ်မှာ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ငါးဆူတောင်အရပ်တွင် နေရာလျာထားသည်ဟု သိရသည်။ ယင်းမြေနေရာသည် စက်မှုဝန်ကြီးဌာနက ပိုင်ဆိုင်သောမြေနေရာလည်း ဖြစ်သည်။ ဆေးဝါး ထုတ်လုပ်ရေးဇုန်ကို ယင်းငါးဆူတောင်အရပ်တွင် တည်ထောင်ဖွင့်လှစ်ပြီး အစိုးရနှင့် ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်မည်ဖြစ်သော ဆေးဝါးစက်ရုံများ၊ ဆေးဝါးထုတ်လုပ်တင်ပို့ ဖြန့်ဖြူးရောင်းချခြင်းများ ပြုလုပ်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာ ထိပ်တန်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီများဖြစ်သော အမေရိကန်၊ စပိန်၊ ဂျာမနီနှင့် ဂျပန်နိုင်ငံအစရှိသည့် နိုင်ငံများက ဆေးဝါးကုမ္ပဏီကြီးများလည်း ငါးဆူတောင် ဆေးဝါးထုတ်လုပ်ရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံကြရေး စီစဉ်ထားသည်ဟုလည်း သိရသည်။ ယင်းဆေးဝါးထုတ်လုပ်ရေးဇုန် တည်ထောင်ရေးနှင့်ပတ်သက်ပြီး မြန်မာ့ဆေးဝါးလုပ်ငန်းမှ အကြီးတန်းအရာရှိတစ်ဦးက ယခုလို ပြောကြားထား သည်။

"မြန်မာ့ဆေးဝါးလုပ်ငန်းအနေနဲ့ ပြည်တွင်းမှာ ထုတ်လုပ်နိုင်ခြင်းမရှိသေးတဲ့ ဆေးဝါးသစ်တွေကို နှစ်စဉ်သုတေသနပြု တိုးချဲ့ထုတ်လုပ်နေပါတယ်။ ယခုလက်ရှိ ကင်ဆာရောဂါကုဆေး၊ ဗိုင်းရပ်စ်ပိုးသတ်ဆေး၊ ရောဂါကာကွယ်ဆေးစတာတွေကို အမေရိကန်နဲ့ စပိန်နိုင်ငံတို့က ကျော်ကြားတဲ့ ဆေးကုမ္ပဏီတွေနဲ့ အကျိုးတူပူးပေါင်းပြီး တိုးချဲ့ထုတ်လုပ်ဖို့ ရှိနေပါတယ်။ ဒါတွေအပြင် ဘီပီအိုင် ဆေးဝါးထုတ်လုပ်မှုကိုလည်း မကြာမီကာလမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ GMP Prequalified လက်ခံရရှိသည်အထိလုပ်ဖို့ စီစဉ်ထားပါတယ်။ ဒါကြောင့် ဆေးဝါးတွေကို နိုင်ငံတကာဆေးဝါးကုမ္ပဏီကြီးတွေ ၊ ပုဂ္ဂလိက ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတွေနဲ့ အကျိုးတူပူးပေါင်း ထုတ်လုပ်မယ်ဆိုရင် ကျယ်ပြန့်တဲ့ ဆေးဝါးထုတ်လုပ်ရေးဇုန်တစ်ခုခု တည်ထောင်ဖို့ လိုပါတယ်" ဟု ပြောကြားခဲ့သည်။

ငါးဆူတောင် ဆေးဝါးထုတ်လုပ်ရေးဇုန်ကို လုပ်ငန်း စတင်ချိန်ကစပြီး နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဟုလည်းသိရသည်။ ထို့ပြင် ယင်းဆေးဝါးထုတ်လုပ်ရေးဇုန် တည်ထောင်ပြီးစီးသွားပါက ယင်းဆေးဝါး ထုတ်လုပ်ရေးဇုန်က ပြည်တွင်းဆေးဝါး လိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းအထိ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လက်ရှိအချိန်ကာလ၌ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် ပုဂ္ဂလိက ခေတ်မီဆေးဝါးစက်ရုံများ တည်ဆောက်လျက်ရှိသည်။ လာမည့် နှစ်နှစ်အတွင်း ငါးဆူတောင် ဆေးဝါးထုတ်လုပ်ရေးဇုန် ပြီးစီးသွားသောအခါ ပြည်တွင်းရှိ အခြားသောဆေးဝါးစက်ရုံများလည်း တစ်ပြိုင်နက်တည်းဆိုသလို တည်ထောင်ပြီးစီးသွားကြမည်ဖြစ်၍ ယင်းဆေးဝါးစက်ရုံများက ထုတ်လုပ်ထွက်ရှိသော ဆေးဝါးများကို ပြည်ပသို့တင်ပို့နိုင်ရန် ရည်ရွယ်ထားသည်ဟု မြန်မာ့ဆေးဝါးလုပ်ငန်း၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ယခု လောလောဆယ်တော့ မြန်မာနိုင်ငံဆေးဝါးစက်ရုံ( ဘီပီအိုင်) က ထုတ်လုပ်သော မြွေဆိပ်ဖြေဆေးများကို အိမ်နီးချင်း ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများသို့ တင်ပို့ရောင်းချပေးနေရပြီဖြစ်သည်။ သို့သော် မြန်မာနိုင်ငံတွင် မထုတ်လုပ်နိုင်သေးသည့် ဆေးဝါးအချို့ကိုတော့ ပြည်ပမှ တင်သွင်းနေရပါသေးသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖော်ပြသော စာရင်းများအရ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဖိုးအထိ ပြည်ပမှ ဆေးဝါးနှင့် ဆေးပစ္စည်းများ နှစ်စဉ် တင်သွင်းနေရသေးသည်ဟု သိရသည်။

မြန်မာ့ဆေးဝါးလုပ်ငန်းအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆေးဝါးအမယ်သစ် ၂၄ မျိုးနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆေးဝါးအမယ်သစ် ၂၁ မျိုးကို တီထွင်စမ်းသပ် ထုတ်လုပ်နိုင်ခဲ့သည်။ ဘဏ္ဍာနှစ်နှစ်နှစ်တာအတွင်း စမ်းသပ်တီထွင်ထုတ်လုပ်နိုင်ခဲ့သော ဆေးဝါးအမယ်သစ် ၄၅ မျိုးတွင် ယခုအခါ ဆေးဝါးအမယ်သစ် ၁၇ မျိုးကို မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA) က ခွင့်ပြုချက်ထုတ်ပေးပြီး ဖြစ်သည်။ အက်ဖ်ဒီအေ ခွင့်ပြုချက်ရရှိပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အဆိုပါဆေးဝါးအမယ်သစ် ၁၇ မျိုးအနက် အိပ်ချ်အိုင်ဗွီရောဂါဝေဒနာရှင်များအတွက် ကုသဆေးဖြစ်သည့် Tenofovir(300mg) ဆေး၊ ဘက်တီးရီးယားပိုးသတ်ဆေးများဖြစ်သည့် Cefalexin Capsule ဆေးနှင့် Flcomox Capsuleဆေး၊ ကင်ဆာဝေဒနာရှင်များအတွက် နာကျင်မှုသက်သာစေသည့် Pain Killer တစ်မျိုးဖြစ်သည့် Tramadol ဆေးစသည့် ဆေးဝါးများကို ယခုအခါ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။ ထို့ပြင် အာရုံကြောနှင့် ကိုယ်ခံစွမ်းအား တိုးမြှင့်စေသောဆေး ဖြစ်သည့် Neurovit Injection ထိုးဆေး၊ နှလုံးရောဂါနှင့် ကျောက်ကပ်ရောဂါကုဆေးများဖြစ်သည့် Dopamine Injection ထိုးဆေး၊ သွေးတွင်းအဆီကျဆေး Rosuvastatin Tabletဆေး၊ အစာအိမ်ရောဂါကုဆေးဖြစ်သည့် Ranitidine Tablet ဆေး၊ လက်သန့်ဆေးရည် Hand Sanitige ဆေးစသည့် ဆေးဝါးမျိုးစုံကို FDA အဖွဲ့၏ အတည်ပြုချက်ရရှိရေး လျှောက်ထားလျက်ရှိသည်ဟုလည်း မြန်မာ့ဆေးဝါးလုပ်ငန်း သတင်းထုတ်ပြန်ချက်အရ သိရသည်။ သို့သော် အထက်ဖော်ပြပါ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသည်ဆိုသော ဆေးဝါးအမယ်သစ်များသည် ကိုယ့်သဘောနှင့်ကိုယ် ဝယ်ယူသောက်သုံးခွင့်မရှိဘဲ ဆေးပညာရှင် ဆရာဝန်၏ ညွှန်ကြားချက်ဖြင့်သာ ဝယ်ယူသုံးစွဲရမည်ဖြစ်ကြောင်းကိုတော့ ပြည်သူအများ သတိချပ်ဖို့လိုပါသည်။ ထို့ပြင် ဆေးဝါးရောင်းချသော လက်လီလက်ကား ဆေးဆိုင်များသည်လည်း ဆရာဝန် ဆေးလက်မှတ်ပါမှသာ ရောင်းချရမည်ကိုလည်း သတိကြီးကြီးထားရမည်ဖြစ်သည်။ ယခုအခါ ဆေးဆိုင်အချို့၏ ပေါ့ဆစွာဆေးရောင်းချမှု၊ ဆရာဝန် ဆေးလက်မှတ်မပါဘဲ ရောင်းချမှုနှင့် မိမိသဘောဖြင့် မိမိစပ်ဆေးအတွဲများ ပြုလုပ်ရောင်းချနေမှုတို့ကြောင့် လူနာအချို့ ဘေးဥပဒ်ဖြစ်ရသည်များလည်း ရှိနေသည်။

မည်သို့ပင်ဖြစ်စေ ဆေးဝါးထုတ်လုပ်ရေးဇုန် တည်ထောင်မည်ဆိုသည်ကိုတော့ ကြိုဆိုရပါမည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းဆေးဝါး သုံးစွဲမှု ဖူလုံရေးကို ဦးစားပေးရပါမည်။ ပြည်ပမှ တင်သွင်းနေရသည့် နိုင်ငံခြားငွေယိုပေါက်ကိုလည်း ပိတ်ရပါမည်။ ထို့ပြင်ဆေးဝါး အလွဲအသုံးပြုမှု၊ ဆေးဝါးအလွဲရောင်းချမှုများကိုလည်း ထိန်းချုပ်ရပါမည်ဖြစ်ကြောင်း လေ့လာရေးသား တင်ပြလိုက်ရပါသည်။

**စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။**

## Commerce ကာတွန်း




## တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်နှင့် လောင်းလုံးမြို့နယ်အတွင်းရှိ ဆေးဆိုင်များအား စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့မှ ကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်နှင့် လောင်းလုံးမြို့နယ်တို့၌ ဇွန်လအတွင်း စားသုံးသူရေးရာဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတို့ ပူးပေါင်း၍ ဆေးဆိုင်ကိုးဆိုင်အား ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ပြီး မှတ်ပုံမတင်ထားသော ဆေးဝါး များ၊ တားမြစ်ဆေးဝါးများ၊ သက်တမ်းလွန်ဆေးဝါးများနှင့် စပ်ဆေးများရောင်းချမှုရှိ/မရှိကိုလည်း ကောင်း၊ ရောင်းချခွင့်လိုင်စင်ရှိ/မရှိနှင့် ဆေးဝါးများရောင်းချရာတွင် ဆေးထားသိုပုံနည်းစနစ်ကို လည်းကောင်း၊ သက်တမ်းလွန်ဆေးဝါးများအား အလွယ်တကူ မစွန့်ပစ်ရန်၊ စုစည်းထားရှိပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ လာရောက်အပ်နှံရန်နှင့် စစ်ဆေးသောဆိုင်များအား မိမိတို့လာရောက်စစ်ဆေးချက်များကို သိရှိလိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးပြီး အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း (၅/၂၀၁၈)ကို ဇွန် ၂၀ ရက်နေ့မှ ဇူလိုင် ၃ ရက်နေ့ထိ ၁၃ ရက်ကြာ မုံရွာမြို့၊ ကြေးမုံကျေးရွာ၌ဖွင့်လှစ်ခဲ့ရာ သင်တန်းသားသူ ၃၁ ဦး တက်ရောက်ခဲ့ကြောင်း သိရှိရပါတယ်။

သင်တန်းတွင် သစ်သီးယိုစုံ၊ သစ်သီးဖျော်ရည်၊ သစ်သီးဂျယ်လီ၊ ဆော့စ်ချဉ်၊ အာလူးကြော်၊ ငါးမုန့်ခြောက်၊ ကြက်သွန်ပေါင်းခြောက်၊ ပြောင်းဖူး ပေါက်ပေါက်၊ ဆန်/ဂျုံဖြင့် ပြုလုပ်သော ပန်းသီးကိတ်၊ Chiffion ကိတ်၊ Cookies ပြုလုပ်နည်းများ၊ ပဲစင်ငုံဖြင့် ပြုလုပ်သောမုန့်အမျိုးမျိုး (ပဲကိတ်လိပ်၊ ပူတင်း၊ ပဲရွှေကြည်ဆနွင်းမကင်း၊ ပဲချောင်းအဆိမ့် ) ပြုလုပ်နည်းများကို စာတွေ့/လက်တွေ့ သင်ကြားပို့ချခြင်း၊ တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) နှင့် စားသုံးသူရေးရာဦးစီးဌာနတို့က သင်တန်းတစ်ချိန်စီ ပို့ချခဲ့ကြောင်း သိရှိရပါတယ်။ သင်တန်းတွင် စားသုံးသူရေးရာဦးစီးဌာန၊ မုံရွာခရိုင်ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းတင်က စားသုံးသူရေးရာဦးစီးဌာန ပေါ်ပေါက်လာပုံ၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များအကြောင်း၊ မုံရွာခရိုင်တွင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ CICC ရုံးခန်းဖွဲ့စည်းထားရှိမှု အခြေအနေများ၊ ဌာန၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်း ထိရောက်အောင်မြင်စေရန်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ စားသုံးသူများ၊ ထုတ်လုပ်သူများ အပါအဝင် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါလို့ ပြောကြားခဲ့ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းတင် (မုံရွာ)**

## ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ပုသိမ်မြို့ပေါ်ရှိ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအရောင်းဆိုင် ငါးဆိုင်ကွင်းဆင်းအသိပညာပေး



ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်၊ ပုသိမ်ခရိုင် ဦးစီးမှူး ဦးစိုးဦးနှင့် ဝန်ထမ်းများသည် တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စည်ပင်သာယာရေး အဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မွေး/ကု ဦးစီးဌာန၊ ပြန်/ဆက် ဦးစီးဌာနတို့လိုက်ပါ၍ ဇွန် ၂၆ ရက်က ပုသိမ်မြို့ပေါ်ရှိ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး အရောင်းဆိုင်ငါးဆိုင်သို့ သွားရောက်ပြီး သက်တမ်းကုန်ဆုံးရက်၊ သက်တမ်းလွန်နေသော ပိုးသတ်ဆေးများ မရောင်းချရန်နှင့် ဓာတ်မြေဩဇာများကိုလည်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ရောင်းချရန် ကွင်းဆင်း စိစစ်အသိပညာပေး ဆောင်ရွက်ခဲ့ပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးသတ်ဆေးဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ လက်လီလက်ကား ရောင်းချခွင့်လိုင်စင်စည်းကမ်းများ၊ ပိုးသတ်ဆေးအညွှန်းပါရှိရန် ရောင်းချသူများမှလည်း ပိုးသတ်ဆေးဝယ်ယူသည့်ကုမ္ပဏီ၏နေရပ်လိပ်စာ ဆက်သွယ်ရန် ဖုန်းနံပါတ်များပါရှိရန်၊ တားမြစ်ထားသော အရည်အသွေးမမီသောပစ္စည်းများ မရောင်းချရန် အသိပညာ ပေးဆွေးနွေး ပြောကြားခဲ့ပါသည်။

တိုင်းဦးစီးမှူး ဦးကျော်ကျော်လွင်က အရောင်းဆိုင်များအနေနှင့် ပိုးသတ်ဆေးကို စနစ်တကျ အန္တရာယ်ကင်းစွာ သုံးစွဲ နိုင်ရေး၊ ပိုးသတ်ဆေးဖျန်းရာတွင် ဘောင်းဘီရှည်၊ အင်္ကျီရှည်၊ ဦးထုပ်၊ နှာခေါင်းစည်း၊ လက်အိတ်၊ လည်ရှည်ဖိနပ်(ကာကွယ်ရေးဝတ်စုံ) ဖြင့် စနစ်တကျဖျန်းရန်၊ သို့မှသာ ရေရှည်တွင် အန္တရာယ်ကင်းမှာဖြစ်ကြောင်း အသိပညာပေးရန်၊ အရည်အသွေးစံချိန်ညွှန်းနှင့်ကိုက်ညီသော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများရောင်းချရန် အသိပညာပေးဆွေးနွေးပြောကြားခဲ့ပါသည်။

**ရောမြေ(ပုသိမ်)**

## ရန်ကုန်ကားဈေးကွက် အခြေအနေအရပ်ရပ်ကြောင့် ပြန်အေးနေ

ရန်ကုန်မြို့ကားဈေးကွက်၏ ဇွန်လကုန်ပိုင်းအခြေအနေမှာ မိုးရွာသွန်းမှုများပြားခြင်းနှင့်အတူ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကြောင့် နေရာအသီးသီးတွင် လူဝင်လူထွက်ကျဲပါးကာ အရောင်းအဝယ်ပြန်လည်အေးနေ ကြောင်းသိရသည်။

ယခင်မေလကုန်ပိုင်းခန့်က အရောင်းအဝယ်မဆိုးခဲ့သော ရန်ကုန်ကားဈေးကွက်သည် ယခုဇွန်နှောင်းပိုင်းကာလတွင် အအေးစက်ဆုံးအနေအထားသို့ ရောက်ရှိလာခဲ့ပြီး ဇွန်လလယ်ခန့်တွင်ဈေးကွက်အေးစက်မှုကြုံတွေ့ရသော်လည်း ယခုလောက်မဆိုးကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်ကပြောသည်။

လက်ရှိဈေးကွက်ထဲတွင် တွေ့ကြုံနေရသည့် အခြေအနေများမှာလည်း ယခင်နှစ်များက မိုးရာသီတွင်လည်းကောင်း၊ ဗဟိုမှဖြစ်စေ၊ တိုင်းဒေသကြီးမှဖြစ်စေ မူဝါဒတစ်ရပ်မထုတ်ပြန်နိုင်သေးခင်ကာလများတွင်လည်းကောင်းဖြစ်လေ့ရှိပြီး ယခုအခါတွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကျင်းပနေသည့် အချိန်နှင့်လည်း တိုက်ဆိုင်နေသဖြင့် အရောင်းအဝယ်များ ရပ်တန့်နေရခြင်းဖြစ်ကြောင်း၊ မေလကုန်ခန့်က နယ်ဝယ်လက်များလည်းဆင်းလာပြီး နယ်လိုင်စင်ကားလေးများဖြစ်စေ၊ အင်ဂျင်ပါဝါကြီးကားလေးများဖြစ်စေ အဝယ်ရှိကြသော်လည်း ယခုအချိန်တွင်မျှော်မှန်းသလို နယ်ဝယ်လက်များလည်း မဆင်းတော့သဖြင့် ဈေးကွက်ဘက်စုံ အေးနေရခြင်းဖြစ်ကြောင်း၊ ယခုနှစ်မိုးဦးကျကာလမှာပင် ရေကြီးရေလျှံမှုများဖြစ်ပေါ်သဖြင့် နယ်အဝယ်များအားမိုးအနည်းငယ်ပါးမှသာ မျှော်လင့်ရန်ရှိကြောင်း၊ သတင်းကြီးနာမည်ကျော်ပြီးမှ ပြန်လည်အေးသွားသည့်ရန်ကုန်လိုင်စင်မှာလည်း မလုပ်ဖြစ်တော့ကြောင်း သတင်းများကြားသိရပြီး ကျပြီးသားစလစ်ဈေးများပါ သိန်း ၁၂၀ အကျော်ပြန်တက်ကုန်သဖြင့် သက်ဆိုင်ရာယာဉ်လုပ်ငန်းရှင်အသင်းများမှ ရန်ကုန်ကိုတာအား ပယ်ဖျက်ရန်မရှိကြောင်း၊ ယခုကာလပြင်ဆင်နေဆဲဖြစ်ပြီး ပြီးပြည့်စုံမှသာ သက်ဆိုင်ရာမှသတင်းထုတ်ပြန်မည်ဖြစ်ကြောင်း ပြန်လည်ကြားသိရသဖြင့် အဆိုပါ အခြေအနေအရပ်ရပ်ကြောင့်သာ ယခုကဲ့သို့ ဈေးကွက်ပြန်အေးနေရကြောင်း ဝါရင့်ဝယ်ရောင်းအဖွဲ့မှပြောသည်။

ယခုအခါ ရန်ကုန်ကားဈေးကွက်ထဲတွင် အရောင်းအဝယ်အေးသော်လည်း ဈေးတန်းမှာမူ မာနေဆဲဖြစ်ပြီး နယ်လိုင်စင်ဖြင့်သွင်းလာသည့်ကားများမှာ ကျပ်သိန်း ၂၀၀ စွန်းစွန်း၊ ရန်ကုန်လိုင်စင်ကားလေးများမှာ ကျပ်သိန်း ၃၀၀ နားကပ်နေသဖြင့် ရေရှည်တွင်ရန်ကုန်ကိုတာခွဲတမ်းရှိလာသော်လည်း နယ်လိုင်စင်များပါ စည်းကမ်းတစ်ခုသတ်မှတ်လာပါက ဈေးကွက်မည်သို့ရှိနိုင်သည်ကိုသုံးသပ်ကာ တစ်ဦးစနှစ်ဦးစ ရန်ကုန်လိုင်စင်ကားများ အချင်းချင်းပြန်ဝယ်ယူမှုများလည်း ရှိနေသေးကြောင်း သိရသည်။

**SN**

## ရေဦးမြို့မှ စည်ပင်သာယာဈေးအတွင်း စားသုံးသူ အကာအကွယ်ပေးရေး ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံသည် မြို့နယ်စားသုံးသူ အကာအကွယ်ပေးရေး စစ်ဆေးရေးအဖွဲ့ဝင်များ၊ မြို့မစည်ပင်သာယာဈေး စားသုံးသူအကာအကွယ်ပေးရေးအသင်းအတွင်းရေးမှူးတို့နှင့် အတူ ဇွန် ၁၈ ရက်က ရေဦးမြို့မစည်ပင်သာယာဈေးအတွင်းရှိ ကုန်စုံဆိုင် ၁၈ ဆိုင်၊ မုန့်မျိုးစုံဆိုင် ငါးဆိုင်၊ စုစုပေါင်း ၂၃ ဆိုင်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့်စားသောက်ကုန်ပစ္စည်းများရောင်းချမှု ရှိ/မရှိနှင့် ယခင် ၂၀၁၇ ခုနှစ် ဇူလိုင်လက မြို့နယ်အဖွဲ့ ကွင်းဆင်းစစ်ဆေး စဉ် တားမြစ်ခဲ့သော စားသောက်ကုန်များ ရောင်းချမှု ရှိ/မရှိ ကွင်း ဆင်းစစ်ဆေးခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံက ဈေးဆိုင်ပိုင်ရှင်များအား စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအကြောင်း ပညာပေးဆွေးနွေးခဲ့ပြီးနောက် ဈေးအတွင်းရှိ ကုန်စုံဆိုင် ၁၃ ဆိုင်မှ နှင်းပုလဲတံဆိပ်ပါ ငရုတ်သီးမှုန့် အထုပ်ကြီး ၂၃ ထုပ်၊ အထုပ်သေး ၁၁ ထုပ်၊ အရောင်တင်မှုန့်အထုပ်ကြီး ၁၂ ထုပ်၊ အထုပ်သေး ၁၁၅ ထုပ် စုစုပေါင်းတန်ဖိုးငွေကျပ် ၆၀၃၀၀ ရှိ ကုန်ပစ္စည်းများအား အဖွဲ့ဖြင့် သိမ်းဆည်းခဲ့ပြီး မြို့နယ်စည်ပင်သာယာရုံးတွင် ထိန်းသိမ်းထားရှိပြီး မကြျုမုန့်မျိုးစုံဆိုင်မှ Xiaoyingying စာတန်းပါ တရုတ်နိုင်ငံထုတ် (နှင်းဆီပုံတံဆိပ်ပါ) တုတ်ထိုးချိုချဉ်အနီထုပ်များအား ဆက်လက်ရောင်းချခြင်းမပြုရန် အဖွဲ့ဖြင့်တားမြစ်ခဲ့ ကြောင်း၊ ၂၀၁၇ ခုနှစ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စားသုံးရန် မသင့်ကြောင်း ကြေညာထားသည့် စားသောက်ကုန်ပစ္စည်း ၉၅ မျိုး စာရင်းများကို စစ်ဆေးသည့် ၂၃ ဆိုင်အား ဖြန့်ဝေပေးပြီး ရောင်းချခြင်းမပြုရန် ကြေညာပေးခဲ့ကြောင်းနှင့် သိမ်းဆည်းကုန်ပစ္စည်းများ ဖျက်ဆီးခွင့်ကို ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ထံသို့ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**အောင်ညွှန့် (ရေဦး)**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | နီဆန်း(နတ်) (၂၀၀၉) | H | ၁၄၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ပါဆို (၂၀၀၉) | H | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | နီဆန်း (ကျုံ့) (၂၀၀၉) | G | ၁၄၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | မတ်(ခ်) အိပ်(စ်) (၂၀၀၅) | D | ၂၄၅ သိန်း | 2.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | မတ်(ခ်)တူး (၂၀၀၃) | F | ၁၈၅ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ကလူဂျာ (၂၀၀၂) | H | ၃၂၀ သိန်း | 2.4 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဆူဇူကီး | ယာယီ | ၁၀၅ သိန်း | 0.6 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ဘယ်လ်တာ (၂၀၁၀) | J | ၁၇၀ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | အပ်ကား (နှစ် ၂၀ ) | | ၁၀၈ သိန်း | ကားကောင်း |

# လွတ်လပ်သောကုန်သွယ်မှုဒေသတည်ထောင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ထိုင်းဝန်ကြီးချုပ် Gen Prayut ဥရောပသို့ အလည်အပတ်သွားရောက်

ထိုင်းနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ အကြား လွတ်လပ်သောကုန်သွယ်မှုဇုန်ဧရိယာ (FTA) ထူထောင်ရန် သဘောတူညီချက်ကိစ္စဆောင်ရွက်နေစဉ်ကာလအတွင်း ထိုင်းနိုင်ငံ ဝန်ကြီးချုပ် Gen Prayut သည် ကုန်သွယ်မှုဆိုင်ရာ ကိစ္စနှင့်ပတ်သက်၍ ဥရောပသို့ ခြောက်ရက်ကြာ ခရီးသွားရောက်ခဲ့ပြီး နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ် Gen Prayut ၏ ခရီးစဉ်ဇယားအရ ဗြိတိန်နိုင်ငံ၏ ဝန်ကြီးချုပ်နှင့်လည်း ဇွန် ၂၀ ရက်တွင် တွေ့ဆုံမည်ဖြစ်ပြီး FTA အတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်များ မြင့်တင်ဆောင်ရွက်မည့် အစီအမံများကိုဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့ အကြား လွတ်လပ်သော ကုန်သွယ်မှုဒေသထူထောင်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ ဥရောပအဖွဲ့ဝင်နိုင်ငံများမှ ဗြိတိန်နိုင်ငံခွဲထွက်ပြီးနောက်ပိုင်း ပိုမိုခိုင်မြဲသည့်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအတွက်ဖြစ်ကြောင်း၊ အဆိုပါ ဥရောပခရီးစဉ်ကာလအတွင်း ထိုင်းနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံ၏ ပညာရေးကဏ္ဍ၊ သိပ္ပံကဏ္ဍ၊ နည်းပညာကဏ္ဍနှင့်လေကြောင်းပညာရေးဆိုင်ရာ ကဏ္ဍစသည်တို့တွင် ဗြိတိန်၏ရင်းနှီးမြှုပ်နှံမှုပိုမိုမြင့်မားလာစေရန် အတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ဧပြီ ၅ ရက်ကလည်း ဗြိတိန်နိုင်ငံ၏ အဆင့်မြင့်ပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် နိုင်ငံတကာ ကုန်သွယ်မှု၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပညာရေး၊ သိပ္ပံနှင့် ဆန်းသစ်တီထွင်မှု၊ လုံခြုံရေးနှင့်စစ်ဘက်ဆိုင်ရာစသည်တို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကော်မတီတစ်ရပ် ဖွဲ့စည်းရန်လည်း သဘောတူခဲ့ကြောင်း ဝန်ကြီးချုပ်ရုံး ဝန်ကြီးဖြစ်သူ Mr. Kobsak က ပြောကြားခဲ့ပါသည်။

နှစ်နိုင်ငံအကြား ကုန်သွယ်မှုဆက်ဆံရေးအား ပြင်ဆင်ဆောင်ရွက်မည့် သဘောတူညီမှုများကြောင့် ထိုင်းနိုင်ငံအနေဖြင့် လက်ရှိအခြေအနေအားပိုမိုဆိုးရွားစေသည့် အခြေအနေမရှိနိုင်ကြောင်း မျှော်လင့်ထားသည်ဟု သိရှိရပါသည်။ ထိုင်းဝန်ကြီးချုပ် Gen Prayut သည် ဇွန် ၂၁ ရက်တွင် "Transforming Thailand Seminar" အား ဖွင့်လှစ်ပေးမည်ဖြစ်ပြီး British Multinational Publishing and Education Company ကိုလည်း အလည်အပတ်သွားရောက်ခဲ့သည့်အပြင် ထိုင်းဝန်ကြီးချုပ် Gen Prayut သည် ဇွန် ၂၂ ရက်တွင် Airbus Commercial Aircraft ၏ ဥက္ကဋ္ဌဖြစ်သူ Mr.Guillaume နှင့် တွေ့ဆုံ၍ Airbus Commercial Aircraft နှင့် Thai Airway International Plc တို့အကြား ပြုပြင်ထိန်းသိမ်းရေးနှင့် ပြင်ဆင်မွမ်းမံရေးလုပ်ငန်းများဆိုင်ရာပူးတွဲလုပ်ငန်း MOR အား Joint Venture ဆောင်ရွက်ရန် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း၊ အဆိုပါကုမ္ပဏီကြီးနှစ်ခုတို့သည် ဒီဇင်ဘာလအတွင်းကလည်း U-tapao လေဆိပ်တွင် MOR ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့ပြီး ကနဦးရင်းနှီးမြှုပ်နှံမှုတန်ဖိုးမှာ ဘတ်နှစ်သန်းခန့်ရှိကြောင်း သိရှိရသည်။

**Source:Bangkok Port သတင်းစာ**

**သန်းသန်းနိုင်**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအို အုပ်ချုပ်ခွင့်ရဒေသတွင် The GuangDong & Macao Branded Products Fair 2018 ပြပွဲကျင်းပမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုအုပ်ချုပ်ခွင့်ရဒေသတွင် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ"TheGuangDong& Macao Branded Products Fair 2018" ကုန်စည်ပြပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ ကျောက်မျက်ကုမ္ပဏီများ၊ မြန်မာနိုင်ငံထုတ်စားသောက်ကုန် လုပ်ငန်းရှင်များ၊ ပရိဘောဂနှင့် ပန်းချီပန်းပုပစ္စည်းများ၊ မြန်မာနိုင်ငံထုတ် ပြည်ပပို့ကုန်အလားအလာရှိသော ထုတ်ကုန်ပစ္စည်းများ အစရှိသော ကုမ္ပဏီများ ပါဝင်ပြသနိုင်ကြောင်း၊ ပြခန်းခန့်မှန်းထားအနေဖြင့် (3m x 3m) ပြခန်း တစ်ခန်းလျှင် အမေရိကန်ဒေါ်လာ ၂၂၀၀ ကျသင့်မည်ဖြစ်ပြီး ၎င်းပြခန်းစရိတ်ထဲတွင် ပြသမည့် လုပ်ငန်းရှင်နှစ်ဦးအတွက် အသွား အပြန် လေယာဉ်စရိတ်၊ ငါးညအိပ်ဒေသတွင်း တည်းခိုနေထိုင်စရိတ်၊ ဟောင်ကောင်မှ မကာအိုသို့ မော်တော်ဘုတ် အသွားအပြန်စရိတ်နှင့် Visa ကြေးတို့လည်း ပါဝင်ကြောင်း ဖော်ပြပါရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါပြပွဲသို့ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ပြီး စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း-၀၆၇ ၄၃၀၄၄၆ , ၄၃၀၄၄၇၊ ဖက်စ်-၀၆၇၄၃၀၁၂၈၊ E-mail:moctradefair@ gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်မြို့) ဖုန်း-၀၁ ၂၅၄၀၂၄၊ဖက်စ်-၀၁ ၂၅၄၀၂၃ သို့လည်းကောင်းဆက်သွယ် မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။

**ဆုမွန်သိန်း(TD)**

## ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ဟသ်ာတခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၁၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၂ ရက်က ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပြီး အဖွဲ့ဝင်နှင့် ဖိတ်ကြားထားသူများ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ဟသ်ာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုကာလသည် အခြေခံပညာကျောင်းဖွင့်ချိန်ဖြစ်သည့်အတွက် ကျောင်းဈေးတန်းများအား စစ်ဆေးခြင်းကို တွန်းအားပေးဆောင်ရွက်ရန်နှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ စားသုံးသူအရေးဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ပါသည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကြည်ဟန်က အစည်းအဝေးတွင် ဆွေးနွေးရမည့်အမှာစာများ၊ ၂၀၁၈ ခုနှစ် မေလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် အခြေခံပညာကျောင်း မုန့်ဈေးတန်းများတွင် စားသုံးရန်မသင့်သည့် မုန့်များ၏ ဗီနိုင်းပိုစတာများ ချိတ်ဆွဲနိုင်ရေး၊ ဟသ်ာတမြို့၏ လူစည်ကားသည့်နေရာတွင် စားသုံးသူများ၏ နစ်နာမှုများကို တိုင်ကြားနိုင်သည့် သတိပေးဆိုင်းဘုတ်များ စိုက်ထူနိုင်ရေးနှင့် လာမည့် ဇူလိုင်လတွင် ဆောင်ရွက်မည့်လုပ်ငန်း ရည်မှန်းချက်များအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။



တက်ရောက်လာသူများကလည်း နေရာစဉ်အလိုက် ဆွေးနွေးခဲ့ကြပြီး ဆုံးဖြတ်ရန်အချက်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရှိရပါသည်။

**မောင်မောင်မြတ်ခိုင်**


**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com


## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၂-၇-၂၀၁၈ မှ ၈-၇-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းသစ်များကိုပုံစံသစ်များဖြင့် လုပ်ကိုင်နေရတတ်သည်။ တိုးတက်မှုနှောင့်နှေးမည်။ သစ်သီးဝလံများ၊ စားသုံးဆီများမှငွေကြေးအကျိုးအမြတ်ရရှိမည်။ ပညာရေးအခြေအနေကောင်းမွန်နေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် အဖက်ဖက်ကပြည့်စုံအောင်တိုးတက်ပြီးမှလက်တွဲဖော်ရှာလိုတတ်သည်။ ကျန်းမာရေးအနေဖြင့် အစားအသောက်အနေအထိုင်ဆင်ခြင်ရန်လိုအပ်လိမ့်မည်။ **ယတြာ။ ။သံဃာတော်အား မုန့်ဆွမ်းလောင်းပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးအဆင်ပြေမည်။ သံထည်ပစ္စည်း၊ စက်ကိရိယာပစ္စည်းတို့နှင့်အကျိုးပေးမည်။ ငွေရရှိလိမ့်မည်။ ကြိုတင်စီမံခန့်ခွဲမှုပြုလုပ်ထားရတတ်သည်။ ပညာရေးကြိုးပမ်းရမည်။ ချစ်သောသူ၏တုံ့ပြန်မှုအခြေအနေကောင်းနေမည်။ အိမ်ထောင်ဖက်၏ကြိုးစားမှုနှင့်မိသားစုဘဝသာယာမှုရှိနေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းခြင်းကြောင့် စိတ်ကြည်လင်မှုမရှိတတ်ပေ။ **ယတြာ။ ။ဘုရားတွင်ထီးဖြူလှူပါ။**



**အင်္ဂါသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းအချို့နေရာများတွင် နားလည်မှုလွဲမှားသဖြင့်ဆက်ဆံရေး အခြေအနေမှာ အဆင်မပြေဖြစ်တတ်သည်။ သစ်တောထွက်ပစ္စည်းများ၊ မြေသယံဇာတများနှင့်ပတ်သက်ပြီး ထုတ်လုပ်သူများနှင့်လုပ်ကိုင်လျှင် အကျိုးအမြတ်ရရှိတတ်ပါသည်။ ပညာရေးအဆင်ပြေအောင်မြင်မှုရရှိလိမ့်မည်။ အချစ်ရေးတွင် ချစ်ခဲ့သမျှစိတ်ပိုင်းဆိုင်ရာ ကြေကွဲနွမ်းလျခြင်းဖြင့်သာ အချိန်ကုန်ရတတ်သည်။ ကျန်းမာရေးတွင်သွေးအားနည်းခြင်း၊ ဆီး၊ ကျောက်ကပ်၊ အဆစ်ရောင်ခြင်းတို့ဖြစ်နိုင်ပါသည်။ **ယတြာ။ ။အချိုရည်ကပ်လှူပါ။**




**ဗုဒ္ဓဟူးသားသမီးများအတွက်** လျှပ်စစ်ပစ္စည်း၊ မိုဘိုင်းဖုန်းနှင့် အပိုပစ္စည်းများ၊ ကွန်ပျူတာတို့နှင့်အကျိုးပေးတတ်သည်။ ပညာရေးအသိဉာဏ်ရင့်ကျက်လာမည်။ အချစ်ရေးတွင် မိဘ၊ ညီအစ်ကို၊ မောင်နှမများ၏စီစဉ်မှုဖြင့်သာ နှလုံးသားရေးကိုဆုံးဖြတ်ချက်ပေးရမည်။ ကျန်းမာရေးအနေဖြင့် ကာကွယ်ခြင်း၊ ကုသခြင်းတို့ဖြင့် ပျောက်ကင်းသက်သာစေအောင်လုပ်ဆောင်ရတတ်သည်။

**ယတြာ။ ။ဘုရားတွင်သကြားနှင့်ဆွမ်းကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** လူမှုရေး၊ စီးပွားရေး တိုးတက်အောင်ဆောင်ရွက်နိုင်လိမ့်မည်။ မင်းအစိုးရနှင့် ပတ်သက်သော ဥပဒေဆိုင်ရာလုပ်ငန်း၊ စီမံခန့်ခွဲမှုလုပ်ငန်းတို့အောင်မြင်မှုရနေမည်။ ပညာရေးကျွမ်းကျင်မှုရှိနေမည်။ မေတ္တာရေးတွင် အနှောင့်အယှက်များစွာရှိနေတတ်သည်။ ကျန်းမာရေးကောင်းနေမည်။

**ယတြာ။ ။ဘုရားကို ရေသပ္ပါယ်ပေးပါ။**



**သောကြာသားသမီးများအတွက်** အချို့သောစီးပွားရေးလုပ်ငန်းများတွင် စောင့်ဆိုင်းနေရသည့် အခြေအနေရှိတတ်သည်။ ယာဉ်၊ စက်ပစ္စည်းများနှင့်ပတ်သက်၍ အကျိုးဖြစ်ထွန်းမှုပိုလိမ့်မည်။ ပညာရေးတွင် ထိုးထွင်းသိမြင်နိုင်သောပညာ ရှိသည်။ အချစ်ရေးတွင် သာမန်မျှသာရှိလိမ့်မည်။ အိမ်ထောင်ရေးတွင် လူမှုရေး၊ စီးပွားရေးဆက်ဆံသူများနှင့်အဆင်ပြေမည်။ ကျန်းမာရေးအနေဖြင့် စိတ်ဖိစီးမှုဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ပတ်ဝန်းကျင်ကိုပဲမုန့်ဝေပေးပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးအတွက် စိတ်တိုင်းကျဆောင်ရွက်နိုင်ခြင်းမရှိသေး၊ နိုင်ငံခြားသားများနှင့်ဆက်ဆံလုပ်ကိုင်သောလုပ်ငန်းမှ အကျိုးဖြစ်ထွန်းမှုရှိလာလိမ့်မည်။ စတီးလုပ်ငန်း၊ အလူမီနီယံလုပ်ငန်းတို့ စီးပွားဖြစ်ထွန်းနိုင်ပါသည်။ ပညာရေးအောင်မြင်မှုအားကောင်းနေသည်။ အချစ်ရေးတွင် ဆက်ဆံရေးပြေလည်မှုရရန် ညှိနှိုင်းယူရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် လေ၊ အကြောရောဂါသတိရှိသင့်သောကာလဖြစ်နေတတ်ပါသည်။

**ယတြာ။ ။ယပ်ကိုအနောက်တောင်ထောင့်ဘုရားတွင်လှူပါ။**

# ကွမ်းလုံကြိုးတံတားနှင့် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု

လားရှိုးခရိုင် ကွမ်းလုံမြို့နယ် အရှည် (၇၈၉) ပေရှိသော ကွမ်းလုံကြိုးတံတားကြီးကို ၁၉၆၄ ခုနှစ် ဧပြီ ၂၉ ရက်ကစတင်တည်ဆောက်ခဲ့ပြီး ၁၉၆၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ဖြတ်သန်းသွားလာ ခွင့်ပြုခဲ့ရာ ယခုအခါနှစ်ပေါင်း ၅၃ နှစ်ရှိပြီဖြစ်ပါသည်။ အဆိုပါ ကြိုးတံတားကြီးသည် စတင်ဖွင့်လှစ်စဉ်က ယာဉ်+ကုန်=၄၀ တန်အထိ သတ်မှတ်၍ ဖြတ်သန်းသွားလာခွင့် ပြုခဲ့သည်။ ထိုကာလများက လမ်းများကောင်းမွန်မှုမရှိသေးသဖြင့် ခြောက်တန်ယာဉ်များ၊ ထော်လာဂျီများသာ သွားလာခဲ့ကြပြီး ၂၀၁၃ နောက်ပိုင်းတွင် ချင်းရွှေဟော်-သိန္နီလမ်းပိုင်းအား အဆင့်တိုးမြှင့်ပြင်ဆင်လိုက်ရာ လမ်းကောင်းမွန်သွားပြီး (၁၀) ဘီး၊ (၁၂) ဘီး ကုန်တင်ယာဉ်များ ဝင်ရောက်မှုများပြားလာသဖြင့် ယာဉ်+ကုန်= ၃၀တန် အထိသာ ခွင့်ပြုပေးခဲ့ပြီး ယခုအခါ သက်တမ်းကြာမြင့်ပြီဖြစ်သော ကြိုးတံတားကြီးသည် လမ်းဦးစီးဌာန၏ ဌာနပိုင်း လမ်း၊ တံတားများအပေါ် ခွင့်ပြုသတ်မှတ်တန်ချိန်ကို ၂၀၁၈ ခုနှစ် မေ ၂၁ ရက်မှစ၍ ယာဉ်+ကုန်= ၂၅ တန်သာခွင့်ပြုခဲ့ပြီး ထိုသို့ သတ်မှတ်ခွင့်ပြုလိုက်သောကြောင့် ကုန်ပစ္စည်းများ သယ်ဆောင်လာသော ယာဉ်များမှာ တန်ပိုကုန်များကို ကဲ့ကားများဖြင့် သယ်ဆောင်ရသဖြင့် ကုန်ကျစရိတ်များ ပိုမိုကုန်ကျလျက်ရှိသည်။ မိုးတွင်းကာလဖြစ်သဖြင့် တံတားမရောက်မီ ကုန်များချိန်းပြောင်းလုပ်ရာတွင် မိုးစိုပျက်စီးမှုမရှိစေရေးအတွက် ရွှေ့ပြောင်းရသည့် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း သိရပါသည်။ သို့သော်လည်း တံတားသစ်ကြီးအား ၂၀၁၈ ခုနှစ်ဒီဇင်ဘာလတွင်စတင်တည်ဆောက်မည်ဟု သိရှိရပါသည်။ ထိုတံတားသစ်ကြီး တည်ဆောက်ပြီးစီးသွားပါက ချင်းရွှေဟော် ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် လူနေမှုဘဝများ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**မောင်မောင်ဌေး (ချင်းရွှေဟော်)**

စာမျက်နှာ (၆) ဝင်ငွေခွန်တစ်ပြေးညီဖြစ်ရေး ........... မှ အဆက်

လက်ရှိအချိန်ကာလတွင် အခွန်အာဏာပိုင် အသီးသီးက PE ၏ အဓိပ္ပာယ်သတ်မှတ်ချက်ကို အမျိုးမျိုး ပြန်ဆိုလျက်ရှိသောကြောင့် ဤအချက်သည် အားနည်းချက် တစ်ခုဖြစ်လာနိုင်ကြောင်းလည်း တွေ့မြင်ရပါသည်။

အခွန်အာဏာပိုင်များကြား နောက်ထပ်အမြင်ကွဲပြားလျက်ရှိသည့်အချက်မှာ ပိုင်ဆိုင်မှု၏ ကောင်းကျိုး ခံစားရေးသဘောတရား (Concept of beneficial ownership) ဖြစ်သည်။ Beneficial ownership ဆိုသည်မှာ ငွေကြေးစာချုပ် သို့မဟုတ် ဥစ္စာပစ္စည်းတစ်ခုပိုင်ဆိုင်မှု၏ ကောင်းကျိုးများကို ခံရသောသူ (Anyone who enjoys the benefits of wonership of a security or property) ဖြစ်ပါသည်။ ဤအချက်က အခွန်သက်သာခွင့်ရရှိမှုအပေါ် အငြင်းပွားဖွယ်ဖြစ်လာနိုင်သည်။ ဥပမာအားဖြင့် အမြတ်ဝေစု (Dividens)၊ အတိုး (Interest) သို့မဟုတ် ငှားရမ်းခ (Royalty income) နှင့် ပတ်သက်သည့် အခွန်သက်သာခွင့်ကို မည်သို့ ခံစားမည်နည်းဟူ၍ စောဒက တက်စရာဖြစ်လာပါသည်။

**ပြောင်းလဲနေသော စံသတ်မှတ်ချက်များ**

စီမံအုပ်ချုပ်မှုရှုထောင့်မှ လေ့လာရာတွင် အခွန်အာဏာပိုင်အသီးသီးက အသုံးပြုသော စံသတ်မှတ်ချက်များ (Standards)မှာလည်း အမျိုးမျိုးကွဲပြားလျက်ရှိကြောင်း တွေ့ရသည်။ အထူးသဖြင့် အခွန်သဘောတူညီချက်များ (Tax treaties) တွင် ဖော်ပြထားသော ဝင်ငွေခွန်ကို လျှော့ချကောက်ခံရေး သို့မဟုတ် လုံးဝမကောက်ခံရေးကိစ္စနှင့် ပတ်သက်၍ အမြင်အမျိုးမျိုး ကွဲပြားလျက်ရှိပါသည်။ အခွန်သက်သာခွင့်ပေးရန်အတွက် အခွန်ထမ်းများသည် အချို့နိုင်ငံများတွင် အမြဲတမ်းနေထိုင်ခွင့်လက်မှတ် (Certificate of Residence-COR) ကိုသာ တင်ပြရပြီး အခြားနိုင်ငံများတွင် ပိုင်ဆိုင်မှုမှပေါ်ပေါက်လာသော အကျိုးအမြတ် (Beneficial ownership) ကို တင်ပြကြရသည်။

အခွန်ရှောင်ကွင်းမှုနည်းလမ်းများ (BEPS) ကို ပိုမိုအာရုံစိုက်လာခြင်းနှင့်အတူ ယနေ့ကုမ္ပဏီအများစုသည် Transfer pricing ပြဿနာကို ရင်ဆိုင်နေရသည်။ ထို့ကြောင့် Transfer pricing စည်းကမ်းသတ်မှတ်ချက်များ တစ်ပြေးညီရှိရန် လိုအပ်ပါသည်။

ထိုမျှသာမက ဒစ်ဂျစ်တယ်စီးပွားရေးရှုထောင့်မှ လေ့လာတွင် ဝင်ငွေအတော်တော်များများသည် e-commerce လုပ်ငန်းများမှ ရရှိကြောင်းတွေ့ရသည်။ ထို့ကြောင့် အာဆီယံအခွန်အာဏာပိုင်များသည် e-commerce ရောင်းဝယ်ဖောက်ကားမှုများအပေါ် အခွန်ကောက်ခံရန်အတွက် ဘုံစည်းကမ်းချက်များ (Common set of rules) ထားရှိ ကျင့်သုံးရန် လိုအပ်ပါသည်။

နိုင်ငံအသီးသီးက ကျင့်သုံးနေသော အခွန်စည်းကြပ်မှုနည်းလမ်းနှင့် စံသတ်မှတ်အမျိုးမျိုးကို တစ်ပြေးညီဖြစ်အောင် အားလုံးက လက်ခံသည့် ဘုံစည်းကမ်းချက်များဖြစ်အောင် လုပ်ဆောင်ရန်မှာ အလွန်မလွယ်ကူသော ကိစ္စရပ်ဖြစ်နေပြန်ပါသည်။ သို့သော်လည်း အာဆီယံနိုင်ငံများအတွင်း အခွန်တစ်ပြေးညီဖြစ်ရေးကို စတင်ဆောင်ရွက်ခြင်းက ရေရှည်အကျိုးရှိမည့်ကိစ္စကို စတင်ရာရောက်ပါသည်။




မကြာမီက စင်ကာပူနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်း e-commerce ဈေးကွက်အလားအလာကို မြှင့်တင်ပေးရန်အတွက်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများ တိုးချဲ့မှုကို ကူညီရန်အတွက်လည်းကောင်း၊ အာဆီယံ e-commerce သဘောတူညီချက်နှင့် ဆန်းသစ်ပြောင်းလဲမှုကွန်ရက် (Innovation network) တို့ကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် အာဆီယံဒေသတွင်း ဈေးကွက် (Intra-Asean market) ကို ပိုမိုကြီးထွားစေမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံခြားကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ပေါင်းစည်းမှုအားကောင်းသော အသိုက်အဝန်းအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါသည်။

စင်ကာပူနိုင်ငံသည် အရည်အသွေးရှိခြင်း၊ ယုံကြည်စိတ်ချရခြင်းနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်သော နေရာတွင် ရပ်တည်လျက်ရှိခြင်း (Pro-business stance) တို့နှင့်အတူ အာဆီယံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိပါသည်။ ထို့ကြောင့် အာဆီယံစီးပွားရေးပေါင်းစည်းမှု၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် စင်ကာပူနိုင်ငံသည် အခွန်တစ်ပြေးညီဖြစ်ရေးကို ဦးဆောင် တွန်းအားပေးဆောင်ရွက်ရန် အချိန်ကိုက်ဖြစ်ကြောင်းပါခင်ဗျား။

**Soruce: businesstimes.com.sg**

# ပဲတို့၏ မာယာ (သို့မဟုတ်) ပဲ(မှုယာ)များသော ပဲလောက

အပိုင်း [၂]



မတ်ပဲ အကြောင်းပြီးရင်တော့ ပဲစင်းငုံကို ဆက်လက်တင်ပြလိုပါတယ်။ ပဲစင်းငုံ (TOOR WHOLE, PIGEON PEA) အိန္ဒိယအခေါ် TUR(ARHAR) သည် ပြင်ပအခွံ၏ အရောင်မှာ အဖြူရောင်၊ အဝါရောင်၊ အနီရောင် (ရွှေဒင်္ဂါးမျိုး)၊ အရောင်ကြား (စာဥ၊ ခိုဥ ပုံစံ) (ပဲစင်းငုံရဲ့အရောင်အဆင်းနဲ့ပုံစံက ခိုဥနဲ့တူလို့ Pigeon Pea လို့ခေါ်ကြောင်း ငယ်စဉ်က ကြားဖူးခဲ့ပါတယ်။) အမျိုးမျိုးရှိသော်လည်း ခွဲခြမ်းလိုက်ပါက အတွင်းခွံမှာ ဝါကျင့်ကျင့်အရောင်ရှိပြီး ပဲဆန်၏အရောင်မှာမူ အဖြူရောင်တစ်မျိုးတည်းသာရှိကြောင်း သိရပါတယ်။ ယခုအချိန်မှာတော့ ဈေးကွက် လိုအပ်ချက်အရ အနီရောင် ပဲစင်းငုံက ဈေးအကောင်းဆုံးဖြစ်ပြီး အများဆုံးစိုက်ပျိုးပါတယ်။ အဝါရောင်/ပန်းရောင်(လင်းခေးစ)နဲ့အဖြူရောင်(ရွှေဘိုစ)တို့ကို အနည်းငယ်စီ စိုက်ပျိုးကြောင်း သိရပါတယ်။ အရောင်ကြား ပဲစင်းငုံကတော့ မစိုက်ပျိုးသလောက်ဖြစ်သွားပါပြီ။ အနီရောင် ပဲစင်းငုံကို အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ကသာ စိုက်ပျိုးထုတ်လုပ်နိုင်တယ်လို့ သိရပါတယ်။

ပဲစင်းငုံ၏ မူရင်းမှာ အာရှတိုက် တောင်ပိုင်းမှဖြစ်ပြီး အိန္ဒိယနိုင်ငံက ကမ္ဘာတွင် ပဲစင်းငုံ အများဆုံး စိုက်ပျိုးထုတ်လုပ် စားသုံးသောနိုင်ငံဖြစ်ပါတယ်။ အထောက်အထားများအရ ၁၆ ရာစုတွင် အမေရိကတိုက်သို့ လည်းကောင်း၊ ၁၈ ရာစုတွင် ပစိဖိတ်ဒေသသို့ လည်းကောင်း ရောက်ရှိခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသို့ ၁၇၇၂ ခုနှစ်တွင် စတင်ရောက်ရှိ စိုက်ပျိုးကြကြောင်း သိရပါတယ်။ မြန်မာနိုင်ငံကို ပဲစင်းငုံရောက်ရှိတဲ့အချိန် အတိအကျ မသိရပေမယ့် ဆရာမကြီး ဒေါ်ကြန်ရဲ့ မြန်မာနိုင်ငံအခြေအနေ (၁၈၈၅-၈၆) စာတမ်းမှာ အထက်မြန်မာပြည်က အောက်မြန်မာပြည်ကို ပို့တဲ့သီးနှံကုန်ပစ္စည်း စာရင်းမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့် ကုလားပဲတွေ ပါနေတာကို တွေ့ရလို့ မြန်မာဘုရင်များ လက်ထက်ကတည်းက စိုက်ပျိုးခဲ့တာတော့ သေချာပါတယ်။

ပဲစင်းငုံကတော့ တခြားပဲများလို အပင်နိမ့်မျိုးမဟုတ်ဘဲ အပင်မြင့်မျိုး ၅ ပေမှ ၇ ပေခန့်ထိ အမြင့်ရှိပါတယ်။ သက်တမ်းအားဖြင့်လည်း စိုက်ပျိုးပြီးချိန်မှ ၇ လ ၈ လ ခန့်ကြာမှသာ ရိတ်သိမ်းကြလို့ အခြားပဲတွေထက် သက်တမ်းပိုကြာပါတယ်။ အထက်မြန်မာပြည် အပူပိုင်း မိုးနည်းတဲ့ဒေသများနဲ့ တောင်ကုန်း တောင်တန်းဒေသတွေမှာ စိုက်ပျိုးကြပါတယ်။ ပဲစင်းငုံချည်း သီးသန့် စိုက်ပျိုးတာရှိသလို အများအားဖြင့် နှမ်း၊ မြေပဲကဲ့သို့ သီးနှံမျိုးနဲ့သီးညှပ်စိုက်ပျိုးကြတာလည်း ရှိပါတယ်။ ဒါ့အပြင် ပဲစင်းငုံအပင်ကို မီးထိုးဖို့လောင်စာအဖြစ်လည်းကောင်း၊ ခြံစည်းရိုးကာဖို့အတွက် လည်းကောင်း အရွက်နဲ့အသီးကို ဈေးမကောင်းရင် နွားစာကျွေးဖို့ပဲ သုံးကြပါတယ်။ ဒါကြောင့် စီးပွားဖြစ်မဟုတ်ပေမယ့်လည်း အခြားအသုံးများအတွက် စိုက်ကြတာရှိပါတယ်။

မြန်မာပဲစင်းငုံ တင်ပို့မှု၏ ၉၀ရာခိုင်နှုန်းသည် အိန္ဒိယသို့ တင်ပို့ပြီး အိန္ဒိယနိုင်ငံရဲ့စာရင်းအရ ၎င်းတို့ ပဲစင်းငုံတင်သွင်းမှု၏ ၄၆ ရာခိုင်နှုန်းမှာ မြန်မာနိုင်ငံကလို့ ဖော်ပြထားပါတယ်။ အိန္ဒိယနိုင်ငံသို့ ပဲစင်းငုံတင်သွင်းတဲ့ အခြားနိုင်ငံတွေ(ကျွန်တော်တို့ရဲ့ယှဉ်ပြိုင် ဖက်)ကတော့ မိုဇမ်ဘစ်၊ ဆူဒန်၊ တန်ဇန်နီးယား၊ မာလာဝီ နိုင်ငံတွေ ဖြစ်ပါတယ်။ ဒီနိုင်ငံတွေထဲက မိုဇမ်ဘစ်နိုင်ငံဟာ အိန္ဒိယနိုင်ငံနှင့် ပဲ တင်ပို့မှုဆိုင်ရာ နှစ်နိုင်ငံ သဘောတူညီချက် G to G စာချုပ် ချုပ်ဆိုထားတဲ့ နိုင်ငံဖြစ်လို့ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ၅ နှစ်ကာလအတွင်း တန်ချိန် တစ်သိန်းမှ နှစ်သိန်းအထိ တိုးချဲ့ တင်ပို့သွားမှာဖြစ်လို့ အိန္ဒိယနိုင်ငံရဲ့ ပဲတင်သွင်းမှုမှာ ပုံသေခွဲတမ်းရတဲ့ နိုင်ငံအနေနဲ့ သတိပြုရမှာ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် ပဲမျိုးစုံ အနိမ့်ဆုံး နှစ်စဉ် ဈေးနှုန်းတိုးမြှင့်သတ်မှတ်ပေးမှုကို ဖော်ပြသောဇယား

ရေတွက်ပုံ - ရူပီး/ ကွင်တယ်

| စဉ် | အမျိုးအစား | ဘဏ္ဍာနှစ် | | | | | |
|---|---|---|---|---|---|---|---|
| | | ၂၀၁၂-၂၀၁၃ | ၂၀၁၃-၂၀၁၄ | ၂၀၁၄-၂၀၁၅ | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ |
| ၁ | ပဲစဉ်းငုံ | ၃၈၅၀ | ၄၃၀၀(၁၁.၆၉%) | ၄၃၅၀(၁.၁၆%) | ၄၆၂၅(၆.၃၂%) | ၅၀၅၀(၉.၁၉%) | ၅၄၅၀(၇.၉၂%) |
| ၂ | ကုလားပဲ | ၃၀၀၀ | ၃၁၀၀(၃.၃၃%) | ၃၁၇၅(၂.၄၂%) | ၃၅၀၀(၁၀.၂၄%) | ၄၀၀၀(၁၄.၂၉%) | ၄၄၀၀(၁၀.၀၀%) |
| ၃ | ပဲတီစိမ်း | ၄၄၀၀ | ၄၅၀၀(၂.၂၇%) | ၄၆၀၀(၂.၂၂%) | ၄၈၅၀(၅.၄၃%) | ၅၂၂၅(၇.၇၃%) | ၅၅၇၅(၆.၇၀%) |
| ၄ | မတ်ပဲ | ၄၃၀၀ | ၄၃၀၀(၀.၀၀%) | ၄၃၅၀(၁.၁၆%) | ၄၆၂၅(၆.၃၂%) | ၅၀၀၀(၈.၁၁%) | ၅၄၀၀(၈.၀၀%) |
| ၅ | ပဲရာဇာ | ၂၉၀၀ | ၂၉၅၀(၁.၇၂%) | ၃၀၇၅(၄.၂၄%) | ၃၄၀၀(၁၀.၅၇%) | ၃၉၅၀(၁၆.၁၈%) | ၄၂၅၀(၇.၅၉%) |

Sources: Commission for Agricultural Costs and Prices (CACP)

၂၀၁၈ ခုနှစ် ဧပြီလထုတ် Pulses Market Report အရ အိန္ဒိယနိုင်ငံရဲ့စိုက်ပျိုးရာသီအလိုက် ပဲစင်းငုံ ထုတ်လုပ်မှုမှာ ၂၀၁၅ - ၂၀၁၆ တွင် တန်ချိန် ၂ ဒသမ ၆ သန်း၊ ၂၀၁၆ - ၂၀၁၇ တွင် တန်ချိန် ၄ ဒသမ ၉ သန်း ဖြစ်၍ ယခင်နှစ်ထက် တန်ချိန် ၂ ဒသမ ၃ သန်းခန့်ထက် ပိုမိုထွက်ရှိပါတယ်။ ၂၀၁၇-၂၀၁၈ မှာတော့ တန်ချိန် ၄ သန်း ထွက်တာဖြစ်လို့ ယခင်နှစ် ထက် တန်ချိန် ၉ သိန်းခန့် လျော့နည်းသွားသော်လည်း ၂၀၁၅-၂၀၁၆ ထက် တန်ချိန် ၁ဒသမ ၇ သန်းခန့် ပိုမိုထွက်ရှိထားသဖြင့် ဈေးကွက်လိုအပ်ချက် မကောင်းနိုင်သေးကြောင်း သုံးသပ်ရရှိပါတယ်။


အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်အလိုက် ပဲမျိုးစုံထုတ်လုပ်မှုအခြေအနေ

တန်ချိန်-သန်း

| စဉ် | ပဲအမျိုးအစား | ၂၀၁၅-၂၀၁၆ | ၂၀၁၆-၂၀၁၇ | ၂၀၁၇-၂၀၁၈ (ယာယီ) |
|---|---|---|---|---|
| ၁ | ကုလားပဲ | ၇.၁ | ၉.၄ | ၁၁.၁ |
| ၂ | ပဲစဉ်းငုံ | ၂.၆ | ၄.၉ | ၄.၀ |
| ၃ | မတ်ပဲ | ၁.၉ | ၂.၈ | ၃.၂ |
| ၄ | ပဲတီစိမ်း | ၁.၆ | ၂.၂ | ၁.၇ |
| ၅ | အခြားပဲများ | ၃.၁ | ၃.၈ | ၃.၉ |
| | ပဲမျိုးစုံစုစုပေါင်း | ၁၆.၃ | ၂၃.၁ | ၂၃.၉ |

Source:April,2018 Pulses Market Report

မြန်မာနိုင်ငံ၏ ပဲစင်းငုံ တစ်တန် ဈေးနှုန်းပြောင်းလဲမှုများကို ပြန်လည် လေ့လာရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဧပြီလတွင် ဈေးနှုန်း အနိမ့်ဆုံး ကျပ် ၅၂၀၀၀၀ ဖြစ်ပြီး ဒီဇင်ဘာလတွင် ဈေးနှုန်းအမြင့်ဆုံး ကျပ် ၆၇၀၀၀၀ ဖြစ်ခဲ့သည့်အတွက် ဈေးနှုန်းပြောင်းလဲမှုမှာ ၂၂ရာခိုင်နှုန်းကျော် ရှိခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဇွန်လတွင် ဈေးနှုန်းအနိမ့်ဆုံးကျပ် ၆၀၈၀၀၀ ဖြစ်ပြီး မတ်လတွင် ဈေးနှုန်းအမြင့်ဆုံး ကျပ် ၉၁၄၀၀၀ ဖြစ်ခဲ့သည့်အတွက် ဈေးနှုန်းပြောင်းလဲမှုမှာ ၅၀ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလတွင် ဈေးနှုန်း အနိမ့်ဆုံးမှာ ကျပ် ၉၈၀၀၀၀ ဖြစ်ပြီး ဒီဇင်ဘာလတွင် ဈေးနှုန်း အမြင့်ဆုံးကျပ် ၁၆၁၅၀၀၀ ဖြစ်ခဲ့သည့်အတွက် ဈေးနှုန်းပြောင်းလဲမှုမှာ ၆၅ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မတ်လတွင် ဈေးနှုန်းအနိမ့်ဆုံးဈေးမှာ ကျပ် ၇၅၁၀၀၀ ဖြစ်ပြီး မေလတွင် ဈေးနှုန်းအမြင့်ဆုံးဈေး ကျပ် ၁၅၃၀၀၀၀ ဖြစ်ခဲ့သည့်အတွက်ဈေးနှုန်း ပြောင်းလဲမှုမှာ ၁၀၄ရာခိုင်နှုန်း ရှိခဲ့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုဝင်ဘာလတွင် ဈေးနှုန်းအနိမ့်ဆုံး ကျပ် ၃၂၈၀၀၀ ဖြစ်ပြီး ဧပြီလတွင် ဈေးနှုန်းအမြင့်ဆုံး ကျပ် ၇၄၀၀၀၀ ဖြစ်ခဲ့သည့်အတွက် ဈေးနှုန်းပြောင်းလဲမှုမှာ ၁၂၆ ရာခိုင်နှုန်း ရှိခဲ့ပါတယ်။




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ဘဏ္ဍာနှစ်အလိုက်ပဲစင်းငုံတစ်တန်ပျမ်းမျှ ပြည်တွင်းဈေးနှုန်းများ

ကျပ်/တန်

| စဉ် | လ-အမည် | ပဲစင်းငုံ | | | | |
|---|---|---|---|---|---|---|
| | | ၁၃-၁၄ | ၁၄-၁၅ | ၁၅-၁၆ | ၁၆-၁၇ | ၁၇-၁၈ |
| ၁ | ဧပြီလ | ၆၆၇၀၀၀ | ၆၃၄၀၀၀ | ၉၈၀၀၀၀ | ၁၄၅၅၀၀၀ | ၇၄၀၀၀၀ |
| ၂ | မေလ | ၆၇၀၀၀၀ | ၆၃၀၀၀၀ | ၁၁၄၀၀၀၀ | ၁၅၃၀၀၀၀ | ၆၅၅၀၀၀ |
| ၃ | ဇွန်လ | ၆၁၄၀၀၀ | ၆၀၈၀၀၀ | ၁၃၀၀၀၀၀ | ၁၄၇၈၀၀၀ | ၆၂၉၀၀၀ |
| ၄ | ဇူလိုင်လ | ၅၅၂၀၀၀ | ၆၂၇၅၀၅ | ၁၂၇၀၀၀၀ | ၁၅၂၃၀၀၀ | ၆၁၉၅၀၀ |
| ၅ | ဩဂုတ်လ | ၅၆၆၀၀၀ | ၇၀၀၀၀၀ | ၁၄၀၀၀၀၀ | ၁၃၁၀၀၀၀ | ၅၉၉၀၀၀ |
| ၆ | စက်တင်ဘာလ | ၅၄၂၀၀၀ | ၇၃၃၀၀၀ | ၁၆၀၀၀၀၀ | ၁၀၈၁၀၀၀ | ၄၆၅၅၀၀ |
| ၇ | အောက်တိုဘာလ | ၅၉၅၀၀၀ | ၇၁၀၀၀၀ | ၁၆၀၀၀၀၀ | ၁၁၂၄၀၀၀ | ၄၀၂၀၀၀ |
| ၈ | နိုဝင်ဘာလ | ၅၄၀၀၀၀ | ၈၀၅၀၀၀ | ၁၆၀၀၀၀၀ | ၉၃၀၀၀၀ | ၃၂၈၀၀၀ |
| ၉ | ဒီဇင်ဘာလ | ၅၂၀၀၀၀ | ၇၁၈၀၀၀ | ၁၆၁၅၀၀၀ | ၈၆၀၀၀၀ | ၃၃၀၅၀၀ |
| ၁၀ | ဇန်နဝါရီလ | ၅၈၃၀၀၀ | ၇၈၇၀၀၀ | ၁၄၃၅၀၀၀ | ၇၉၈၀၀၀ | ၃၉၀၀၀၀ |
| ၁၁ | ဖေဖော်ဝါရီလ | ၅၈၄၀၀၀ | ၈၂၂၀၀၀ | ၁၃၃၆၀၀၀ | ၇၇၈၀၀၀ | ၄၃၀၀၀၀ |
| ၁၂ | မတ်လ | ၆၀၃၀၀၀ | ၉၁၄၀၀၀ | ၁၂၁၅၀၀၀ | ၇၅၁၀၀၀ | ၃၈၅၀၀၀ |

## မောင်တိုးအောင်

အထက်ပါ ပြောင်းလဲမှုရာခိုင်နှုန်းများကို ကြည့်ခြင်းဖြင့် ပဲစင်းငုံမှာ ဈေးနှုန်း ပြောင်းလဲ ပြင်းထန်သော ပဲအမျိုးအစားအဖြစ် ပဲလောကသားတို့က သတ်မှတ်ထားကြပါတယ်။ ဒီလိုဖြစ်ခြင်းသည် အိန္ဒိယဈေးကွက် တစ်ခုတည်းကို ၉၀ ရာခိုင်နှုန်း ကျော်မှီခိုရတဲ့ ပဲအမျိုးအစား ဖြစ်သော ကြောင့်လို့ သုံးသပ်ရရှိပါတယ်။ အလားတူ မတ်ပဲသည်လည်း အိန္ဒိယဈေးကွက်ကို ၆၀ ရာခိုင်နှုန်းကျော် မှီခိုနေရတဲ့အတွက် ဒီပဲနှစ်မျိုးသည် အိန္ဒိယနိုင်ငံ ပဲထွက်ရှိမှုနှင့် ပြည်တွင်းဈေးနှုန်းအပေါ် တွင်သာ မူတည်နေကြောင်း တွေ့ရပါတယ်။ အိန္ဒိယနိုင်ငံမှလည်း ပြည်တွင်းပဲဈေးနှုန်း တည်ငြိမ်ရေးနှင့် ပြည်တွင်းဖူလုံရေးကို အဓိက ထား စီမံချက်ချ ဆောင်ရွက်နေသည့်အတွက် ရေရှည်တွင် ယခုကဲ့သို့ မတ်ပဲနဲ့ ပဲတီစိမ်း နှစ်မျိုးစလုံးကို တန်ချိန် အမြောက်အများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရန် အခြေအနေမပေးတော့သည့်အတွက် စဉ်းစားဆုံးဖြတ်ရမယ့်အချိန်ရောက်ပြီလို့ တင်ပြလိုပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကိန်းဂဏန်းများအရ မတ်ပဲသည် စိုက်ဧက ၂ ဒသမ ၇၆ သန်း နှင့် ပဲစင်းငုံသည် ၁ ဒသမ ၅၉ သန်းရှိပြီး နှစ်မျိုးပေါင်း စိုက်ဧက ၄ ဒသမ ၂၆ သန်းရှိသည့်အတွက် တစ်နိုင်ငံလုံး ပဲမျိုးစုံ စိုက်ဧက ၁၁ ဒသမ ၄၅ သန်း၏ ၃၇ရာခိုင်နှုန်းရှိနေပါတယ်။ ပြည်ပတင်ပို့မှု အခြေအနေမှာလည်း မတ်ပဲ တန်ချိန် ၅၂၇၉၆၅၊ ပဲစင်းငုံ တန်ချိန် ၂၂၅၄၉၂ နှစ်မျိုးပေါင်း တန်ချိန် ၇၅၃၄၅၇ ဖြစ်၍ တစ်နှစ်လုံး ပဲမျိုးစုံတင်ပို့မှု စုစုပေါင်းတန်ချိန် ၁၃၁၇၉၆၇ ၏ ၅၇ ဒသမ ၁၇ ရာခိုင်နှုန်း ရှိပါတယ်။ ဒီပဲနှစ်မျိုးနေရာတွေမှာ အစားထိုးသီးနှံစိုက်ဖို့ စီစဉ်ရာမှာတော့ အင်တိုက်အားတိုက် ဘက်ပေါင်းစုံက ဝိုင်းဝန်းတွက်ချက် စဉ်းစားဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ဈေးကွက်ရရှိပြီး တိုးချဲ့နိုင်မယ့် သီးနှံတွေထဲက စိုက်ပျိုးမည့်ဒေသနဲ့ သင့်လျော်ပြီး တောင်သူတွေအတွက် အကျိုးအမြတ်အရနိုင်ဆုံး၊ တွက်ခြေအကိုက်ဆုံးသီးနှံကို ရွေးချယ်နိုင်ရပါမယ်။ ဒီကိစ္စက ပြောရတာ လွယ်သလောက်လက်တွေ့လုပ်ဖို့ အကောင်အထည်ဖော်ရာမှာ လွန်စွာခက်ခဲသိမ်မွေ့လွန်းလှပါတယ်။

အိန္ဒိယနိုင်ငံအစိုးရက ပြည်တွင်းပဲဖူလုံရေးအတွက် ပြည်တွင်းပဲထုတ်လုပ်မှု သိသိသာသာ တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် လွန်ခဲ့သည့် ၅ နှစ်လောက်ကစပြီး တောင်သူတွေထံမှ ဝယ်ယူမည့် နှစ်စဉ်အနိမ့်ဆုံးဈေးနှုန်း(Minimum Support Price -MSP) ကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ တဖြည်းဖြည်း မြှင့်တင်ပေးခဲ့တာ တွေ့ရပါတယ်။ ပဲစင်းငုံ တစ်တန် ဘဏ္ဍာနှစ်အလိုက် MSP ဈေးနှုန်းများမှာ ၂၀၁၂-၂၀၁၃ တွင် ရူပီး ၃၈၅၀၊ ၂၀၁၃-၁၄ တွင် ရူပီး ၄၃၀၀ (၁၁ ဒသမ ၆၈ ရာခိုင်နှုန်း)၊ ၂၀၁၄-၂၀၁၅ တွင် ရူပီး၄၃၅၀ (၁ ဒသမ ၁၆ ရာခိုင်နှုန်း)၊ ၂၀၁၅-၂၀၁၆ တွင် ရူပီး၄၆၂၅ (၆ ဒသမ ၃၂ ရာခိုင်နှုန်း)၊ ၂၀၁၆-၂၀၁၇ တွင် ရူပီး ၅၀၅၀ (၉ ဒသမ ၁၉ ရာခိုင်နှုန်း)၊ ၂၀၁၇-၂၀၁၈ တွင် ရူပီး ၅၄၅၀ (၇ ဒသမ ၉၂ ရာခိုင်နှုန်း) အသီးသီး တိုးမြှင့် ပေးခဲ့ပါတယ်။ အလားတူ မတ်ပဲတစ်တန် ဘဏ္ဍာနှစ်အလိုက် MSP ဈေးနှုန်းများမှာ ၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ တို့တွင် ရူပီး ၄၃၀၀ ၊ ၂၀၁၄-၂၀၁၅ တွင် ရူပီး၄၃၅၀ (၁ဒသမ ၁၆ ရာခိုင်နှုန်း)၊ ၂၀၁၅-၂၀၁၆ တွင်ရူပီး၄၆၂၅ ( ၆ ဒသမ ၃၂ ရာခိုင်နှုန်း)၊ ၂၀၁၆-၂၀၁၇ တွင် ရူပီး ၅၀၀၀ (၈ ဒသမ ၁၁ ရာခိုင်နှုန်း)၊ ၂၀၁၇- ၂၀၁၈ တွင် ရူပီး ၅၄၀၀(၈ရာခိုင်နှုန်း) အသီးသီး တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီး တောင်သူလယ်သမားများ၏ ပိုမိုစိုက်ပျိုး ထုတ်လုပ်လိုစိတ်များ ထွက်ပေါ်လာအောင် ဆောင်ရွက်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

စာမျက်နှာ (၂၇)သို့

## ငွေသားမဲ့ပေးချေမှု Digital Currency ပြုလုပ်နိုင်သည့် ပထမဆုံးသော KMUC ၏ Campus အသစ် ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်

ပညာရေးမှတစ်ဆင့် ငွေသားမဲ့ပေးချေမှု Digital Currency ပြုလုပ်နိုင်သည့်ပထမဆုံးသော Kaplan Myanmar University College(KMUC)၏ Campus အသစ်ကို ရန်ကုန်မြို့တွင် ဇွန်လ ၂၈ ရက်က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါ ကျောင်းဖွင့်လှစ်ရခြင်းမှာ တိုင်းပြည်၏ပညာရေးစနစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်တွင်း၌သာ သင်ကြားနိုင်စေရန်နှင့် လုပ်ငန်းခွင်ဝင်နေသူများအတွက် ထိပ်တန်းဘာသာရပ်များကိုပြိုင်ဘက်ကင်းသော ပညာရေးဖြင့် ဖြန့်ဖြူးနိုင်စေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကျောင်းကိုတက်ဖို့အတွက် ဝင်ခွင့်တော့ ဖြေရပါမယ်။ လိုအပ်ရင် အင်္ဂလိပ်စာသင်ကြားရပါမယ်။ သင်ကြားမှုစနစ်မှာလည်း နိုင်ငံတကာအဆင့်မီအောင် ဆရာနဲ့ ကျောင်းသားတွေ ပိုမို ဆွေးနွေးနိုင်အောင်လည်း လုပ်ထားပါတယ်။ နှစ်စဉ်ကိုတော့ အနည်းဆုံး ကျောင်းသား တစ်ထောင်ဝန်းကျင်လက်ခံဖို့ ရည်ရွယ်ထားပါတယ်။ နောက်ပြီး ပြည်တွင်းက ဆရာ၊ ဆရာမ ၃၀ ရာနှုန်းလောက် ခန့်အပ်သွားမှာပါ"ဟု KMUC ၏ ကျောင်းအုပ် ဒေါ်ခိုင်ခိုင်လင်းက ပြောသည်။

KMCU အနေဖြင့် ကမ္ဘာ့အဆင့်မီပညာရေးကို ပြည်တွင်း၌သင်ကြားနိုင်အောင်ဆောင်ရွက်ထားသလို KMCU ၏ ဘွဲ့ရများကိုလည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးမည့် အစီအစဉ်များလည်းရှိကြောင်း သိရသည်။

အဆိုပါကျောင်းတွင်တက်ရောက်မည့်ကျောင်းသားများအနေဖြင့် ကျောင်းခေါ်ချိန်ပြည့်မီခြင်း၊ ကောင်းမွန်သောအဆင့်များရရှိခြင်းမှတစ်ဆင့် Digital Currency များကို စုဆောင်းနိုင်ပြီး တက္ကသိုလ်နယ်မြေအတွင်း ကုန်ပစ္စည်းများ၊ ကိုယ်ကာယလေ့ကျင့်အတန်းများ၊ စားသောက်ဖွယ်ရာများကို ဝယ်ယူရာတွင် ပြန်လည်အသုံးချနိုင်ကြောင်း သိရသည်။

ထို့အပြင် တက္ကသိုလ်ဒီဂရီဘာသာရပ်များနှင့်အတူ လုပ်ငန်းဆိုင်ရာ ဘာသာစကားများ၊ စာရင်းကိုင်နှင့် ဘဏ္ဍာရေး၊ စီးပွားရေးစီမံခန့်ခွဲမှု၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ဒီပလိုမာ၊ ဘွဲ့ဒီဂရီနှင့် အမ်ဘီအေသင်တန်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအတွက်ကိုလည်း စက်မှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်းသင်တန်းများ ပေးနိုင်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

**ချောစု**

## ဗိုင်းရပ်စ်နှင့် ဘက်တီးရီးယားများကို သေစေနိုင်ပြီး လေကိုသန့်စင်ပေးသည့် Filterများအား ဈေးကွက်အတွင်း မိတ်ဆက်

ဗိုင်းရပ်စ်နှင့် ဘက်တီးရီးယားများကို ၉၉. ၉၉ ရာခိုင်နှုန်းအထိ သေစေနိုင်ပြီး လေကိုသန့်စင်ပေးသည့် Air Con လေစစ်အလွှာ (Filter)များကို ဈေးကွက်အတွင်း မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါ Filter များကို ကိုရီးယားနိုင်ငံမှ တင်သွင်းဖြန့်ချိခြင်းဖြစ်ပြီး ကလေးငယ်နှင့် သက်ကြီးရွယ်အိုများရှိသောအိမ်များတွင် ဗိုင်းရပ်စ်နှင့် ဘက်တီးရီးယားများအား ကာကွယ်ရန်အတွက် တပ်ဆင်သင့်ကြောင်း သိရသည်။

"လေစစ်အလွှာလေးတွေကို အွန်လိုင်းမှာ ရောင်းချနေတာတော့ ကြာပါပြီ။ အခုမှ တရားဝင် မိတ်ဆက်ဖြစ်တာပါ။ နယ်ကနေ ကိုယ်စားလှယ်ယူချင်တဲ့သူတွေကိုလည်း ကိုယ်စားလှယ်ပေးပါတယ်။ အွန်လိုင်းမှာလည်း Virus Keeper နာမည်နဲ့ရှာပြီး လေ့လာလို့ရပါတယ်"ဟု မြန်မာပြည်၏တစ်ဦးတည်းကိုယ်စားလှယ်၊ စံညီညီမြင့် ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ညီညီခန့်က ပြောသည်။

အဆိုပါ လေစစ်အလွှာများမှာ အခန်းအနေအထားနှင့် ပတ်ဝန်းကျင်ပေါ်မူတည်၍ နှစ်လခွဲမှ လေးလအထိ အသုံးခံပြီး အိမ်တိုင်ရာရောက်လာရောက်တပ်ဆင်ပေးသည့် ဝန်ဆောင်မှုလည်းရှိကြောင်း၊ တပ်ဆင်ရာတွင်လည်း အဲကွန်းနှင့် ပန်ကာတို့တွင် တပ်ဆင်နိုင်ပြီး လေထုညစ်ညမ်းမှုနှင့် အခန်းတွင်းစိုစွတ်မှုကိုလျှော့ချပေးကြောင်း သိရသည်။

ထို့အပြင် အောက်ဆီဂျင်ပြည့်ဝမှုနှင့် လေထုထဲရှိ အလွန်သေးငယ်သောအမှုန်များကို ဖယ်ရှားပေးသည့်အတွက် သွေးဖိအားကို လည်း လျှော့ချပေးကြောင်း၊ လက်ရှိတွင်လည်း ပြည်တွင်းရှိ နေရာအချို့တွင် အသုံးပြုနေကြပြီး ထိုကဲ့သို့လေစစ်လွှာတပ်ဆင်ထားသောနေရာကို Virus Keeper အမှတ်တံဆိပ်တပ်ဆင်ခြင်းဖြင့် အမှတ်အသားပြုလုပ်ထားကြောင်း သိရသည်။

**ချောစု**

## Huawei Y6 Prime 2018 ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာ

Huawei Device Myanmar သည် ကျစ်လျစ်သေသပ်လှပသည့်ဒီဇိုင်း၊ တီထွင်ဆန်းသစ်သည့် အသံပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များနှင့်အတူ Y6 Prime 2018 ကို မြန်မာနိုင်ငံ၌ မိတ်ဆက်လိုက်ကြောင်း ဇွန် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

Huawei ၏ Y6 Prime 2018 သည် နည်းပညာမြင့်စမတ်ဖုန်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူလိုသော ကျောင်းသားလူငယ်များ၊ လုပ်ငန်းခွင် စတင်ဝင်ရောက်မည့်လူငယ်များအတွက် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"Huawei Y6 Prime 2018 ကို ဂီတနှင့် ဖက်ရှင်ကို ချစ်မြတ်နိုးပြီး ဈေးနှုန်းသက်သာတဲ့စမတ်ဖုန်းကို ရှာဖွေနေတဲ့၊ ခေတ်သစ်လူနေမှုစတိုင်ရှိတဲ့ လူငယ်တွေအတွက်ရည်ရွယ်ထုတ်လုပ်ထားတာဖြစ်ပါတယ်။ ကြီးမားလှပတဲ့ FullView Display ကို Huawei ရဲ့ တီထွင်ဆန်းသစ်တဲ့ အသံပိုင်းဆိုင်ရာ နည်းပညာတွေဖြစ်တဲ့ Histen နည်းပညာတို့၊ ကျယ်လောင်ကောင်းမွန်တဲ့ Speaker တို့နဲ့ ပေါင်းစပ်လိုက်တဲ့အခါ တကယ့်ကို ကောင်းမွန်တဲ့ ဖျော်ဖြေရေး အတွေ့အကြုံကိုပေးစွမ်းနိုင်မှာပါ။ Huawei ရဲ့ ကိုယ်ပိုင်ဖြစ်တဲ့ EMUI 8.0 ထည့်သွင်းထားတာကြောင့် စွမ်းဆောင်ရည်ပိုင်းမှာလည်း မြင့်မားမှု ရှိပါတယ်"ဟု Huawei Device Myanmar ၏ Marketing Director မခင်ရတနာဝင်းက ပြောသည်။

Huawei Y6 Prime ကို ရွှေရောင်၊ အနက်ရောင်၊ 



အပြာရောင်ဟူ၍ အရောင် ၃ မျိုးကို ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပြီး ဈေးနှုန်းအားဖြင့် ကျပ် ၁၄၉၀၀၀ ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## အမျိုးသမီးများ၏ တစ်ကိုယ်ရေသန့်ရှင်းမှုအတွက် ထုတ်လုပ်ထားသည့် Betadine Feminine Wash Foam နှင့် Wipe ပစ္စည်းသစ်တို့အား ပြည်တွင်း၌ စတင်မိတ်ဆက်

အမျိုးသမီးများ၏ တစ်ကိုယ်ရေသန့်ရှင်းမှုအတွက် ထုတ်လုပ်ထားသည့် Betadine Feminine Wash Foam နှင့် Wipe ပစ္စည်းသစ်များကို ပြည်တွင်းဈေးကွက်၌ စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

အဆိုပါ ထုတ်ကုန်နှင့်ပတ်သက်၍ သုံးစွဲသူများ ကျန်းမာရေးဗဟုသုတပေးနိုင်စေရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် သိသင့်သိထိုက်သည်များကို သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခဒေါက်တာစိုးလွင်နှင့်အတူ အကယ်ဒမီပိုင်ဖြိုးသု၊ Beauty Blogger မဝင်းမင်းသန်းတို့ ပါဝင်သည့် ဆွေးနွေးပွဲကို ဇွန်လ ၂၄ ရက်တွင် ရန်ကုန်မြို့ရှိ Pan Pacific Hotel ၌ ကျင်းပခဲ့သည်။



အဆိုပါဆွေးနွေးပွဲတွင် အမျိုးသမီးများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးလိုအပ်ချက်ကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဆိုးကျိုးများကို ဂရုတစိုက်ကာကွယ်ရာတွင် ဘေးထွက်ဆိုးကျိုးနည်းသည့် ကုန်ပစ္စည်းများကို မှန်ကန်စွာရွေးချယ်ရန် လိုအပ်ကြောင်း သိရသည်။

"ကာကွယ်ခြင်းက ကုသခြင်းထက် ပိုထိရောက်တယ်ဆိုပေမယ့် ရွေးချယ်တဲ့ ပစ္စည်းက မှန်ကန်မှုမရှိရင် မလိုလားအပ်တဲ့ ဆိုးကျိုးတွေဖြစ်လာနိုင်တယ်။ အဲဒါကြောင့် နောက်ဆက်တွဲဆိုးကျိုးတွေကို ဂရုတစိုက်ကာကွယ်ဖို့နဲ့ မိမိအတွက် ဘေးထွက်ဆိုးကျိုးနည်းစေတဲ့ ကုန်ပစ္စည်းတွေကို မှန်ကန်စွာ ရွေးချယ်နိုင်ဖို့ကလည်း အရေးကြီးပါတယ်"ဟု သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခဒေါက်တာစိုးလွင်က ပြောသည်။

ပြည်တွင်းဈေးကွက်၌ နာမည်ရရှိထားသည့် ဘီတာဒိုင်းအနေဖြင့်လည်း သဘာဝပစ္စည်းများနှင့် ထုတ်လုပ်ထားပြီး Prebiotic ပါဝင်သည့် Betadine Feminine Wash Foam နှင့် Wipe ပစ္စည်းသစ်များကို ဈေးကွက်အတွင်း မိတ်ဆက်ခဲ့ပြီး သုံးစွဲသူများ ဗဟုသုတရရှိစေရန်အတွက် ကျန်းမာရေးနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကိုလည်း ကျင်းပပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချောစု**

## Lenovo Yoga 520 နှင့် Lenovo Ideapad 330 တို့ကို ပြည်တွင်းဈေးကွက်၌ စတင်မိတ်ဆက်

ခေတ်မီနည်းပညာများနှင့် ပေါင်းစပ် ထုတ်လုပ်ထားသည့် ပစ္စည်းသစ်နှစ်မျိုးဖြစ်သော Lenovo Yoga 520 နှင့် Lenovo Ideapad 330 တို့ကို ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်တွင် ဇွန်လ ၂၇ ရက်က စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

အသစ်ထုတ်လုပ်လိုက်သည့် Lenovo Yoga 520 တွင် Video နှင့် Audio နှစ်မျိုးစလုံးအတွက် ထူးခြားကောင်းမွန်သည့် အရည်အသွေးကို မြင်တွေ့နိုင်မည့်အပြင် Video chat အတွက်လည်း ကောင်းမွန်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။ 8th Generation Intel Core i5 အထိ အမြင့်ဆုံးရရှိနိုင်မည်ဖြစ်ပြီး ဘက်ထရီကိုလည်း ၁၀ နာရီနဲ့ အထက်ကြာမြင့်စွာသုံးစွဲနိုင်မည် ဖြစ်သည်။ ဒေတာလုံခြုံရေးအတွက် နောက်ဆုံးပေါ်နည်းပညာဖြစ်သည့် Finger Print Reader ပါဝင်သည့်အပြင် တက်ဘလက်အဖြစ်သုံးနိုင်စေရန် ၃၆၀ ဒီဂရီလှည့် hinge တပ်ဆင်ထားပြီး မီးခိုးရောင်တစ်မျိုးတည်းသာရရှိနိုင်ကြောင်း သိရသည်။

Lenovo Ideapad 330 တွင်မူ မီးခိုးရောင်၊ အပြာရောင်နှင့် အမည်းရောင် စသည့် အရောင်သုံးမျိုးရရှိနိုင်ပြီး မျက်နှာပြင်အရွယ်အစား မှာ ၁၄ လက်မနှင့် ၁၅. ၆ လက်မအထိ ရရှိနိုင်မည်ဖြစ်သည်။ Intel Quad Core Processor သုံးထားပြီး NVIDIA ၏ပေါင်းစပ်မှုကြောင့် စွမ်းဆောင်ရည်မြင့်လုပ်ဆောင်ချက်များနှင့် ပါဝါဖွင့်ချိန် လျင်မြန်မှုတို့ကို ရရှိနိုင်မည်ဖြစ်သည်။

ပစ္စည်းသစ်နှစ်မျိုးဖြစ်သည့် Lenovo Yoga 520 ကို 799 USD မှ စတင်ဝယ်ယူနိုင်ပြီး Lenovo Ideapad 330 ကို 309 USD မှစတင်ဝယ်ယူနိုင်ကြောင်း သိရသည်။

**ချောစု**



## စာမျက်နှာ (၈) ဈေးကွက်သစ်ရှာဖွေဖို့ ........... မှ အဆက်

ကြက်သွန်နီတင်ပို့မှုအပိုင်းနှင့်ပတ်သက်၍ လေ့လာကြည့်တဲ့အခါ မြန်မာနိုင်ငံမှထွက်ရှိသော ကြက်သွန်နီများတင်ပို့ရာမှာ Shallot နှင့် Onion ဟူ၍ ခွဲခြားထားကြောင်း၊ Shallot ဆိုသည်မှာ ကြက်သွန်နီ ဥကြီးမဖြစ်ခင် ဥသေးအဆင့်ကိုခေါ်ပြီး၊ 20 mm မှ 30 mm အတွင်း အရွယ်အစားကို Shallot ဟုသတ်မှတ်ကြောင်း၊ Shallot ကို ပင်လယ် ရေကြောင်းမှ ဝယ်ယူသော ပြည်ပဝယ်လက်များမှ နှစ်သက်ကြောင်း သိရှိရပါတယ်။ ကြက်သွန်နီဥကြီးများကိုမူ Onion ဟုခေါ်ပြီး 30 mm အထက်ဥကြီးများကိုမူ နယ်စပ်ကုန်သွယ်မှုမှတင်ပို့သော တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ ဝယ်လက်များက နှစ်သက်ကြောင်း၊ မြန်မာကြက်သွန်နီသည် ကျစ်လျစ်၍ ရေရှည်အထားခံပြီး၊ အရသာကောင်းမွန်ခြင်းကြောင့် ပြည်ပဝယ်လက်များက နှစ်သက်ကြောင်း ကြက်သွန်နီကုန်သည်ကြီးများထံမှ လေ့လာသိရှိရပါတယ်။

မြန်မာ့ကြက်သွန်နီကို ပြည်ပဝယ်လက်များက နှစ်သက်ကြသော်လည်း ကြက်သွန်စိုက်တောင်သူများမှာ ဈေးကွက်သတင်းကို စောင့်ရင်း သို့လောသို့လောနဲ့ သတင်းမှားများကြောင့် ရောင်းမှားဝယ်မှားဖြစ်ရသူများလည်း မနည်းဘူးလို့လည်း သိရပါတယ်။ တောင်သူများဟာ အချိန်၊ ငွေနဲ့ လုပ်အားများကို ရင်းမှ ရလာတဲ့ အသီးအပွင့်လေးများဆီက အမြတ်လေးများ ရလာခဲ့ရင် ခြိမ့်ခြိမ့်သည်း လျှူလိုက်မယ်ရယ်လို့ တွေးထားပေမယ့် ရာသီဥတုဖောက်ပြန်ပြီး၊ မိုးကြီးနေတဲ့အတွက် ကြက်သွန်ခင်းတွေ ရေနစ်ပျက်စီးနေတဲ့အပြင် မမှန်ကန်တဲ့ သတင်းအချက်အလက်များကြောင့် အရင်းမရဘဲ အတိုးပိတဲ့ လူတွေလည်း များလှပါတယ်လို့ အချို့တောင်သူ ဦးကြီးများကလည်း ငြီးကြပါတယ်။ ဇွန်လအတွင်း မိုးများသဖြင့် နေရာအနှံ့အပြား ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး၊ မကွေးတိုင်းအတွင်း မြို့နယ် (၁၂)မြို့နယ်တွင်လည်း စိုက်ပျိုးသီးနှံဧက ခြောက်သောင်းကျော် ရေနစ်မြုပ်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏သတင်းအချက်အလက်များအရ သိရပါတယ်။ အဆိုပါထုတ်ပြန်မှုအရ မကွေးတိုင်းတွင် အမယ်စုံသီးနှံဧက ပေါင်းလေးသိန်းကျော်အနက်မှ ဧကခြောက်သောင်းကျော် ရေနစ်မြုပ်ခဲ့ပြီး စပါးဧက ၅၀ခန့်၊ နှမ်းဧက ငါးသောင်းကျော်ခန့်၊ မြေပဲဧကခြောက်ရာကျော်ခန့်နှင့် အခြားသီးနှံအမယ်စုံပေါင်း ဧက သုံးထောင်ကျော်ခန့် ရေနစ်မြုပ်ခဲ့ကြောင်း သိရပါတယ်။


မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေဟာ လယ်ယာစိုက်ပျိုးရေးကို မှီခိုနေရဆဲဖြစ်တဲ့အပြင် ဟင်းသီးဟင်းရွက် စားဖိုဆောင်သီးနှံနဲ့ လယ်ယာထွက်ကုန်များကိုသာ လယ်သမားများဟာ သမားရိုးကျနည်းလမ်းနဲ့ စိုက်ပျိုးနေကြပါတယ်။ နိုင်ငံလူဦးရေအများစုဟာလည်း ကျေးလက်ဒေသမှာ နေထိုင်ရင်း မိရိုးဖလာ စိုက်ပျိုးရေးနှင့် စိုက်ပျိုးနေကျ အမယ်များကိုသာ ဆက်လက်စိုက်ပျိုးနေပြီး ဈေးကွက်အပြောင်းအလဲကို ခံနိုင်ရည်စွမ်းနည်းသေးတယ်လို့ဆိုရမှာ ဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများရဲ့ ဈေးကွက်ကို နှစ်ပေါင်းများစွာ မှီခိုနေရမှုကို ဖော်ပြခဲ့တဲ့ အချက်အလက်များအရ မြင်နိုင်မှာဖြစ်တာကြောင့် တန်ဖိုးမြှင့်လယ်ယာထွက်ကုန်များ၊ အရည်အသွေးမြင့်မားပြီး ဈေးကွက်ဝင်ပြိုင်ဆိုင်နိုင်စွမ်းရှိတဲ့ ထွက်ကုန်များဖြစ်လာဖို့ ကဏ္ဍစုံမှ ဖြည့်ဆည်းပေးရမှာဖြစ်တဲ့အပြင် ဈေးကွက်သစ်များရရှိဖို့ပါ အလေးထားဖို့ လိုအပ်လှပါတယ်။ ပထဝီအနေအထားအရ ကမ္ဘာ့ကြက်သွန်တင်ပို့မှုအများဆုံးနိုင်ငံကြီးများ ကြားထဲက မိမိတို့နိုင်ငံအဖို့ ဈေးကွက်ဝင်သီးနှံတွေကို စုံစုံလင်လင် ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရေးကိုလည်း အလေးထားရမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍဟာ နိုင်ငံတကာမှာ ဆက်လက်တွင်ကျယ်စွာ ရှိနေဦးမယ့် ကဏ္ဍတစ်ခုဖြစ်တဲ့အပြင် အချို့နိုင်ငံများကတော့ စိုက်ပျိုးရေးကဏ္ဍ ဆက်လက်တည်ရှိနေဖို့ ဘက်စုံတွန်းအားပေး ဆောင်ရွက်နေကြပါတယ်။

ဂျပန်နိုင်ငံဟာဆိုရင် စိုက်ပျိုးရေးကဏ္ဍပျောက်ကွယ်သွားမှာ စိုးရိမ်တာကြောင့် အစိုးရမှ ထောက်ပံ့မှုများ ပေးနေပြီး ဈေးကွက်ရှာဖွေကူညီမှုများ လုပ်ဆောင်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံတွင်လည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစေရေးအတွက် အစုအဖွဲ့၊ အသင်းအဖွဲ့များ ဖွဲ့စည်းတည်ထောင်ပေးခြင်း၊ ဌာနစုံများဖြင့် ပူးပေါင်း ပညာပေးခြင်း၊ သွင်းအားစုများပံ့ပိုးပေးရန် ကူညီဆောင်ရွက်ပေးခြင်း၊ အသိပညာဗဟုသုတများဖြန့်ဝေပေးခြင်းတို့အပြင် လယ်ယာထွက်ကုန်သီးနှံများ ပိုမိုတိုးတက်တင်ပို့နိုင်ရေးအတွက် ပို့ကုန်လုပ်ငန်းများလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးတို့ကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိပါတယ်။ လယ်သမားများ ဗဟုသုတပြည့်ဝပြီး၊ စိုက်ပျိုးမှုနည်းပညာများ ကျယ်ပြန့်တိုးတက်မှသာ မိမိတို့၏စိုက်ပျိုးရေးလုပ်ငန်းများကို အကျိုးအမြတ်များများ ရရှိစေရေး ချင့်ချိန်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ တောင်သူလယ်သမားတို့၏ လူမှုစီးပွားဘဝများတိုးတက်လာမှသာ စိုက်ပျိုးရေးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်မှာဖြစ်ပြီး ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိတဲ့ အရည်အသွေးမီ လယ်ယာထွက်ကုန်များ ပေါ်ထွက်လာစေမှာဖြစ်ပါတယ်။

မြန်မာ့ကြက်သွန်နီဟာ အရည်အသွေး၊ သိုလှောင်ခံမှုနှင့် အရသာကောင်းမွန်မှုတို့ကြောင့် ပြည်ပဝယ်လက်များက နှစ်သက်ကြသော်လည်း ဈေးနှုန်းကြီးမြင့်လာခဲ့မှုကြောင့် ပြည်ပတင်ပို့မှုလျော့ကျခဲ့ရပြီး၊ ဈေးချိုသော အိမ်နီးချင်းနိုင်ငံများမှ ကြက်သွန်နီများ ပြည်တွင်းသို့ဝင်ရောက်လာခဲ့မှုသည် တောင်သူများအတွက် နစ်နာရုံမျှမက နိုင်ငံတော်အတွက်လည်း နိုင်ငံခြားဝင်ငွေရရှိနိုင်မှု လျော့ကျစေခဲ့ရပါတယ်။ ပြည်ပဝယ်လက်များနှစ်သက်လှတဲ့ မြန်မာကြက်သွန်နီများကို ပြည်ပသို့ တွင်တွင်ကျယ်ကျယ် တင်ပို့နိုင်ရေးအတွက် တောင်သူများနှင့် ကြက်သွန် ကုန်သည်များကို နည်းမှန်လမ်းမှန် သတင်းအချက်အလက်မှန်ကန်စွာပေးပြီး ပြည်ပဈေးကွက်များ ပိုမိုရရှိစေရေး၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး၊ နိုင်ငံတကာဈေးကွက်တွင် ခိုင်မာစွာရပ်တည်နိုင်ရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပွင့်လင်းမြင်သာစွာဖြင့် ကုန်စည်ဒိုင်များ၏ ပူးပေါင်း ပါဝင်ဆောင်ရွက်မှုတို့နှင့်အတူ ကြက်သွန်နီတင်ပို့မှု တိုးတက်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါတယ်။

**Soure Internet**

## စာမျက်နှာ (၂၅) ပဲတို့၏ မာယာ ........... မှ အဆက်




MSP ဈေးနှုန်းများ တိုးမြှင့်သတ်မှတ်ရာ၌ ၂၀၁၂-၂၀၁၃ ဘဏ္ဍာ နှစ်တွင် ပဲစင်းငုံဈေးသည် မတ်ပဲဈေးထက် နိမ့်နေသော်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တစ်ပြေးညီ သတ်မှတ်ခဲ့ကြောင်း တွေ့ရပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တစ်ပြေးညီ သတ်မှတ်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ ပဲစင်းငုံ တစ်ကွမ်တယ် (တစ်တန်၏ ဆယ်ပုံတစ်ပုံ) လျှင် ၅၀ ရူပီးတိုးမြှင့် သတ်မှတ်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် အိန္ဒိယနိုင်ငံတွင် မတ်ပဲထက် ပဲစင်းငုံ စိုက်ပျိုးမှုကို ပိုမိုအား ပေးသည်ဟု ယူဆနိုင်သလို တစ်ဖက်ကလည်း ပဲစင်းငုံ စိုက်တောင်သူ ဦးရေကပိုများလို့လာမည့်နှစ် သူတို့နိုင်ငံရဲ့ ရွေးကောက်ပွဲနဲ့ သက်ဆိုင်နေတယ်လို့လည်း တချို့က ဝေဖန်နေကြတယ်လို့ ကြားသိရပါတယ်။ ဒါကိုက ပဲတို့၏ မာယာလို့လည်း ဆိုနိုင်ပါတယ်။

ပဲစင်းငုံကို ပဲကျွမ်းကျင်သူများ၏ အဆိုအရ အခါးအရသာ အနည်းငယ်ပါခြင်းကြောင့် အခြားပဲများစား၍ လေပွခြင်း၊ ဗိုက်ပွ ခြင်းမျိုး မဖြစ်အောင် ကျန်းမာရေးအရ စားသင့်သည့်ပဲဖြစ်ကြောင်း သိရပြီး အချို့ကပဲစင်းငုံကို ပဲတို့၏ အချုပ်ဟုလည်း တင်စားခေါ်လေ့ရှိပါတယ်။

**အပိုင်း (၃)ဆက်ရန်**

## စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ...... မှအဆက်

နိုင်ငံတော်အစိုးရက တည်ဆောက်နေသည့် အထူးစီးပွားရေးဇုန်(၃)ခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်သည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအထိ ကြီးမားစွာ အကျိုးကျေးဇူးရရှိမည်ဖြစ်၍ တက်ရောက်လာသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ အဖွဲ့ဝင်များအနေဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးစား ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သီလဝါ၊ ထားဝယ်၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**

# အိန္ဒိယနိုင်ငံ ဂျမူးနှင့် ကက်ရှ်မီးယားပြည်နယ်တို့တွင် မိုးသည်းထန်မှုကြောင့် အမာနတ်ပွဲတော်ရွှေ့ဆိုင်း

ကက်ရှ်မီးယား ဟိမဝန္တာဒေသတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော အမာနတ် ဘုရားဖူးပွဲတော်သည် ဇွန် ၂၆ ရက်ကစတင်ခဲ့သည်။ သို့သော်လည်း ဂျမူးနှင့်ကက်ရှ်မီးယားဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပွဲတော်ကို ယာယီရပ်ဆိုင်းခဲ့ရသည်။

အမာနတ်လိုဏ်ဂူသည် ဟိန္ဒူ ဘာသာဝင်တို့ အထွတ်အမြတ်ထားရာ ဗိမာန်ဖြစ်ပြီး အိန္ဒိယနိုင်ငံဂျမူးနှင့် ကက်ရှ်မီးယားဒေသတွင် တည်ရှိသည်။ ဂျမူးနှင့် ကက်ရှ်မီးယားပြည်နယ် နွေရာသီမြို့တော် ဆရီးနာဂါနှင့် ၁၄၁ ကီ လိုမီတာအကွာတွင်ရှိသည်။ အဆိုပါဗိမာန်သည် ဟိန္ဒူဘာသာ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဟိန္ဒူဘာသာ၏ အမြင့်မြတ်ဆုံးနေရာဒေသဖြစ်သည်။

ဗိမာန်သို့ သွားရာလမ်းတစ်လျှောက်တွင် ရာသီဥတု ဆိုးရွားလျက်ရှိသဖြင့် ဘုရားဖူးများအား မိမိတို့ရောက်ရှိရာနေရာရှိ စခန်းများတွင် နေထိုင်ကြရန် သက်ဆိုင်ရာက တိုက်တွန်းထားသည်။

လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်ရေးအတွက် လမ်းများကို ပြန်လည်ပြုပြင်ပေးရန် အစိုးရအရာရှိများကို တာဝန်ချထားပေးသည်။

ယခုနှစ်တွင် ဘုရားဖူးလာရောက်ရန် စာရင်းပေးသွင်းထားသူ ဦးရေမှာ နှစ်သန်းကျော်ရှိသည်။ ပွဲတော်ကို ပထမသုတ် ဘုရားဖူးခရီးသည် ၃၀၀၀ ဖြင့် စတင်ဖွင့်လှစ်ပြီး ထိုပထမသုတ် ဘုရားဖူးများမှာ လုံခြုံရေး အစီအမံများဖြင့် ဂျမူးအခြေစိုက်စခန်းမှ စတင်ထွက်ခွာသွားကြပြီဖြစ်သည်။

ယခုနှစ်တွင် အုပ်ချုပ်ရေးဌာနသည် အမာနတ် ဗိမာန်သို့သွားသော မော်တော်ယာဉ်များ၏ လှုပ်ရှားမှုများကို ခြေရာခံနိုင်ရန်အတွက် ရေဒီယိုဆက်သွယ်ရေး ကိရိယာများကို အသုံးပြုလျက်ရှိသည်။ ဘုရားဖူးများကို လမ်းပန်းလုံခြုံရေး ရရှိစေရန်အတွက် ကင်မရာနှင့် အခြားအသက်ကယ် ကိရိယာတန်ဆာပလာများ ဝတ်ဆင်ထားသော မော်တော်ဆိုင်ကယ် တပ်ဖွဲ့များက စောင့်ရှောက်ပေးလျက်ရှိသည်။ ဂျမူးနှင့် ကက်ရှ်မီးယားရဲတပ်ဖွဲ့၊ အမျိုးသားသဘာဝဘေးအန္တရာယ်တုံ့ပြန်ရေးတပ်ဖွဲ့နှင့် အိန္ဒိယတပ်မတော်တို့ အပါအဝင် စုစုပေါင်း လုံခြုံရေးအင်အား ၄၀၀၀၀ ကို အမာနတ်ဒေသတွင် တာဝန်ချထားကြောင်း သိရသည်။

**စံမီအောင်**

# မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ရန်ပယ်ရပ်ကွက်ရှိ ခေတ်ရွှေ့သောက်ရေသန့်နှင့် Ya Tu သောက်ရေသန့် လုပ်ငန်းများအား ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ ကွင်းဆင်းစစ်ဆေး




မကွေးခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် စားသုံးသူပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ကုန်များ သုံးစွဲလာနိုင်ရေး၊ ထုတ်လုပ်သူလုပ်ငန်းရှင်များမှလည်း စံချိန်စံညွှန်း၊ အရည်အသွေးမီ စားသောက်ကုန်များ ထုတ်လုပ်လာနိုင်စေရေး၊ စားသုံးသူ ပြည်သူများ နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးတို့အတွက် အပတ်စဉ်ဈေးများ၊ စတိုးဆိုင်များ၊ အလုပ်ရုံများ၊ ဆေးဆိုင်များ၊ စိုက်ပျိုးရေးဆေးဆိုင်များသို့ သွားရောက် ကွင်းဆင်းစစ်ဆေးလျက် ရှိပါသည်။

မကွေးခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ဇွန် ၂၁ ရက်တွင် မကွေးမြို့ ရန်ပယ်ရပ်ကွက်ရှိ ခေတ်ရွှေ့သောက်ရေသန့်နှင့် Ya Tu သောက်ရေသန့်လုပ်ငန်းများသို့ ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရေသန့်ထုတ်လုပ်ပုံအဆင့်ဆင့်၊ ထားသိုမှုအခြေအနေ၊ ထုပ်ပိုးမှု၊ သန့်ရှင်းမှုရှိ/မရှိတို့ကို အသေးစိတ်စစ်ဆေးခဲ့ရာ ထုတ်လုပ်မှုများ၊ ထားသိုမှုများနှင့် ထုပ်ပိုးမှုတို့ကို သေချာစွာ စနစ်တကျ လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရသော်လည်း အချို့ရေဘူးခွံများမှာ သက်တမ်းလွန်နေသည်ကို တွေ့ရှိရ၍ ၎င်းဘူးခွံများကို ပြန်လည် လဲလှယ်ရန်၊ ထုတ်လုပ်သူလုပ်ငန်းရှင်နှင့် လုပ်သားများအား ထုတ်ကုန်လုံခြုံ စိတ်ချရမှုဆိုင်ရာ အချက်အလက်များအား အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား စားသုံးသူရေးရာ ဦးစီးဌာနမှ ရှောင်တခင် ဝင်ရောက်စစ်ဆေး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူးနှင့် အဖွဲ့သည် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့တို့နှင့် ပူးပေါင်းပြီး ဇွန် ၁၈ ရက်က လားရှိုးမြို့တွင်း၌ စက်သုံးဆီရောင်းချလျက်ရှိသော ဆောင်းနှင်းဦးဆီဆိုင်(လေယာဉ်ကွင်းအနီး)၊ REGENCY အ. ထ. က(၃) ကျောင်းအနီးဆီဆိုင်၊ REGENCY မြို့တော်ခန်းမရှေ့ရှိဆီဆိုင်၊ ရှမ်းရိုးမ (က. ည. န ရုံး အနီး)ဆီဆိုင်၊ စိန်နီဆီဆိုင်၊ ကိုအိုက်တူးဆီဆိုင်၊ အသောကဆီဆိုင်၊ ဝင်းချယ်ရီဆီဆိုင်များအား စက်သုံးဆီများ ရောင်းချရာတွင် အချိန်အတွယ်မှန်ကန်မှု ရှိ/မရှိစစ်ဆေးခြင်း၊ စက်သုံးဆီအရည်အသွေးနှင့်ပတ်သက်၍ ရေများရောနှော ပါဝင်မှု ရှိ/မရှိ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာတွင် လေယာဉ်ကွင်းလမ်းအနီးရှိ ဆောင်းနှင်းဦး ဆီဆိုင်ကို စစ်ဆေးရာတွင် ဓာတ်ဆီအချိန်အတွယ်လျော့နည်းနေမှုကို တွေ့ရှိရသဖြင့် နောင်မဖြစ်စေရန် သတိပေးခဲ့ကြောင်း သိရသည်။ ဆီအရည်အသွေးနှင့်ပတ်သက်၍ စစ်ဆေးပေးနိုင်မှု မရှိသော်လည်း ရေရောနှော ပါဝင်မှု ရှိ/မရှိကို စမ်းသပ်စစ်ဆေးခဲ့ရာ စစ်ဆေးခဲ့သည့် ဆိုင်များအားလုံးမှာ ရေရောနှောပါဝင်မှု မရှိကြောင်း တွေ့ရှိရသည်။

စက်သုံးဆီများအား စစ်ဆေးရာတွင် အများစုမှာ အချိန်အတွယ်များ လျော့နည်းမှု မရှိသည်ကိုတွေ့ရှိရသော်လည်း ဆိုင်များ တစ်ဆိုင်နှင့်တစ်ဆိုင် ဈေးနှုန်းကွာခြားမှုရှိသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် သုံးစွဲသူများအနေဖြင့် ဈေးနှုန်းများ ကွာခြားမှုကြောင့် ဆီရရှိမှုကွာခြားကြသည်ကို အချိန်အတွယ် မပြည့်ဟုယူဆကြကြောင်း သုံးသပ်ရပါသည်။

သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် ဆီဈေးနှုန်းကွာခြားမှုအပေါ် မိမိစိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်ရန်အတွက် လားရှိုးမြို့ပေါ်ရှိစက်သုံးဆီဆိုင်များ၏ ဈေးနှုန်းများအား နေ့စဉ်ကောက်ယူ၍ Facebook စာမျက်နှာပေါ်တွင် ဖော်ပြသွားမည် ဖြစ်ပါကြောင်း သုံးစွဲသူများအား အသိပေးအပ်ပါသည်။

**အောင်ကျော်မြင့်(လားရှိုး)**

## စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူး စစ်ကိုင်းမြို့ပေါ်ရှိ ကုန်ထုတ်လုပ်ငန်းအသင်းများနှင့် တွေ့ဆုံဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး ဦးခင်မောင်လှိုင်သည် ဇွန် ၁၄ ရက်တွင် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူး ရုံး၌ စစ်ကိုင်းမြို့ပေါ်ရှိ ကုန်ထုတ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ ကျောက်စိမ်းအချောထည်လုပ်ငန်း၊ ဂစ်တာလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ ကြိမ်ထည်လုပ်ငန်း၊ ငွေထည်/ကြေးထည်လုပ်ငန်း၊ ခေါက်ဆွဲ စက်လုပ်ငန်း၊ ပဲ/နှမ်း ကုန်သည်၊ ဆီထွက်သီးနှံလုပ်ငန်းနှင့် ဆန်စက်လုပ်ငန်း စသည့်လုပ်ငန်း အသင်းများမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ၁၃ ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဦးစီးမှူးမှ ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများပါ ဆောင်ရွက်နေကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အစိုးရ၊ ပြည်သူ၊ လုပ်ငန်းရှင်တို့ သုံးဦးသုံးဖလှယ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တတ်နိုင်သမျှ အစွမ်းကုန်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းများကိုအကျယ်တဝင့်ဆွေးနွေးသွားပါသည်။

ထို့နောက် လုပ်ငန်းအသင်း အဖွဲ့ကိုယ်စားလှယ်များမှလည်း မိမိတို့လုပ်ငန်းအသင်းအခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများကို တစ်ဦးချင်းစီက ဆွေးနွေးခဲ့ကြရာ တိုင်းဒေသကြီး ဦးစီးမှူးနှင့် ခရိုင်ဦးစီးမှူးတို့မှလည်း လုပ်ငန်းရှင်များ၏ တင်ပြဆွေးနွေးချက်၊ အခက်အခဲများကို ပြန်လည်ဆွေးနွေးပြောကြားခဲ့ပြီး မိမိတို့ဌာနနှင့် အဆက်အသွယ်မပြတ် ချိတ်ဆက်ဆောင်ရွက်သွားကြပါရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

**ခင်စောဝင်း (စစ်ကိုင်း)**

## မြောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၆/၂၀၁၈) ကျင်းပ

မြောက်ပိုင်းခရိုင်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၆/၂၀၁၈) ကြိမ် အစည်းအဝေးကို ခရိုင်အုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ပိုင်းခရိုင်၊ စည်သူခန်းမ၌ ဇွန် ၁၃ ရက်က ကျင်းပခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြောက်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများ စုစုပေါင်း ၁၁ ဦး တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး၊ ဦးအောင်တင်စိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ယခင်လ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဇွန်လ ပထမပတ်နှင့် ဒုတိယပတ်တို့တွင် ကျောင်း၊ ဈေး၊ မြို့နယ်/ရပ်ကွက်ကျေးရွာများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကျန်ရှိသည့် တတိယပတ်နှင့် စတုတ္ထပတ်တို့ကိုလည်း လျာထားချက်အတိုင်း ပြည့်မီအောင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကုန်စည်၊ ဝန်ဆောင်မှုနှင့်ပတ်သက် ၍ ၂၀၁၈ ခုနှစ်၊ ဇွန်လ ပထမပတ်နှင့် ဒုတိယပတ်တို့တွင် မြောက်ပိုင်ခရိုင်ဦးစီးမှူးရုံး (CICC) သို့ အငြင်းပွားမှုဆိုင်ရာ တိုင်ကြားချက်များ မရှိသေးပါကြောင်း၊ တိုင်ကြားမှုများရှိလာပါကလည်း အဖွဲ့ဝင်များနှင့် ညှိနှိုင်း၍ စေ့စပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီးနောက် တက်ရောက်လာကြသည့် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ အဖွဲ့ဝင်များက အခြေခံပညာကျောင်းများတွင် ကလေးငယ်များ အတွက် ဘေးအန္တရာယ်ရှိ စားသောက်ကုန်များ မရောင်းနိုင်ရေး ကျောင်းအုပ်ကြီးများမှ အထူးကြပ်မတ် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ရောင်းချနေသည့် ကျောင်းမုန့်ဈေးဆိုင်များတွေ့ရှိပါက ရောင်းချသူကိုလည်း ကျောင်းအုပ်ကြီးများမှ ကျောင်းစည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း၊ အသိပညာပေးဟောပြောရာတွင် အဆိုပါအချက်များကို ထည့်သွင်းဟောပြောဆွေးနွေးပေးပါရန် ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသည့် အဖွဲ့ဝင်များမှ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဝိုင်းဝန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **ခိုင်ရွှေ(ရန်ကုန်)**

## ဘားအံအကျဉ်းထောင်၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် ဇွန် ၁၅ ရက်က ဘားအံအကျဉ်းထောင်တွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြော ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲသို့ ဘားအံအကျဉ်းထောင်မှ တာဝန်ခံအရာရှိနှင့် အရာထမ်း၊ အမှုထမ်းများ အကျဉ်းသား၊ အကျဉ်းသူ ၁၅၀ ဦး တက်ရောက်ကြပြီး ဆွေးနွေးပွဲတွင် ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက စားသုံးသူရေးရာဦးစီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များအကြောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ယဉ်ယဉ်ဆင့်က အစားအသောက်များနှင့် အသုံးအဆောင်များ စားသောက်သုံးဆောင်ရာတွင် ဆောင်ရန် ရှောင်ရန်များအကြောင်း၊ အကြီးတန်းစာရေး ဒေါ်ခင်ကြည်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် စားသုံးသူအကာအကွယ်ပေးရေးအကြောင်းတို့ကို အသီးသီးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။ ဆွေးနွေးပွဲအပြီးတွင် စားသုံးသူ အကာအကွယ်ပေးရေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ ကြောင်း သတင်းရရှိပါသည်။

**ခင်ကြည် (ကရင်ပြည်နယ်၊ စားသုံးသူရေးရာ)**

## ကသာခရိုင် အကျဉ်းဦးစီးဌာန ဝန်ထမ်းများအား စားသုံးသူ အကာအကွယ်ပေးရေးအဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အုန်း ဦးဆောင်သော ခရိုင်/မြို့နယ်အဖွဲ့သည် ဇွန် ၂၄ ရက်က ကသာအကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းထောင်ဝန်ထမ်းများအား စားသုံးသူ အကာအကွယ်ပေးရေးနှင့် ပတ်သက်၍ သိကောင်းစရာများအား အသိပညာပေး ဟောပြောခဲ့သည်။ ဟောပြောပွဲတွင် ကသာအကျဉ်းဦးစီးဌာနမှ ထောင်ပိုင်ကြီး ဦးကျော်ဖေက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်အုန်းက အန္တရာယ်ရှိစားသောက်ကုန်များနှင့် ဝန်ဆောင်မှုဆိုင်ရာ စားသောက်ကုန်များအကြောင်း၊ မြို့နယ်တာဝန်ခံ ဦးထွန်းသန်းက အန္တရာယ်ရှိ စားသောက်ကုန်များနှင့် ဓာတုဆိုးဆေးများ၊ မှိုသတ်ဆေးနှင့် ပိုးသတ်ဆေးများအကြောင်း၊ ဒုတိယ ဦးစီးမှူး ဦးတင်ငွေက ဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ၊ စားသုံးသူများ၏ အခွင့်အရေး၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေများ အကြောင်း၊ ကုန်စည် (သို့မဟုတ်) ဝန်ဆောင်မှုများကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှု ရှိလာပါက ကသာခရိုင် စားသုံးသူရေးရာဦးစီးဌာနတွင် ဖွင့်လှစ်ထားသော CICC ရုံးများသို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ တိုင်ကြားနိုင်ပါကြောင်း၊ ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ (WCRD) နှစ်စဉ် မတ် ၁၅ ရက်နေ့ ပေါ်ပေါက်လာပုံအကြောင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော အကျဉ်းဦးစီးဌာန ဝန်ထမ်းများ၏ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေး ပြောကြားခဲ့ပြီး ဆွေးနွေးပွဲသို့ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ပြည်သူများ စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ပြီး စား သုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ ပါဝင်သည့် လက်ကမ်းနှင့် တားမြစ်စာစောင် ၄၅ စောင် ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။

**လှလှခိုင်(ကသာ)**

## ပြည်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ (၃/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ပြည်ခရိုင် စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့၏ (၃/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန် ၂၁ ရက်က ပြည်ခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အစည်းအဝေးတွင် ပြည်ခရိုင် အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူးဦးဌေးမြင့်က စားသုံးသူ အကာအကွယ်ပေးရေး ကော်မတီ၏ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက် (၅) ချက်အား ရှင်းလင်း ဆွေးနွေးခြင်း၊ မိမိတို့ ပြည်ခရိုင် CICC သို့ ကားငှားရမ်းခြင်း ဝန်ဆောင်မှုနှင့် ပတ်သက်ပြီး တိုင်ကြားမှု အပေါ် ပြေလည် အောင်စေ့စပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခဲ့မှုများ၊ 4TV ရုပ်သံလိုင်းစက်နှင့် Canal+ ရုပ်သံလိုင်း စက်အသစ်များ လဲလှယ်ပေးမှုအခြေအနေများအကြောင်း၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရန် အဓိကဖြန့်ဖြူး ရောင်းဝယ်ဖောက်ကားလျက်ရှိသော လက်ကားပင်ရင်းဆိုင်ကြီးများသို့ အဓိကထား ကွင်းဆင်းစစ်ဆေးပြီး မြို့ပေါ်ရှိ ကုန်ထုတ်လုပ်သော စီးပွားရေး လုပ်ငန်း ရှင်များအား အဖွဲ့ဝင်များ အားလုံးမှ မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် အသိပညာပေး ဟောပြောခြင်းများ ပြုလုပ် ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်၍ တက်ရောက်လာသော အဖွဲ့ဝင်များမှ ကွင်းဆင်း စစ်ဆေးရာတွင် အဖွဲ့၏လှုပ်ရှား ဆောင်ရွက်မှုများ Active ဖြစ်စေရေး၊ လတ်တလော အဓိကဖြစ်ပျက်နေသော Topic များထဲမှ Issue တစ်ခုခုကို ဦးစားပေး ဆောင်ရွက်မှသာ ပိုမို ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း၊ ရှေ့ဆက်လက် ဆောင်ရွက်မည့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား ချမှတ်ဆွေးနွေး ဆုံးဖြတ်ခဲ့ကြပါတယ်။

အစည်းအဝေးသို့ ပြည်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းဆန်းဝင်း၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စီးပွားရေး လုပ်ငန်းရှင် ကိုယ်စားလှယ်၊ စားသုံးသူကိုယ်စားလှယ်၊ အဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း ၁၃ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိပါတယ်။ **ဝင်းလဲ့ဝါ(ပြည်)**

## စာသင်ကျောင်းရှိ မုန့်ဈေးတန်းများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ကျောင်းမုန့်ဈေးတန်းများ ကွင်းဆင်းစစ်ဆေးပညာပေး

စားသုံးသူရေးရာဦးစီးဌာန ရွှေဘိုခရိုင် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဒေါ်နှင်းနှင်းခိုင်နှင့် အငယ်တန်းစာရေး ဒေါ်ပြည့်ဖြိုးဝေတို့သည် ရွှေဘိုမြို့နယ် ပညာရေးမှူး ဦးသန်းငွေ၊ ကျောင်းကျန်းမာရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာမေသဇင်ဝင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စုစုလှိုင်တို့နှင့် ပူးပေါင်းပြီး စာသင်ကျောင်း မုန့်ဈေးတန်း ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဇွန် ၂၆ ရက်က ရွှေဘိုမြို့ အမှတ် (၁)၊ (၂)၊ (၃)နဲ့အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းများ ရှိမုန့်ဈေးတန်းတွေကို စစ်ဆေးပညာပေးခဲ့ကြပါတယ်။

ထိုသို့ စစ်ဆေးပညာပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စားသုံးရန် မသင့်ကြောင်း ကြေညာထားတဲ့ စားသောက်ကုန်ပစ္စည်းများ၊ သက်တမ်းလွန်မုန့်များ၊ မြန်မာအညွှန်းစာ မပါရှိဘဲ တရုတ်စာတန်းပါ မုန့်များ၊ ဓာတုဆိုးဆေးများ ပါဝင်နိုင်ကြောင်း ယူဆရသည့် မုန့်များ ရောင်းချမှု ရှိ/မရှိနဲ့ ကျောင်းဈေးသည်များရဲ့ ကျန်းမာရေး စစ်ဆေးထားရှိမှု အခြေအနေများ၊ စားသောက်ကုန်များ ကိုင်တွယ်ရောင်းချခြင်းနှင့် အသုံးပြုသည့် အိုးခွက်များ ဆေးကြောရာတွင် သန့်ရှင်းသပ်ရပ်မှု ရှိ/မရှိနှင့် ဈေးဆိုင်ပတ်ဝန်းကျင် သန့်ရှင်း သပ်ရပ်မှု ရှိ/ မရှိ စစ်ဆေးပညာပေးခဲ့ကြပါတယ်။ စစ်ဆေးရာမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ စားသုံးရန် မသင့်ကြောင်း ကြေညာထားတဲ့ စားသောက်ကုန် ၁၄ မျိုး၊ သက်တမ်းလွန် ကိတ် ၁ မျိုး၊ တရုတ်စာတမ်းပါရှိပြီး မြန်မာစာ မပါရှိဘဲ ခွင့်မပြုဆိုးဆေးများ ပါဝင်နိုင်ကြောင်း ယူဆရတဲ့ စားသောက်ကုန် ၃၇ မျိုးနဲ့ ငရုတ်သီးများစွာ ပါဝင်တဲ့ စားသောက်ကုန် (၁)မျိုး၊ စုစုပေါင်း ၅၂ မျိုး တွေ့ရှိခဲ့သဖြင့် စစ်ဆေးသည့်အဖွဲ့မှ ဆက်လက် ရောင်းချခြင်းမပြုရန် တားမြစ်ခြင်းနှင့် သိမ်းဆည်းခြင်းတွေ ဆောင်ရွက်ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**နှင်းနှင်းခိုင်(ရွှေဘို)**

## ရှမ်းပြည်နယ်တွင် သတ်မှတ်အရည်အသွေး/ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိသော မြေသြဇာ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ စစ်ဆေးအရေးယူမည်

ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၈)အရ ရှမ်းပြည်နယ်အတွင်း ရောင်းချဖြန့်ဖြူးလျက်ရှိသော မြေသြဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနှင့် မျိုးစေ့များကို သက်ဆိုင်သည့် ဌာနဥပဒေများနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပုဒ်မ (၁၉)တို့ဖြင့် စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရပါတယ်။

ထိုကဲ့သို့ အရေးယူဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်၊ စိုက်ပျိုး ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းလဲ့နှင့် ဒေါ်သန်းသန်းဝင်းတို့ ဦးဆောင်သောအဖွဲ့မှ အောင်ပန်းနှင့် ဟဲဟိုးမြို့ပေါ်ရှိ မြေသြဇာ ပိုးသတ်ဆေးနှင့် ပေါင်းသတ်ဆေးများ လက်လီလက်ကား ရောင်းချလျက်ရှိသော မြေသြဇာ ကုမ္ပဏီရုံးခွဲများနှင့် အရောင်းဆိုင်များ၊ အာလူးပွဲရုံများမှ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ စုစုပေါင်း ၄၀ ဦးအား ဇွန်လ ၂၆ ရက်နေ့ နေ့လယ် ၃ နာရီခွဲ အချိန်တွင် အောင်ပန်းမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

ထို့အပြင် ရှမ်းပြည်နယ်တောင်ပိုင်း (၂၁)မြို့နယ်ရှိမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တစ်ဆင့် ရပ်ကွက်/ ကျေးရွာများအတွင်းရှိ မြေသြဇာ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးအရောင်းဆိုင်များသို့လည်း ပြည်နယ် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ညွှန်ကြားချက်များကို ရှမ်းပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနမှ ၂၀၁၈ ခုနှစ် ဇွန်လ ၁၅ ရက်နေ့က စာဖြင့် ပေးပို့အကြောင်းကြားထားပြီးဖြစ်ကြောင်း သိရပါတယ်။

**လွင်ကိုအောင် (တောင်ကြီး)**

## ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ အကျဉ်းထောင်၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်

'စားသုံးသူများလုံခြုံစိတ်ချရမှုရှိစေရန်' မျှော်မှန်းချက်နှင့်အညီ ကချင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများသည် မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်ရှိ အကျဉ်းဦးစီးဌာန၊ အကျဉ်းထောင်သို့သွားရောက်၍ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၊ အကျဉ်းသူ/အကျဉ်းသားများအား ဇွန် ၂၃ ရက် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါဟောပြောပွဲတွင် မြစ်ကြီး နား ခရိုင်ဦးစီးမှူး ဦးကျော်မြင့်က စားသုံးသူရေးရာ ဦးစီးဌာန ပေါ်ပေါက်လာပုံ၊ စားသုံးသူရေးရာ ဦးစီးဌာန၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်များ၊ World Consumer Right Day ဖြစ်ပေါ်လာပုံနှင့် United Nation Guidelines for Comsumer Protection ရှစ်ချက်၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူများ၏ အခွင့်အရေးနှင့် တာဝန်၊ စီးပွားရေး လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များကို ရှင်းလင်းဟောပြောခဲ့ပြီး ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းလွင်ဦးက တိုင်တန်းမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းစဉ်၊ မျိုးရိုးဗီဇပြောင်းလဲထားသော အစားအသောက်နှင့် လူသားတို့အား ထိခိုက်မှုအခြေအနေ၊ ရွေးချယ် စားသောက်ရမည့် ပုံစံနှင့်လိုက်နာ ဆောင်ရွက်ရမည့် အခြေအနေတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အဆိုပါအသိပညာပေး ဟောပြောပွဲကို အကျဉ်းဦးစီးဌာန မြစ်ကြီးနား အကျဉ်းထောင် ထောင်ပိုင်ကြီး ဦးလှဝင်းမောင်နှင့် ဝန်ထမ်းမိသားစု ၅၀ ဦးအား အကျဉ်းဦးစီးဌာနရှိ ဓမ္မာရုံ၌လည်းကောင်း၊ အကျဉ်းသူ/အကျဉ်းသား ၃၅၀ ဦးကိုအကျဉ်းထောင်အတွင်းရှိ နားနေဆောင်၌လည်း ကောင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **ခွာညို(မနောမြေ)**



# ၂၀၁၈ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်များအပြီး အကောင်းဆုံး ကစားသမားများနှင့် စွမ်းဆောင်ရည် အနိမ့်ဆုံး ကစားသမားစာရင်းထုတ်ပြန်

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုပွဲစဉ်တစ်လျှောက် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သည့် ကစားသမားများနှင့် ဆိုးရွားသည့် စွမ်းဆောင်ရည်များရှိခဲ့သည့် ကစားသမားစာရင်းတို့ကို ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အုပ်စုပွဲစဉ်များအပြီး နေရာအလိုက် အကောင်းဆုံးကစားသမားစာရင်းကိုလည်း ထုတ်ပြန်ခဲ့သည်။

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များတွင် အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သည့် ကစားသမားများမှာ တောင်ကိုရီးယားအသင်းမှ နောက်ခံကစားသမား ကိုယိုဟန်နှင့် ယမ်ယောင်ဆန်၊ အင်္ဂလန်အသင်းမှ အသင်းခေါင်းဆောင် တိုက်စစ်မှူး ဟယ်ရီကိန်း၊ ခရိုအေးရှားအသင်းမှ ကွင်းလယ်ကစားသမား လူကာမိုဒရစ်နှင့် အီဂျစ်အသင်းမှ အသက်(၄၅)နှစ်ရှိပြီဖြစ်သည့် ဂိုးသမား အယ်လ်ဟာဒရီတို့ပင်ဖြစ်သည်။

ထို့ပြင် အုပ်စုပွဲစဉ်များအပြီးတွင် စွမ်းဆောင်ရည် အနိမ့်ဆုံးကစားသမားကိုလည်း ထုတ်ပြန်ခဲ့ရာ ဂျာမနီအသင်းမှ ခီဒီရာ၊ မူလာ၊ ဝါနာ၊ နူအာနှင့် ဟမ်မဲလ်၊ ပနားမားအသင်းမှ ရိုမန်တောရစ်နှင့် ဖီဒယ်အစ္စကိုဘာတို့ ပါဝင်လာခဲ့သည်။

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အုပ်စုပွဲစဉ်များအပြီးတွင် နေရာအလိုက် အကောင်းဆုံးကစားသမားများကိုလည်း ရွေးချယ်ထုတ်ပြန်ခဲ့သည်။ ယင်းကစားသမားများမှာ ဂိုး-ရော်ဘင်အော်ဆင် (ဆွီဒင်)၊ နောက်တန်း - ဂိုဒင် (ဥရုဂွေး)၊ မီနာ (ကိုလံဘီယာ)၊ ဗီဒါ(ခရိုအေးရှား)၊ အလယ်တန်း-ကော်တင်ဟို(ဘရာဇီး)၊ ကန်တီ (ပြင်သစ်)၊ လူကာမိုဒရစ် (ခရိုအေးရှား)၊ လိုဇာနို (မက္ကဆီကို)၊ အစ္စကို (စပိန်)၊ ရှေ့တန်း - စီရိုနယ်ဒို (ပေါ်တူဂီ) နှင့် ဟယ်ရီကိန်း (အင်္ဂလန်)တို့ဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

## ဘောလုံးလောက သတင်းတိုများ

- မန်ယူအသင်းသည် ၎င်းတို့၏တောင်ပံကစားသမား မာချယ်ကို စပါးအသင်းသို့ရောင်းချရန် ပြင်ဆင်နေကြောင်း သိရသည်။
- **ချယ်ဆီးအသင်းသည် CSKA မော်စကိုအသင်းမှ ရုရှားကွင်းလယ်ကစားသမား ဂိုလိုဗင်ကို ပေါင် ၂၇ သန်းဖြင့် ခေါ်ယူရန်ကြိုးပမ်းမှုမှာ အောင်မြင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။**
- အာဆင်နယ်ကွင်းလယ်ကစားသမား ဂျက်ဝီရှိုင်းယားသည် ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့ရန် အလွတ်သဘောတူညီမှု ရရှိထားပြီဖြစ်သည်။
- **စပါးအသင်းနှင့် ချယ်ဆီးအသင်းတို့သည် ပေါ်တိုအသင်းမှ တိုက်စစ်မှူး မူဆာမာရီဂါကိုခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း သိရသည်။ ၎င်းကစားသမား၏ တန်ကြေးမှာ ပေါင် ၃၅သန်းဖြစ်ကြောင်း သိရသည်။**



# ဝီလီယံကို ပေါင်သန်း ၅၀ ဖြင့် ဘာစီလိုနာ ကမ်းလှမ်း

စပိန်လာလီဂါ ထိပ်သီးကလပ် ဘာစီလိုနာအသင်း ချယ်လ်ဆီးအသင်းမှ ဘရာဇီးတောင်ပံကစားသမား ဝီလီယံကို ခေါ်ယူရန် ပေါင်သန်း ၅၀ ဖြင့် ကမ်းလှမ်းလိုက်ကြောင်းသိရသည်။ ချယ်လ်ဆီးအသင်းနှင့် ၂၀၂၀ပြည့်နှစ်အထိ စာချုပ်သက်တမ်းရှိနေသည့် ဝီလီယံကို ဘာစီလိုနာအသင်းအပြင် မန်ယူအသင်းကလည်း ခေါ်ယူရန်စိတ်ဝင်စားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဝီလီယံသည်ပြီးခဲ့သည့် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက ချယ်လ်ဆီးအသင်းနှင့်အတူ ခြေစွမ်းပြနိုင်ခဲ့ပြီး ယခုကျင်းပနေသည့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဘရာဇီးအသင်းနှင့်အတူ ခြေစွမ်းပြနေသူဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ဝီလီယံနှင့်ပတ်သက်ပြီး ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုကို လက်ခံရရှိထားသော်လည်း အကြောင်းပြန်ကြားမှု တစ်စုံတစ်ရာမရှိသေးကြောင်း သိရသည်။

အခြားတစ်ဖက်တွင် မန်ယူအသင်းကလည်း ဝီလီယံကိုခေါ်ယူပြီး ကာလရှည် စာချုပ်တစ်ရပ်ချုပ်ဆိုသွားရန် ဆန္ဒရှိနေကြောင်း သတင်းတွင် ထပ်မံဖော်ပြထားသည်။ ချယ်လ်ဆီးအသင်းသည် CSKA မော်စကိုအသင်းမှ ကွင်းလယ်ကစားသမား ဂိုလိုဗင်ကို ခေါ်ယူရန်ကြိုးပမ်းမှုမှာ အောင်မြင်ခဲ့ပြီဖြစ်ခြင်းကြောင့် ဝီလီယံကို လက်လွှတ်ဖွယ်ရှိနေကြောင်းလည်း သိရသည်။

# ဂျာမနီလက်ရွေးစင် ကစားသမားဘဝမှ နူအာနှင့် ဘိုတန်တို့ အနားယူ

ဂျာမနီအသင်း လက်ရွေးစင်ဂိုးသမား နူအာနှင့် နောက်ခံကစားသမား ဘိုတန်တို့သည် လက်ရွေးစင်ကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ဂျာမနီအသင်းသည် ရုရှားနိုင်ငံတွင် ကျင်းပနေသည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြိုင်ပွဲမတိုင်မီက ဗိုလ်စွဲရန် ရေပန်းစားမှုရှိခဲ့သော်လည်း ပြိုင်ပွဲကျင်းပချိန်တွင် အုပ်စုအဆင့်ကိုပင် ကျော်ဖြတ်နိုင်ခြင်းမရှိဘဲ စောစီးစွာ အိမ်ပြန်ခဲ့ရသည်။




ဂျာမနီအသင်း အုပ်စုမှထွက်ခဲ့ရခြင်းကြောင့် နည်းပြ ဂျိုအာချင်လိုနှင့် ကစားသမားများမှာ ဝေဖန်မှုများစွာဖြင့် ရင်ဆိုင်ခဲ့ရပြီး ဂိုးသမား နူအာနှင့် နောက်ခံကစားသမား ဘိုတန်တို့မှာ လက်ရွေးစင်ကစားသမားဘဝမှ အနားယူသွားကြခြင်းဖြစ်သည်။

နူအာမှာ အသက်(၃၂)နှစ်ရှိပြီဖြစ်သော်လည်း ဘိုတန်မှာ အသက်(၂၉)နှစ်သာရှိသေးသည်။ ဂိုးသမားတစ်ဦးအတွက် ၃၂နှစ်ဆိုသည်မှာ ငယ်ရွယ်သေးသည်ဟု ဆိုရမည်ဖြစ်သလို ဘိုတန်အတွက်လည်း အသက်(၃၀)မပြည့်မီမှာပင် လက်ရွေးစင်ကစားသမားဘဝမှ အနားယူသွားခြင်းမှာ ငယ်ရွယ်လွန်းသည့် အနေအထားတွင်ရှိနေသည်။

ဂိုးသမား နူအာသည် ဂျာမနီလက်ရွေးစင်အသင်းအတွက် ၇၉ ပွဲ ပါဝင်ကစားပေးထားပြီး နောက်ခံကစားသမား ဘိုတန်သည် ဂျာမနီလက်ရွေးစင်အသင်းအတွက် ၇၃ပွဲ ကစားပေးထားပြီး တစ်ဂိုးသွင်းပေးထားသည်။ ဂျာမနီအသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အုပ်စုမှ စောစီးစွာထွက်ခဲ့ရခြင်းမှာ နည်းပြ၏ ကစားသမားရွေးချယ်မှု မှားယွင်းခြင်းနှင့် အသင်းရှိကစားသမားများ၏ ကြိုးစားအားထုတ်မှု လျော့နည်းခြင်းတို့ဖြစ်ကြောင်း ဝေဖန်သုံးသပ်နေကြသည်။

# ဝိန်းရွန်နီ ဒီစီယူနိုက်တက်သို့ရောက်ရှိ




အင်္ဂလန်လက်ရွေးစင် ကစားသမားဟောင်း ဝိန်းရွန်နီသည် အဲဗာတန်အသင်းမှ အမေရိကန်ကလပ် ဒီစီယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့မှု အောင်မြင်ခဲ့ပြီးနောက် ဇွန် ၂၉ရက်တွင် အမေရိကန်နိုင်ငံသို့ မိသားစုလိုက် ရောက်ရှိလာခဲ့ပြီဖြစ်သည်။

အသက်(၃၂)နှစ်ရှိပြီဖြစ်သည့် ဝိန်းရွန်နီသည် ဒီစီယူနိုက်တက်အသင်းနှင့် သုံးနှစ်ခွဲစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ၎င်းသည် ကျောနံပါတ်(၉) ဂျာစီကို ဝတ်ဆင်ကစားမည်ဖြစ်သည်။

ဝိန်းရွန်နီသည် အသင်းသစ် ဒီစီယူနိုက်တက်အသင်းနှင့်အတူ လာမည့်ရက်သတ္တပတ်တွင် လေ့ကျင့်ခန်း စဆင်းမည်ဖြစ်ကြောင်းသိရသည်။

ဝိန်းရွန်နီသည် လောလောဆယ်တွင် အမေရိကန်ပြည်ထောင်စုသို့ မိသားစုလိုက် သွားရောက်ခဲ့ခြင်းဖြစ်ပြီး အနာဂတ်မိသားစုနေရေးထိုင်ရေးအတွက် ဆက်လက်စဉ်းစားသွားမည်ဖြစ်ကြောင်း သိရသည်။ ဝိန်းရွန်နီသည် ၂၀၀၂ မှ ၂၀၀၄ ထိ အဲဗာတန်၊ ၂၀၀၄ မှ ၂၀၁၇ထိ မန်ယူနှင့် ပြီးခဲ့သည့်ရာသီက အသင်းဟောင်း အဲဗာတန်တွင် တစ်ရာသီ ကစားခဲ့ပြီး အမေရိကန်ကလပ် ဒီစီယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

‘ကျွန်တော် ဒီစီယူနိုက်တက်အသင်းကို စိတ်လွတ်ကိုယ်လွတ်နဲ့ ပြောင်းရွှေ့နိုင်ခဲ့ပါပြီ။ ဒီအသင်းမှာ ကျွန်တော့်ရဲ့ လက်ကျန်ကစားသမားဘဝကို အကောင်းဆုံးပေးဆပ်သွားမှာပါ။ လောလောဆယ်တော့ မိသားစုလိုက် လာခဲ့တာပါ။ မိသားစုတွေ ဒီမှာအမြဲနေ၊ မနေဆိုတာတော့ ပြောလို့မရသေးပါဘူး။ အင်္ဂလန်ကိုတော့ ကျွန်တော်လွမ်းနေမှာပါ’ဟု ပြောကြားခဲ့သည်။

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

|ရွှေစင်ဦး|

**ယခင်တစ်ပတ်မှအဆက်**

**၃၊၇၊၄။ ပင်ရင်းနိုင်ငံစည်းမျဉ်းဆိုင်ရာဖြေလျှော့ခြင်းများ**

**(က) အထည်အလိပ်ကဏ္ဍမှလွဲ၍ကုန်ပစ္စည်းအားလုံးအတွက် လိုက်လျောနိုင်စွမ်းဆိုင်ရာစည်းမျဉ်း**

စည်းမျဉ်းစာရင်းများတွင် ဖော်ပြထားသည့် အခြေအနေများအရ ကုန်ပစ္စည်းတစ်ခု ထုတ်လုပ်ရာ၌ အသုံးမပြုရမည့် ပင်ရင်းဒေသမဟုတ်သည့် ပစ္စည်းများကို ၎င်းတို့၏စုစုပေါင်းတန်ဖိုး သို့မဟုတ် ကုန်ပစ္စည်း၏ တိုင်းတာထားသည့် အသားတင်အလေးချိန်သည် အောက်ပါပမာဏကို ကျော်လွန်ခြင်းမရှိလျှင် အသုံးပြုခွင့်ရှိသည်။

- ♦ သဟဇာတဖြစ်သည့်စနစ် (HS) အခန်း (၂) နှင့် (၄) မှ (၂၄) အတွင်းပါဝင်သည့် ကုန်ပစ္စည်းများအတွက် ကုန်ပစ္စည်းအလေးချိန်၏ ၁၅% ၊ ခြွင်းချက်အဖြစ် အခန်း (၁၆)မှ ပြုပြင်ထားသည့်ရေလုပ်ငန်း ထွက်ကုန်များ မပါဝင်ပါ။
- ♦ အခြားကုန်ပစ္စည်းများအတွက် ကုန်ပစ္စည်း၏ စက်ရုံထုက်စျေးနှုန်း၏ ၁၅% ၊ ခြွင်းချက်အဖြစ် ဟန်ချက်ညီ စည်းဝါးညီစနစ် (HS) ၏အခန်း (၅၀) မှ (၆၃) အတွင်း (အထည်အလိပ်ကဏ္ဍ)အတွင်း ကျရောက်သည့်ကုန် ပစ္စည်းများမပါဝင်။

| | |
|---|---|
| **မှတ်ရန်။** | **။ လိုက်လျောနိုင်စွမ်းစည်းမျဉ်းသည် ကုန်ပစ္စည်းအလိုက် သတ်မှတ်စည်းမျဉ်းများတွင် ချမှတ်ထားသည့် ရာခိုင်နှုန်းများကို ကျော်လွန်ခွင့်မပြုပါ။** |

**(ခ) အထည်အလိပ်ကဏ္ဍအတွက် အထူးလိုက်လျောနိုင်စွမ်းဆိုင်ရာ စည်းမျဉ်းများ**

ပင်ရင်းနိုင်ငံစည်းမျဉ်းစာရင်းများအတွက် မိတ်ဆက်မှတ်စုများတွင် အထည်အလိပ်ကဏ္ဍအတွက်သာ သီးသန့်အကျုံးဝင် သည့် အထူးလိုက်လျောနိုင်စွမ်းဆိုင်ရာ အသေးစိတ်စည်းမျဉ်းများ ပါဝင်သည်။ ((HS) ၏အခန်း (၅၀) မှ (၆၃) အတွင်း ပါဝင်သည့် ကုန်ပစ္စည်းများ)

**(ဂ) ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများကိုလျှော့ပေါ့ပေးခြင်း**

EU ကော်မရှင်၏ အစပြုလုပ်ဆောင်ခြင်းကြောင့်ဖြစ်စေ၊ အကျိုးခံစားရသည့်နိုင်ငံ၏ မေတ္တာရပ်ခံချက်ကို တုံ့ပြန်၍ဖြစ်စေ ပင်ရင်းပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအား လျှော့ပေါ့ပေးခြင်းကို EU GSP ROO စည်းမျဉ်းစည်းကမ်းများကို ယာယီအားဖြင့် လိုက်နာဆောင်ရွက်နိုင်စွမ်းကင်းမဲ့သွားခြင်း၊ သို့မဟုတ် ပင်ရင်းနိုင်ငံစည်းမျဉ်းမျိုးစုံကို လိုက်နာဆောင်ရွက် နိုင်အောင် ပြင်ဆင်ရန် အချိန်လိုအပ်ခြင်းတို့ဖြစ်နိုင်သည်။

ထိုသို့လျှော့ပေါ့ပေးရန် တောင်းဆိုချက်ကို EU ကော်မရှင်ထံ စာရေးသားတောင်းဆိုရမည်။

အကယ်၍ ထိုကဲ့သို့သော လျှော့ပေါ့ပေးမှုကို တစ်စုံတစ်ရာသောကုန်ပစ္စည်းများအတွက် ခွင့်ပြုပေးပါက ၎င်းကို အကျိုးခံစားရသည့် နိုင်ငံရှိစွမ်းဆောင်ရည်ပြည့်ဝသည့် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပေးသော ပင်ရင်းဒေသဆိုင်ရာ သက်သေခံလက်မှတ်ပုံစံ (A)၏ အကွက်(၄) တွင် ဖော်ပြရမည်ဖြစ်သည်။ (မြန်မာနိုင်ငံတွင် အဆိုပါအဖွဲ့အစည်းမှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဖြစ်သည်။)

**၃၊၇၊၅။ အခွန်ပြန်ပေးငွေ**

EU RTA များတွင်ရှိသည့် သီးသန့်စည်းမျဉ်းတစ်ခုသည် အကျိုးခံစားရသည့် နိုင်ငံများအား အခွန်ငွေပြန်ပေးခြင်းကို ပင်ရင်းပင်ရင်းမဟုတ်သည့် သွင်းအားစုများအတွက် ရယူအသုံးပြုခြင်း၊ တစ်ချိန်တည်း၌ ကုန်ချောပစ္စည်းကို EU သို့ တင်ပို့ခြင်းမှ အထူးအခွင့်အရေး ခံစားခွင့်ကို ကျင့်သုံးခြင်းအား တားမြစ်ထားသည်။ သို့သော်လည်း EU GSP ROO တွင် ထိုကဲ့သို့သော တားမြစ်ချက်မရှိပါ။ လွတ်လပ်သည့်ဇုန်များ (FZs) သို့မဟုတ် အထူးစီးပွားရေးဇုန်များ (SEZs) များတွင် ပြုပြင်ဆောင်ရွက်ခြင်းသည် ကုန်ပစ္စည်း၏ ပင်ရင်းပင်ရင်းနိုင်ငံကို ဆုံးဖြတ်ခြင်းအပေါ် အနုတ်သဘောသက်ရောက်ခြင်းမရှိသည့်အတွက် ဤသဘောတရားသည် အရေးကြီးသည်။

**၃၊၇၊၆။ ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းနှင့် ကိရိယာတန်ဆာပလာများ**

အကယ်၍ ပစ္စည်းကိရိယာ အမည်တစ်ခုတွင် ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများနှင့် ကိရိယာတန်ဆာပလာများကို ပုံမှန်အားဖြင့် ထည့်သွင်းထားပါက (ဆိုလိုသည်မှာ- ကားတစ်စီးတွင် အပိုဘီး၊ အန္တရာယ် ကင်းရှင်းရေး တြိဂံ၊ သို့မဟုတ် ကိရိယာ သေတ္တာ) ၎င်းတို့၏ ပင်ရင်းနိုင်ငံကို ထိုပစ္စည်းကိရိယာ၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတိုင်း အကဲဖြတ်ရမည်။

**၃၊၇၊၇။ အစုံအတွဲများ၏ဖွဲ့စည်းမှု**

ပင်ရင်းနှင့် ပင်ရင်းနိုင်ငံမဟုတ်သည့် အစိတ်အပိုင်းများ ပေါင်းစည်းထားသည့် မတူညီသည့် ပစ္စည်းအမယ်များ အစုံအတွဲလိုက်ရှိနေသည့် အခြေအနေတွင် ထိုအစုံအတွဲတွင်ပါဝင်သည့် ပင်ရင်း ပင်ရင်းနိုင်ငံမဟုတ်သည့် ကုန်ပစ္စည်းများ၏ တန်ဖိုးသည် ၎င်းအစုံအတွဲ၏ စက်ရုံထုတ်စျေးနှုန်း၏ ၁၅ ရာခိုင်နှုန်းသည် ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရန် လိုအပ်သည်။

(ကိုးကား။ ဥရောပသမဂ္ဂ၏ အထူးအကောက်ခွန်ကင်းလွတ်သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများအတွက် လမ်းညွှန်)

**ဆက်လက်ဖော်ပြပါမည်။**

# စင်ကာပူနိုင်ငံသို့စားသောက်ကုန်နှင့် လယ်ယာထွက်ကုန် တင်သွင်းမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းများ

|ကျော်စိန်ဝင်း(ပြည်တွင်း/ပြည်ပ)|

**ယခင်တစ်ပတ်မှအဆက်**

တင်သွင်းသူတွေအနေနဲ့ မိမိတို့ရဲ့ စားသောက်ကုန်တင်သွင်းမှုဟာ Agri-Food and Veterinary Authority-AVA ရဲ့ စစ်ဆေးမှု လိုအပ်ခြင်း ရှိ/မရှိကို ကုန်ပစ္စည်း ရှင်းလင်းခွင့်ပါမစ်ကို စစ်ဆေးကြည့်ခြင်းဖြင့် ခွင့်ပြုနံပါတ်ကို ရှာဖွေနိုင်တယ်လို့သိရပါတယ်။ အဲဒီလို စစ်ဆေးရာမှာ AVA ၏ ဓာတ်ခွဲ စမ်းသပ်စစ်ဆေးမှုအတွက် နမူနာများကို ထုတ်ယူမှာဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများဟာ စားသောက်ကုန် ဥပဒေတွေနဲ့ ကိုက်ညီကြောင်း အတည်ပြုချက်မရမချင်း ဖြန့်ဖြူးရောင်းချခွင့်ပြုမှာ မဟုတ်ပါဘူး။ အထူးသဖြင့် ချက်ပြုတ်ထားခြင်းမရှိသော ကြက်/ဘဲအသား၊ အမဲသား၊ ဝက်သားနှင့် သိုးသားများအား နိုင်ငံအတွင်း ဖြန့်ဖြူးခွင့်မပြုမီ မျက်မြင်စစ်ဆေးခြင်းနှင့်အစာအဆိပ်သင့်စေသည့် ပိုးမွှားနှင့်ဘက်တီးရီးယား ပါဝင်ခြင်း ရှိ/မရှိ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းများကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**အသားနှင့် ကြက်/ဘဲ ထွက်ကုန်များ**

အသားနှင့်ကြက်/ဘဲ ထွက်ကုန်များ တင်သွင်းမှုကို အသားနှင့်ငါးလက်ကား အက်ဥပဒေနှင့် ယင်း၏ ဆက်စပ်ဥပဒေများဖြင့် ကိုင်တွယ်ဆောင်ရွက်ပါတယ်။ အဆိုပါ ထွက်ကုန်များ စင်ကာပူနိုင်ငံသို့ တင်သွင်းမှုတိုင်းအတွက် တင်ပို့သည့် နိုင်ငံ၏ ကျွဲ၊နွား၊ တိရစ္ဆာန်ရောဂါဆိုင်ရာ အာဏာပိုင်မှ ထုတ်ပေးသည့် ကျန်းမာရေး အသိအမှတ်ပြုလက်မှတ် မဖြစ်မနေ ပူးတွဲပါရှိရမှာ ဖြစ်ပါတယ်။ အသားထွက်ကုန် တင်ပို့မှုတစ်ခုချင်းစီအတွက် AVA မှ စစ်ဆေးဆောင်ရွက်မည်ဖြစ်ပြီး၊ ဓာတ်ခွဲစစ်ဆေးခြင်းအတွက် နမူနာထုတ်ယူခြင်းများလည်း လိုအပ်မှု ရှိနိုင်ပါတယ်။ အချို့သော ကုန်စည်တင်ပို့မှုများအတွက် ဓာတ်ခွဲစမ်းသပ်ချက် ရလဒ် မထွက်သေးချိန်အတွင်း "hold and test" အဖြစ် ဆောင်ရွက်ပါတယ်။

**ငါးထွက်ကုန်များ**

ငါးနှင့် ငါးထွက်ကုန်များ တင်သွင်းမှုကိုလည်း အသားနှင့်ငါး လက်ကား အက်ဥပဒေနှင့် ယင်း၏ ဥပဒေခွဲများဖြင့် ကိုင်တွယ် ဆောင်ရွက်ပါတယ်။ ငါးထွက်ကုန်များကို ရောင်းချခွင့်မပြုမီ AVA မှ စစ်ဆေးခြင်းကို မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ် ပါတယ်။ ယေဘုယျအားဖြင့် ငါးကို မည်သည့်နိုင်ငံမှဖြစ်စေ ကျန်းမာကြောင်း အသိအမှတ်ပြုလက်မှတ်ရယူခြင်းမရှိဘဲ တင်သွင်းနိုင်ပေမယ့် ငါးနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်များနှင့် အခြေအနေများကိုတော့ အန္တရာယ်ရှိနိုင်ခြေမြင့်မားသည့် "high risk" အမျိုးအစားအဖြစ် သတ်မှတ်ထားတယ်လို့ သိရပါတယ်။

**ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ**

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တင်သွင်းမှုကို အပင်ထိန်းချုပ်ရေး အက်ဥပဒေဖြင့် ကိုင်တွယ်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ၎င်းအရ ဆင့်တက် ပြုပြင်ထားခြင်းမရှိတဲ့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ဆိုလိုတာဖြစ်ပြီး၊ တင်သွင်းလာချိန်မှာ စာရွက်စာတမ်းနှင့် ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးခြင်းများ ဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါ တယ်။ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တွေကိုလည်း မည်သည့်နိုင်ငံမှမဆို တင်သွင်းနိုင်မှာဖြစ်ပေမယ့် တားမြစ်ထားတဲ့ ပိုးသတ်ဆေး ကင်းစင်ရန် လိုအပ်ချက်၊ FAO နှင့် WHO တို့ရဲ့ Codex Alimentarius Commission တို့မှ သတ်မှတ်ထားတဲ့ အဆင့်ထက်ကျော်လွန်သော အဆိပ်သင့်စေသည့် ဓာတု ဓာတ်ကြွင်း (သို့မဟုတ်) ပိုးသတ်ဆေး ကင်းစင်ရန် လိုအပ်ချက်၊ တောင်အမေရိက အပူပိုင်းဒေသနှင့် မက္ကဆီကိုနိုင်ငံများမှ တင်သွင်းသည့် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များအတွက် အပင်ကျန်းမာရေးဆိုင်ရာ သက်သေခံလက်မှတ် လိုအပ်ချက်နှင့် ကွန်တိန်နာများတွင် ကုန်ပစ္စည်းထုတ်လုပ်သူ၏ အမည်နှင့်လိပ်စာ၊ ထုတ်ကုန်ဖော်ပြချက်၊ တင်ပို့/ထုပ်ပိုးသည့် ရက်စွဲ စသည်တို့ကို တံဆိပ်ကပ်ဖော်ပြရန်လိုအပ်ချက် စတာတွေကိုတော့ လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**လတ်ဆတ်သောဥများ**

လတ်ဆတ်သောဥများ တင်သွင်းမှုကို တိရစ္ဆာန်နှင့် ငှက်များ အက်ဥပဒေနှင့်ယင်း၏ လုပ်ထုံးလုပ်နည်းများဖြင့် ထိန်းချုပ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ သက်ဆိုင်ရာ အာဏာပိုင်များနှင့် ကြက်ဥထုတ်လုပ်သည့် ခြံများသည် စင်ကာပူနိုင်ငံသို့ လတ်ဆတ်သောကြက်ဥတင်ပို့မှုအတွက် AVA ၏ ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ကြက်ဥများကို အတည်ပြုထားတဲ့ လုပ်ငန်းများမှသာ တင်သွင်းခွင့်ပြုတာ ဖြစ်ပါတယ်။AVA ထံမှာ ခွင့်ပြုချက် လျှောက်လွှာ (Approval Application) ကို လျှောက်ထားနိုင်ပြီး လျှောက်ထားမှုတွေကိုတော့ တင်ပို့သည့် နိုင်ငံရဲ့ သက်ဆိုင်ရာ အာဏာပိုင်မှတစ်ဆင့် တင်ပြရမှာ ဖြစ်တယ်လို့ သိရပါတယ်။ တင်သွင်းခွင့် ရရှိဖို့ ခွင့်ပြုတဲ့ ကြက်ဥခြံများ ဖြစ်စေရေး ဆောင်ရွက်ပြီးတဲ့အခါ ကုန်ပစ္စည်း တင်ပို့မှုတိုင်းဟာ အဆိုပါ ခွင့်ပြုနေရာတစ်ခုတည်းမှ ထွက်ရှိတဲ့ဥများဖြစ်ရန် လိုအပ်ပါတယ်။ နောက်တစ်ချက်ကတော့ အဆိုပါ ဥများ အားလုံးဟာ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ လိုအပ်ချက် အခြေအနေများအားလုံးနဲ့ ကိုက်ညီမှုရှိဖို့ပဲ ဖြစ်ပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# ပင်လယ်ရေကြောင်း

## လောင်စာဆီသယ်ပို့မှုနှင့် အန္တရာယ်များ

| မောင်ရင်မောင် |



**ယခင်တစ်ပတ်မှအဆက်**

ယိုဖိတ်နေသည့် လောင်စာဆီများ ပျံ့ထွက်မှုကို ကာကွယ်တားဆီးနေသည့်အရာများ၊ ကမ်းခြေသို့ ရောက်ရှိသွားနိုင်သည့် လောင်စာဆီပမာဏနှင့် သဘာဝအလျှောက် တည်ရှိနေမည့်အချိန်ကာလတို့ဖြစ်ပါသည်။ ထို့ပြင် ယိုဖိတ်နေသည့် နေရာတွင်ဖြစ်ပေါ်နေသည့် မိုးလေဝသအခြေအနေကလည်း ဖယ်ရှားရှင်းလင်းမှုကို တားဆီးကန့်သတ်နိုင်သကဲ့သို့ လောင်စာဆီများ ပျံ့နှံ့သွားမည့် ဦးတည်လမ်းကြောင်းကိုလည်း ပြောင်းလဲစေနိုင်ပါသည်။ Sea Express ဆီတင်သင်္ဘောယိုဖိတ်မှုဖြစ်စဉ်က ယိုဖိတ်နေသည့်ဆီများကို ပြန်လည်ထိန်းသိမ်းရယူရာတွင် လေပြင်းထန်စွာ တိုက်ခတ်နေသောကြောင့် ဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့ရသကဲ့သို့ မကြာခဏပြောင်းလဲနေသော လေလမ်းကြောင်းများနှင့် ပင်လယ်သမုဒ္ဒရာ ရေစီးကြောင်းများကြောင့် Castillo de Bellver သင်္ဘောဆီယိုဖိတ်မှုဖြစ်ပေါ်စဉ် ဆီပမာဏများစွာ ပျံ့နှံ့သွားခဲ့ရပါသည်။

သို့ဖြစ်၍ ရေလှိုင်းများ၏ လှုပ်ရှားမှု၊ ဒီရေအတက်အကျ ပုံသဏ္ဍာန်များနှင့် ရေစီးကြောင်းများမှာ အရေးပါသောအချက်များ ဖြစ်ကြပါသည်။ လောင်စာဆီယိုဖိတ်ချိန်တွင် ဖြစ်ပေါ်နေသော ဒီရေအတက်အကျ အခြေအနေနှင့် ရေစီးကြောင်းအနေအထားများက ယိုဖိတ်သည့်ဆီများ ပျံ့နှံ့သွားမည့်ပမာဏနှင့် ဦးတည်လမ်းကြောင်းကို အဆုံးအဖြတ်ပေးပါသည်။ ထို့အတူ လှိုင်းပုတ်ခတ်မှုအခြေအနေက ယိုဖိတ်လောင်စာဆီများကို သုတ်သင်ဖယ်ရှားရာတွင် ဓာတုပစ္စည်းများ သုံးစွဲမည်ဆိုပါက လောင်စာဆီနှင့် ဓာတုပစ္စည်းလျှင်မြန်စွာ ရောနှောပေါင်းစပ် ဓာတ်ပြုနိုင်ရန်အထောက်အကူပြုနိုင်ပါသည်။ ထို့အတူ ပထဝီအနေအထားများဖြစ်သော ပင်လယ်ရေစီးကြောင်းများ၏ စီးဆင်းမှုနှုန်း၊ ရေလှိုင်းများ၏ အကာအကွယ်မဲ့ ရွေ့လျားနိုင်မှုအခြေအနေ၊ ကျောက်တောင်ကျောက်စွန်းများတည်ရှိမှုနှင့် သဲသောင်ကမ်းခြေ အနေအထားများက ယိုဖိတ်ဆီပျံ့နှံ့မှုကို အကျိုးသက်ရောက်မှုဖြစ်ပေါ်စေပါသည်။

**ဂေဟစနစ်ထိခိုက်မှုများ**

လောင်စာဆီယိုဖိတ်မှုကြောင့် ဂေဟစနစ်ထိခိုက်ပျက်စီးရပြီး ပြန်လည်ကောင်းမွန်လာရန်များစွာ အချိန်ယူရလေ့ရှိပါသည်။ ပင်လယ်ရေကြောင်းဆိုင်ရာ ဂေဟစနစ်မှာ ရှုပ်ထွေးစွာဖွဲ့စည်းတည်ရှိနေပြီး ပင်လယ်ပျော်မျိုးစိတ်များ တစ်ခုနှင့် တစ်ခုအပြန်အလှန် ယှက်နွယ်တည်ရှိနေသကဲ့သို့ လောင်စာဆီ ယိုဖိတ်မှုက ယင်းမျိုးစိတ်များအပေါ် ကွဲပြားခြားနားစွာ ထိခိုက် သက်ရောက်မှု ရှိစေပါသည်။ ပင်လယ်ပျော်မျိုးစိတ်များ၏ ယိုဖိတ်သည့်လောင်စာဆီယိုဖိတ်မှုအပေါ် တုံ့ပြန်နိုင်မှုမှာ လောင်စာဆီတွင် ပါဝင်သော ဓာတုပစ္စည်းများ၏ ပါဝင်မှုအချိုးအစားနှင့် ပမာဏအပေါ်တွင် မူတည်ပါသည်။ ထို့အတူ ယင်းမျိုးစိတ်များ၏ နေထိုင်သွားလာမှု အနေအထားနှင့် ထိခိုက်နိုင်မှုတို့မှာ ဆက်နွယ်နေပါသည်။ သာမန်အားဖြင့် လောင်စာဆီယိုဖိတ်မှုဖြစ်ပွားသည်နှင့် လောင်စာဆီများမှာ ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် မျောပါလေ့ရှိရာ ပင်လယ်ပျော်မျိုးစိတ်များနှင့် ပိုမိုထိတွေ့မှုဖြစ်ပေါ်စေပါသည်။ ပင်လယ်နေ နို့တိုက်သတ္တဝါများနှင့် ငှက်မျိုးစိတ်အများစုမှာ လေရှူရှိုက်ရန် ရေနှင့် လေထု ထိစပ်အလွှာကို မကြာခဏ ဖြတ်သန်းကြရသည်ဖြစ်ရာ ယင်းတို့မှာ လောင်စာဆီယိုဖိတ်မှုတွင် ထိခိုက်ခံရမှုအများဆုံး ဖြစ်ကြရပါသည်။ ထို့အတူ အချို့မျိုးစိတ်များမှာ ဒီရေအတက်အကျတွင် စုန်ဆန်မျောပါရင်း ယိုဖိတ်လောင်စာဆီများနှင့် ထိတွေ့၍ ထိခိုက်ပျက်စီးရ ပါသည်။ မျိုးစိတ်များ ကွဲပြားသည်နှင့်အမျှ လောင်စာဆီနှင့်ပတ်သက်သော အဆိပ်အတောက်များ ယင်းတို့ခန္ဓာကိုယ်တွင် ဝင်ရောက်ထိခိုက်မှုများမှာ အမျိုးအစားနှင့် ပမာဏကွဲပြားပါသည်။ နမူနာအားဖြင့် လောင်စာဆီ၊ Ingestion၊ တစ်ရှူးများတွင် အညစ်အကြေးများစုပုံလာခြင်း၊ DNA ပျက်စီးခြင်း၊ ရောဂါကာကွယ်မှုစွမ်းအား ကျဆင်းခြင်း၊ နှလုံးနှင့်ဆိုင်သော ရောဂါခံစားရခြင်း၊ ဥများ ပျက်စီးခြင်း စသည်တို့ဖြစ်ပါသည်။ အထူးသဖြင့် ငါးများတွင် ကူးခတ်နိုင်မှုစွမ်းအားကျဆင်းလာပြီး ငှက်များအတွက် ခန္ဓာကိုယ်အပူချိန် ထိန်းသိမ်းနိုင်မှုကျဆင်းသွားခြင်း ဖြစ်ပါသည်။ သက်ရှိအမျိုးအစားအလိုက် ထိခိုက်မှုအပေါ် တုံ့ပြန်နိုင်မှုစွမ်းရည်ခြင်းမတူညီရသည့်အလျောက် မူလသဘာဝအခြေအနေသို့ပြန်လည်ရောက်ရှိနိုင်မည့် အနေအထားမှာ ယိုဖိတ်မှု အနေအထား၊ သန့်စင်ရှင်းလင်းနိုင်မှုအခြေအနေ၊ သတ္တဝါများနှင့်မျိုးစိတ်များ ရှင်သန်နိုင်မှုအရ ကွဲပြားမှုများစွာ ရှိနိုင်ပါသည်။ ထို့အတူ သဘာဝဝန်းကျင်တွင် ယိုဖိတ်ဆီများ၏တည်ရှိမှုသံသရာမှာလည်း သန့်စင်ရှင်းလင်းနိုင်မှု၊ လှည့်ပတ်စီးဆင်းနိုင်မှုနှင့် ယိုဖိတ်မှုပမာဏအရဖြစ်စဉ်တစ်ခုနှင့်တစ်ခု တူညီနိုင်မှုမရှိပါ။ ယိုစိမ့်ဆီများ ကမ်းခြေသို့ ရောက်ရှိသွားသည့်တိုင် ကျောက်ဆောင်ထူထပ်သည့်နေရာ၊ သဲသောင်ပြင်နှင့် ရေစီးရေလာ အနည်းအများ အလိုက် သက်တမ်းကွာခြားမှုရှိပါသည်။ ဥပမာအားဖြင့် Exxon Valdez ဆီတင်သင်္ဘောဆီယိုဖိတ်စဉ်က မူလယိုဖိတ်ဆီများ၏ နှစ်ရာခိုင်နှုန်းမှာ သဲသောင်ပြင်များတွင် လည်းကောင်း၊ ၁၃ ရာခိုင်နှုန်းမှာ အနည်အနှစ်များအဖြစ် လည်းကောင်း ပျံ့နှံ့သွားခဲ့ပါသည်။ ရေပြင်လှုပ်ရှားမှု လွန်စွာနည်းပါးသည့် အလာစကာဒေသကဲ့သို့ သော နေရာများတွင် ယိုဖိတ်မှုဖြစ်ပွားပါက မူလအခြေအနေသို့ပြန်လည်ရောက်ရှိရန် နှစ်ပေါင်း ၃၀ ခန့် စောင့်ဆိုင်းရန် လိုအပ်ကြောင်း တွက်ချက်ဖော်ပြထားရှိပါသည်။

ဆီယိုဖိတ်ရာဒေသရှိမျိုးစိတ်များ၏ ပြန်လည်ရှင်သန်မှုနှုန်းမှာလည်း ကွဲပြားခြားနားမှု ရှိပါသည်။ Amoco Cadiz သင်္ဘောယိုဖိတ်စဉ်က မျိုးစိတ်များ၏ ပြန်လည်ရှင်သန်မှုကို သုတေသနပြုခဲ့ရာတွင် မူလအခြေအနေသို့ရောက်ရှိရန် မျိုးစိတ်များ၏ မျိုးဆက်သုံးဆက်မှ ခြောက်ဆက်အထိ စောင့်ဆိုင်းရကြောင်း တွေ့ရှိခဲ့ကြပါသည်။ ဤလေ့လာတွေ့ရှိချက်က သက်တမ်းတိုမျိုးစိတ်များ၏ ပြန်လည်ရှင်သန်မှုမှာ ကာလသက်တမ်းများစွာ ကြာမြင့်မှု မရှိသော်လည်း သက်တမ်းရှည်မျိုးစိတ်များ ပြန်လည်ရှင်သန်ရန်မှာ အချိန်များစွာယူရကြောင်း ဖော်ပြလျက်ရှိပါသည်။ အထူးသဖြင့် သက်တမ်းတိုမျိုးစိတ်များ ထိခိုက်ပျက်စီးမှု များပြားပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဝန်ကြီးဌာနမှ E-Commerce ကုမ္ပဏီများအတွက် စည်းမျဉ်းသစ်များ ထုတ်ပြန်သွားမည်

အိန္ဒိယနိုင်ငံ စားသုံးသူရေးရာဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် ဧပြီလအတွင်း E-Commerce ကုမ္ပဏီများအတွက် ဥပဒေဆိုင်ရာ တိကျတိုင်းတာစည်းမျဉ်းများအရ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နိုင်ရန် စည်းမျဉ်းသစ်များ ထုတ်ပြန်ပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ အိန္ဒိယနိုင်ငံတွင် Amazon India၊ Flipkart၊ Snapdeal၊ Grofers နှင့် Bigbasket တို့သည် e-market ၌ ထိပ်တန်းတွင် နေရာရယူထားသည့် ကုမ္ပဏီများ ဖြစ်ကြပါသည်။

အဆိုပါစည်းမျဉ်းသစ်များအရ E-Commerce ကုမ္ပဏီများသည် Website တွင် ရောင်းချမည့် ထုတ်ကုန်နှင့်စပ်လျဉ်းသည့် အသေးစိတ် သတင်းအချက်အလက်များကို ပေးအပ်ရမည်ဖြစ်သည်။ အသေးစိတ်သတင်းအချက်အလက်ဟုဆိုရာတွင် အမြင့်မားဆုံးလက်လီအရောင်းဈေးနှုန်း၊ လျှော့ပေးသောဈေးနှုန်း၊ ထုတ်လုပ်သည့်နေရာ၊ ငွေပြန်လည်အမ်းမည့်မူဝါဒ၊ စားသုံးသူများ သတိမူရမည့် အသေးစိတ် အချက်အလက်များ (ထုတ်ကုန်များနှင့် စပ်လျဉ်း၍ မည်သည့်နေရာတွင် တိုင်ကြားနိုင်သည်) ပါဝင်သည်။ စည်းမျဉ်းသစ်များအရ E-Commerce ကုမ္ပဏီများသည် စားသုံးသူတို့၏တိုင်ကြားမှုများကို သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်းတွင် ဖြေရှင်းပေးရမည်ဖြစ်သည်။ အကယ်၍ အဆိုပါကုမ္ပဏီများမှ ဖြေရှင်းပေးနိုင်ခြင်းမရှိပါက စားသုံးသူတို့အနေဖြင့် မည်သည့်နေရာသို့ သွားရောက်တိုင်တန်းသင့်ကြောင်း အကြံဉာဏ်ပေးအပ်ရမည်ဖြစ်ပြီး စည်းမျဉ်းသစ်များကို လိုက်နာဆောင်ရွက်ရန် ကုမ္ပဏီများအား ၆ လတာအချိန်ကာလ ပေးအပ်ထားပါသည်။

ဥပဒေဆိုင်ရာ တိကျတိုင်းတာစည်းမျဉ်းများ ၂၀၁၁ ကိုစားသုံးသူရေးရာဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်တွင် စားသုံးသူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန် ပြန်လည်ပြင်ဆင်ထုတ်ပြန်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်ခဲ့ပါသည်။ စားသုံးသူရေးရာဝန်ကြီးဌာနသည် Online မှ တစ်ဆင့်ရောင်းချသော ထုတ်ကုန်များ၊ ကုန်စည်များနှင့် စပ်လျဉ်း၍ သတင်းအချက်အလက် ရရှိမှု အားနည်းခြင်းကြောင့် စားသုံးသူများထံမှ တိုင်ကြားမှု အမြောက်အများကို လက်ခံရရှိခဲ့သည့်အပြင် e-markets များတွင် စားသုံးသူအကာအကွယ်ပေးရေးအရေးကိစ္စများမှာ အသစ်အဆန်းများ ဖြစ်ပေါ်လာသည်သာမက ရှုပ်ထွေးမှုများလည်းဖြစ်စေသဖြင့် E-Commerce ကုမ္ပဏီများအတွက် ယခင် ၂၀၁၇ ခုနှစ်က ပြင်ဆင်ထုတ်ပြန်ခဲ့သော ဥပဒေဆိုင်ရာ တိကျတိုင်းတာစည်းမျဉ်းများအရ ညွှန်ကြားချက်များကို မဖြစ်မနေ လိုက်နာဆောင်ရွက်ရန် ရည်ရွယ်၍ စည်းမျဉ်းသစ်များကို ထုတ်ပြန်ရခြင်း ဖြစ်ပါသည်။ **မျိုးမျိုးထိုက်**



# ၂၀၁၈ ခုနှစ်၊ ဇွန်လနောက်ဆုံး သီတင်းနှစ်ပတ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် အမေရိကန်ဒေါ်လာနှင့် အခြားနိုင်ငံများ၏ ငွေလဲနှုန်းများအခြေအနေ

၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှ ၃၀ ရက်နေ့အထိ အမေရိကန်ဒေါ်လာနှင့် အာဆီယံနိုင်ငံများ၏ ငွေကြေးများ အပါအဝင် အခြားအိမ်နီးချင်း အာရှနိုင်ငံများ၏ ငွေကြေးများ၏ ငွေလဲနှုန်းများ အတက်အကျရှိခဲ့သည်ကို တွေ့ရပါသည်။

**အမေရိကန်ဒေါ်လာနှင့် အာဆီယံ (၁၀) နိုင်ငံ၏ ငွေလဲလှယ်နှုန်းအတက်အကျ အခြေအနေ**
**(၂၀၁၈ ခုနှစ် ဇွန်လ ၁၅ မှ ၃၀ ရက်နေ့အထိ)**

| ရက်စွဲ | မြန်မာ (MMK) | ထိုင်း (THB) | အင်ဒိုနီးရှား (IDR) | မလေးရှား (MYR) | စင်ကာပူ (SGD) | ဖိလစ်ပိုင် (PHP) | ဗီယက်နမ် (VND) | လာအို (LAK) | ဘရူနိုင်း (BND) | ကမ္ဘောဒီးယား (KHR) |
|---|---|---|---|---|---|---|---|---|---|---|
| ၁၅-၆-၂၀၁၈ | 1348 | 32.64 | 13925 | 3.9835 | 1.3502 | 53.33 | 22814 | 8381 | 1.3377 | 4045.9 |
| ၁၆-၆-၂၀၁၈ | 1348 | 32.64 | 13925 | 3.9835 | 1.3502 | 53.33 | 22814 | 8381 | 1.3377 | 4045.9 |
| ၁၇-၆-၂၀၁၈ | 1348 | 32.68 | 13925 | 3.9835 | 1.35209 | 53.33 | 22814 | 8381 | 1.3377 | 4045.9 |
| ၁၈-၆-၂၀၁၈ | 1354 | 32.65 | 13925 | 3.996 | 1.35107 | 53.33 | 22834 | 8380 | 1.3378 | 4029.8 |
| ၁၉-၆-၂၀၁၈ | 1368 | 32.72 | 13923 | 3.998 | 1.35524 | 53.31 | 22851 | 8378 | 1.3432 | 4046 |
| ၂၀-၆-၂၀၁၈ | 1373 | 32.8 | 13923 | 4.004 | 1.35828 | 53.31 | 22865 | 8378 | 1.3448 | 4042 |
| ၂၁-၆-၂၀၁၈ | 1378 | 32.88 | 14096 | 4.014 | 1.35796 | 53.28 | 22875 | 8382 | 1.3439 | 4046 |
| ၂၂-၆-၂၀၁၈ | 1383 | 32.92 | 14073 | 4.001 | 1.3578 | 53.22 | 22890 | 8409 | 1.3446 | 4045 |
| ၂၃-၆-၂၀၁၈ | 1383 | 32.92 | 14073 | 4.001 | 1.3578 | 53.22 | 22890 | 8409 | 1.3446 | 4045 |
| ၂၄-၆-၂၀၁၈ | 1383 | 32.88 | 14075 | 4.001 | 1.35802 | 53.27 | 22890 | 8409 | 1.3446 | 4050 |
| ၂၅-၆-၂၀၁၈ | 1384 | 32.919 | 14150 | 4.016 | 1.3616 | 53.44 | 22895 | 8378 | 1.3446 | 4056 |
| ၂၆-၆-၂၀၁၈ | 1387 | 33 | 14173 | 4.02 | 1.36246 | 53.62 | 22915 | 8401 | 1.3446 | 4050 |
| ၂၇-၆-၂၀၁၈ | 1406 | 33.01 | 14173 | 4.028 | 1.36676 | 53.56 | 22934 | 8376 | 1.3512 | 4055 |
| ၂၈-၆-၂၀၁၈ | 1414 | 33.13 | 14385 | 4.04 | 1.36821 | 53.44 | 22934 | 8402 | 1.3533 | 4019.6 |
| ၂၉-၆-၂၀၁၈ | 1390 | 33.01 | 14325 | 4.038 | 1.362 | 53.31 | 22955 | 8401 | 1.3485 | 4029.8 |
| ၃၀-၆-၂၀၁၈ | 1384 | 33.01 | 14325 | 4.038 | 1.362 | 53.31 | 22955 | 8401 | 1.3485 | 4029.8 |

ဇွန် ၂၇ ရက်နေ့မှစ၍ အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာကျပ်ငွေ ၁၄၀၆ ကျပ်သို့ ငွေလဲနှုန်း စတင်တက်ခဲ့ပြီး ဇွန် ၂၈ ရက်တွင် ၁၄၁၄ ကျပ်နှုန်းဖြင့် ထပ်မံမြင့်တက်ခဲ့သည်ကို တွေ့ရပါသည်။ ဇွန် ၃၀ ရက်နေ့တွင် ၁၃၈၄ ကျပ်နှုန်းသို့ ပြန်လည်ကျဆင်းခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံမှလွဲ၍ အခြားအာဆီယံနိုင်ငံများဖြစ်ကြသည့် ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ လာအို၊ ဘရူနိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံများတွင်လည်း မြန်မာနိုင်ငံနည်းတူ ဇွန် ၂၈ ရက်နေ့တွင် အမေရိကန်ဒေါ်လာ ငွေလဲနှုန်းတက်လာခဲ့သည်ကို တွေ့ရပြီး ဇွန် ၂၉ ရက်နေ့မှစ၍ ပြန်လည်ကျဆင်းလာသည်ကို တွေ့ရပါသည်။ ဖိလစ်ပိုင်နိုင်ငံ တွင် ဇွန် ၂၆ ရက်၌ အမေရိကန် တစ်ဒေါ်လာလျှင် ၅၃ ဒသမ ၆၂ ပီဆိုနှုန်းဖြင့် မြင့်တက်ခဲ့သည်ကို တွေ့ရပါသည်။ ဗီယက်နမ်တွင်မူ ယခင်ရက်များက အမေရိကန်တစ်ဒေါ်လာလျှင် ဗီယက်နမ်ဒေါင် ၂၂၉၃၄ ရှိခဲ့ရာ မှ ဇွန် ၂၉ ရက်နေ့ မှစ၍ ၂၂၉၅၅ သို့ တိုးတက်ရောက်ရှိခဲ့သည်ကို တွေ့ရပါသည်။

အခြားအိမ်နီးချင်းအာရှနိုင်ငံများဖြစ်သည့် တရုတ်၊ ဟောင်ကောင်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံများတွင်လည်း ဇွန် ၂၇ ရက်နေ့မှစ၍ အမေရိကန်ဒေါ်လာငွေလဲနှုန်းများ တိုးတက်လာခဲ့ပြီး ဇွန် ၂၈ ရက်နေ့တွင် အမြင့်ဆုံးနှုန်းထားတက်လာခဲ့သည်ကိုတွေ့ရပါသည်။ ဇွန် ၂၉ ရက်နေ့တွင် အဆိုပါနိုင်ငံအားလုံး၏ ငွေလဲနှုန်းများပြန်လည်ကျဆင်းလာသည်ကိုတွေ့ရပါသည်။

**အမေရိကန်ဒေါ်လာနှင့် အိမ်နီးချင်း အာရှနိုင်ငံများ၏ ငွေလဲလှယ်နှုန်း အတက်အကျ အခြေအနေ**
**(၂၀၁၈ ခုနှစ် ဇွန်လ ၁၅ မှ ၃၀ ရက်နေ့အထိ)**

| ရက်စွဲ | တရုတ် (CNY) | ဟောင်ကောင် (HKD) | ဂျပန် (JPY) | ကိုရီးယား (KRW) | အိန္ဒိယ (INR) | ဘင်္ဂလားဒေ့ရှ် (BDT) |
|---|---|---|---|---|---|---|
| ၁၅-၆-၂၀၁၈ | 6.4378 | 7.8477 | 110.635 | 1101.92 | 68.1887 | 83.67 |
| ၁၆-၆-၂၀၁၈ | 6.4378 | 7.8477 | 110.635 | 1101.92 | 68.1887 | 83.67 |
| ၁၇-၆-၂၀၁၈ | 6.4378 | 7.849 | 110.652 | 1103.11 | 68.055 | 83.99 |
| ၁၈-၆-၂၀၁၈ | 6.4378 | 7.84927 | 110.176 | 1103.54 | 68.03 | 83.99 |
| ၁၉-၆-၂၀၁၈ | 6.4801 | 7.8493 | 110.097 | 1110.23 | 68.04 | 83.99 |
| ၂၀-၆-၂၀၁၈ | 6.4712 | 7.84583 | 110.377 | 1107.33 | 68.05 | 83.99 |
| ၂၁-၆-၂၀၁၈ | 6.4899 | 7.84536 | 109.967 | 1109.17 | 67.94 | 83.99 |
| ၂၂-၆-၂၀၁၈ | 6.5026 | 7.845 | 109.855 | 1110.5 | 67.8917 | 83.64 |
| ၂၃-၆-၂၀၁၈ | 6.5026 | 7.845 | 109.855 | 1110.5 | 67.8917 | 83.64 |
| ၂၄-၆-၂၀၁၈ | 6.5026 | 7.8464 | 109.86 | 1109.61 | 67.86 | 83.64 |
| ၂၅-၆-၂၀၁၈ | 6.5385 | 7.8465 | 109.634 | 1113.48 | 68.1245 | 83.99 |
| ၂၆-၆-၂၀၁၈ | 6.5758 | 7.849 | 110.11 | 1116.89 | 68.36 | 83.99 |
| ၂၇-၆-၂၀၁၈ | 6.5991 | 7.84779 | 110.223 | 1122.44 | 68.9325 | 83.99 |
| ၂၈-၆-၂၀၁၈ | 6.6234 | 7.84807 | 110.485 | 1119.87 | 68.83 | 83.61 |
| ၂၉-၆-၂၀၁၈ | 6.617 | 7.845 | 110.67 | 1113.41 | 68.45 | 83.6 |
| ၃၀-၆-၂၀၁၈ | 6.617 | 7.845 | 110.67 | 1113.41 | 68.45 | 83.6 |

သို့ရာတွင် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင်မူ ဇွန် ၂၆ နှင့် ၂၇ ရက်များတွင် အမြင့်ဆုံးနှုန်းထားဖြင့် ငွေလဲနှုန်း မြင့်တက်လာခဲ့ပြီး ဇွန် ၂၈ရက်နေ့မှစ၍ ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရပါသည်။

အချုပ်အားဖြင့်ဆိုသော် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံ များနှင့် အခြားအိမ်နီးချင်း အာရှ နိုင်ငံအများစုတို့တွင် ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အမေရိကန်ဒေါ်လာ ငွေလဲနှုန်းများ မြင့်တက်လာခဲ့ပြီး ဇွန် ၂၉ ရက်နေ့တွင် ပြန်လည်ကျဆင်းလာခဲ့သည်ကို တွေ့ရှိရပြီး ငွေလဲနှုန်းများ ဆက်လက်ကျဆင်းခြင်း ရှိ/မရှိနှင့်ပတ်သက်၍ စောင့်ကြည့်ရမည် ဖြစ်ပါသည်။

**Soruce : Internet**

**L မျိုးဇော်**

# ကျိုင်းတုံခရိုင် အိမ်တွင်းမှု အသေးစား စားသောက်ကုန် ထုတ်လုပ်မှု လုပ်ငန်းရှင်များအသင်း (ယာယီ) ဖွဲ့စည်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ကုန်သည်စက်မှုအသင်းတို့နှင့် ပူးပေါင်း၍ ဒေသရှိ အိမ်တွင်း စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင် ၆၅ ဦးတို့အား စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံးတွင် ဖိတ်ကြား၍ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းပြည်ပဈေးကွက် ထိုးဖောက်နိုင်ရေးတို့ကို ရည်ရွယ်၍ အသေးစား စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းရှင်များအသင်း (ယာယီ)ကို ဇွန် ၂၁ ရက်က ဖွဲ့စည်းခဲ့သည်။

အသေးစား စားသောက်ကုန် ထုတ်လုပ်မှု လုပ်ငန်းရှင်များအသင်း (ယာယီ) ဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ စားသုံးသူရေးရာဦးစီးဌာန၊ ဒုတိယပြည်နယ်ဦးစီးမှူးက ဒေသတွင်းရှိအသေးစား အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ အရည်အသွေးမီ ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းပြည်ပဈေးကွက် ထိုးဖောက်နိုင်ရေးကို ရည်ရွယ်ကြောင်း၊ နိုင်ငံတကာ လက်လီလက်ကား ရောင်းဝယ်မှုများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဝင်ရောက်လာပါကလည်း ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးနှင့် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ကာ စီးပွားရေး အကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်စည်ပြပွဲ ဒေသရိုးရာစားသောက်ကုန် ပစ္စည်းများကို ပါဝင်ပြသခြင်းဖြင့် ဈေးကွက် အခွင့် အလမ်းရရှိရေးတို့အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ၎င်းအပြင် ပြည်ပမှ စားသောက်ကုန်များ တရားမဝင် ဝင်ရောက်မှုများမှ ကာကွယ်ဆောင်ရွက်ပေးခြင်းဖြင့်လည်း အသေးစား စားသောက်ကုန်လုပ်ငန်းရှင်များကို အကာအကွယ်ပေးရာရောက်ကြောင်း၊ ဈေးကွက်အတွင်း စားသုံးသူပြည်သူများအတွက် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး ယုံကြည်စိတ်ချစွာ ဝယ်ယူစားသောက်နိုင်ကြမှာဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ ခရိုင်ဦးစီးမှူးက အသေးစားလုပ်ငန်းရှင်များအနေဖြင့် စားသောက်ကုန်များ ထုတ်လုပ်ရာတွင် ပြည်သူများ ဘေးအန္တရာယ် မဖြစ်ရန် သန့်ရှင်းစွာ ထုတ်လုပ်ခြင်း၊ စနစ်တကျ ထုပ်ပိုးခြင်းနှင့် ထောက်ခံချက်အမှတ်၊ သက်တမ်းကုန်ဆုံးရက်၊ ကုန်အမှတ်တံဆိပ်တို့ ထည့်သွင်းရောင်းချပေးကြပါရန်၊ အသင်းခိုင်မာလာပါက နိုင်ငံခြားမှ နည်းပညာနှင့် အခြားအထောက်အပံ့များ ရရှိလာနိုင်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက်အသင်းဝင်များမှအသင်း၏ အလုပ်အမှုဆောင် ၁၄ ဦး ရွေးချယ်ကာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်တို့ကို ယာယီရွေးချယ်ခဲ့ပြီး အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရပါသည်။ **ရန်နောင်(ကျိုင်းတုံ)**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Public Forum သို့ တက်ရောက်မည့် ကိုယ်စားလှယ်များအတွက် Online Registration ပြုလုပ်နိုင်ကြောင်း သတင်းထုတ်ပြန်

၂၀၁၈ ခုနှစ် အောက်တိုဘာလ ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Public Forum သို့ တက်ရောက်မည့် ကိုယ်စားလှယ်များအတွက် Online Registration ပြုလုပ်နိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ မေ ၂ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Public Forum ကို ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့မှ နှစ်စဉ်ကျင်းပလျက်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ဆက်စပ်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အဖွဲ့ဝင်နှင့် လေ့လာသူအဆင့်နိုင်ငံများမှ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍဆိုင်ရာ ကိုယ်စားလှယ်များ၊ တက္ကသိုလ်များမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင် ပညာရှင်များ၊ သတင်းမီဒီယာများမှ ကိုယ်စားလှယ်များ တက်ရောက်နိုင်ကြောင်း သိရသည်။

ယခုနှစ် ကျင်းပမည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏Public Forumဆိုင်ရာ Theme မှာ "Trade2030" ဖြစ်ပြီး အဆိုပါ Forum သို့ စုစုပေါင်းကိုယ်စားလှယ် ၁၅၀၀ ခန့် တက်ရောက်မည်ဟု ခန့်မှန်းထားကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Public Forum 2018 ဆိုင်ရာ ဝက်ဘ်ဆိုက်ဖြစ်သော www.wto.org/english/forum_e/public_ forum18_e/pf18_reg_e.htm မှတစ်ဆင့် တက်ရောက်မည့် ကိုယ်စားလှယ်များအနေဖြင့် စက်တင်ဘာ ၁၆ ရက်နောက်ဆုံးထား၍ Online Regristration ပြုလုပ်နိုင်ကြောင်း သတင်းရရှိသည်။

**ညီညီအောင်၊ (WTO သံမှူး)**
**ဂျီနီဗာမြို့**



မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
တက္ကသိုလ်ပညာသင်ဆုဝန်ဆောင်မှုစာရင်း
(Scholarship Funding Service)
8.5%
ငွေစုဘဏ် အတိုးနှုန်း
လူကြီးမင်းတို့၏ သားသမီးများ၊ တူ တူမများတက္ကသိုလ်ပညာ ဆည်းပူးရန်အတွက် အထောက်အပံ့ဖြစ်စေမည့် တက္ကသိုလ်ပညာသင်ဆု သီးခြားအပ်ငွေကို အတိုးနှုန်း၈.၅%ဖြင့် (၃)လတစ်ကြိမ်အတိုးထည့်သွင်း ဆောင်ရွက်ပေးနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဘဏ်မှ ထောက်ပံ့ကြေး
ဘဏ်မှအပို ထပ်ဆောင်း ချီးမြှင့်ငွေ
သင့်ဇါနောင်ရေး အကျိုးစီးပွား မြဝတီဘဏ်မှာ ငွေစုထား
Scholarships
www.mwdbank.com
မြဝတီဘဏ် (ရုံးချုပ်)
အမှတ်-၁၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝါးတန်းလမ်းထောင့်၊လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
Phone : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402, 2301418
Email : mwdbankygn@mptmail.net.mm
မြဝတီဘဏ် (နေပြည်တော်)
အကွက်(ဘီ/၁)၊ မြတ်ပန်းသဇင်လမ်း၊ သီရိရတနာအဆင့်မြင့်ဈေးအနီး၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
Phone : (067) 421441, 421581, 421582
Fax : (067) 421442, 421443
Email : mwdbanknpt@gmail.com




Biz-Partner Group
• Carestream Medical Solutions
CR, DR, Imagers, X-ray, Ultrasound
• Carestream Dental Solutions
Dental X-ray, Sensors, CR, OPG, CBCT, CEPH, Oral cameras
• Carestream NDT Solutions
Industry use Films, CR, Portable CR
• Orfit Radiation Therapy Solutions
Mould Room Accessories, Rehab Accessories, Immobilization Devices
• Network Solutions
PACS, HIS, RIS, Cloud based Tele-radiology Services
• Other Solutions
Contrast Injectors, Syringes and Tubing
Address : No.397 , Gant Gaw Myaing St, 23 Ward, Thuwanna, Thingangyun Tsp, Yangon
Website : www.bpgmyanmar.com
Phone : 01573147, 09 5136284, 095102199




# MYANMAR PADAUK TRADING CO., LTD.

မြန်မာနိုင်ငံတဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။

| KORYO CABLE | CONTINENTAL ELECTRIC WIRE | CADI-SUN | EMG CABLE & WIRE | N.I.U ELEC | JEWAY |
|---|---|---|---|---|---|
| Made in Korea | Made in Korea | Made in Vietnam | Made in Korea | Made in China | Made in China |

IEC Standard နှင့် အညီ ထုတ်လုပ်ထားသော 99.9 Pure Coppeer (LT/HT) ဝါယာကြိုးများ၊ 99.9 Pure Aluminium Isulated ဝါယာကြိုးများနှင့် 400V Material & 6.6kV/11kV/33kV (Line Accessories) များအား နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်များ ရရှိထားသော မှန်ကန်သည့် အရည်အသွေးပြည့် ပစ္စည်းများကိုသာ မြန်မာနိုင်ငံ တဝှမ်းလုံးသို့ တင်သွင်းဖြန့်ချိသည်။



**Available Items**

- Building Wire
- Underground Cable
- Overhead Cable
- High Quality & Long Term Quality Control
- Resonable Price for Customer
- International Standard & Certified for Safety
- We Can Support Low Voltage, Medium Voltage, High Voltage Copper Conductor & Aluminium Conductor

Head Office : No.12/ Da Dwe, Inya Avenue St., Ka Ba Aye Pagoda Rd, Mayangone Tsp. Tel : 01 657781, 657782, 657783, 657784

Showroom ( Yangon) : No. (H3-46), Thiriyadanar Wholesale/Retail Compound, North Okalapa Tsp.,Yangon.. Tel : 01 578538, 09 400309366

Showroom ( Dawei) : No.(117), Tike Thit Kyaung Road, Kanyone Yet, Dawei Tsp., Tanintharyi Division.Tel : 09 457366663, 09 457366664

Showroom (Taunggyi) : No.33, Oakaw Street, Nyaung Shwe Hawkone Yet, Taunggyi, Shan State. Tel : 09 445578001, 09 445578002

Showroom ( Monywa) : No.103, Bogyoke Aung San Street, Kwaegyi Ward, Monywa Tsp. Sagaing Division. Tel : 09 427 8888 71, 09 427 8888 72

Email : epshowroom@myanmarpadauk.com    Website : www.myanmarpadauk.com

COMMERCE
INTERNATIONAL

# ထိုင်းနိုင်ငံ ပီလောပီနံအတွက် ပြည်ပဈေးကွက်သစ်ရှာ



ကမ္ဘာပေါ်တွင် ပီလောပီနံ အများဆုံး တင်ပို့သော နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် ဈေးကွက်ချဲ့ထွင်ရန် စီစဉ်သည့်အနေဖြင့် အိန္ဒိယနိုင်ငံနှင့် နယူးဇီလန်ကဲ့သို့သော ဈေးကွက်သစ်များသို့တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း ဟိန္ဒူဘိဇနက်တိုင်းမ်သတင်းတွင် ဖော်ပြသည်။ လောလောဆယ်တွင် တရုတ်နိုင်ငံသည် ထိုင်းပီလောပီနံကို အများဆုံးဝယ်ယူနေသော နိုင်ငံဖြစ်သည်။

သို့သော်လည်း ပြည်တွင်းစိုက်ပျိုးသူများကို အကာအကွယ်ပေးသည့်အနေဖြင့် အိန္ဒိယနိုင်ငံက ပီလောပီနံ တင်သွင်းခွန်ကို ၆၈ ရာခိုင်နှုန်းအထိ မြှင့်တင်ထားသည့်အတွက် ထိုင်းနိုင်ငံ ပို့ကုန်လုပ်ငန်းများက စိုးရိမ်လျက် ရှိကြသည်။

"အခွန်နှုန်းမြင့်တက်နေတဲ့ ကိစ္စကို အိန္ဒိယအစိုးရနဲ့ ကျွန်တော်တို့ ဆွေးနွေးသွားမှာပါ"ဟု ထိုင်းနိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဆန်တီရက် ဆွန်တီဂျီရာဝေါင်က ဘိဇနက်တိုင်းမ်သတင်းဌာနကို ပြောသည်။

၂၀၁၈ ခုနှစ် ပီလောပီနံကွန်ဖရင့်ကို ဗန်ကောက်မြို့တွင် ဇွန် ၂၈ ရက်က ကျင်းပလျက်ရှိရာ အဆိုပါအစည်းအဝေးအတွင်း ပြုလုပ်သော အလွတ်သဘောတွေ့ဆုံပွဲတွင် ဝန်ကြီးက ပြောကြားခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံနှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် ရရှိထားသည့်အတွက် ထိုင်းနိုင်ငံသည် ပီလောပီနံ အခွန်မြင့်တက်မှုနှင့်ပတ်သက်၍ ညှိနှိုင်းရရှိမည်ဟု ခန့်မှန်းထားသည်။

အိန္ဒိယ၊ ဂျပန်၊ ကိုရီးယားနှင့် နယူးဇီလန်တို့ကဲ့သို့သော ဈေးကွက်များတွင် အခွင့်အလမ်းများ အမြောက်အများရှိမည်ဟု ယူဆကြောင်း ဆွန်တီဂျီရာဝေါင်က ပြောသည်။

ထိုင်းနိုင်ငံသည် စားသုံးမှုမြင့်တက်လျက်ရှိသော အိန္ဒိယနိုင်ငံတွင် ပီလောပီနံမှုန့်ကို ရောင်းဝယ်ရန် နည်းလမ်းရှာဖွေနေကြောင်း ထိုင်းနိုင်ငံ နိုင်ငံခြားကုန်သွယ်ရေး ညွှန်ကြားရေးမှူးချုပ် အဒူချိုတီနီဆာကွန်က ပြောသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကြည့်ပါက ပီလောပီနံ ထုတ်ကုန်များအား သုံးစွဲမှုသည် အစားအစာ၊ ချည်ထည်၊ စက္ကူ၊ ပျော့ဖတ်၊ တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးစသည့် လုပ်ငန်းကဏ္ဍများတွင် မြင့်တက်လျက်ရှိသည်။

အိန္ဒိယ ဈေးကွက်က ဈေးကွက်ကောင်းတစ်ခုဖြစ်သော်လည်း အကောက်ခွန်များက မြင့်တက်လျက်ရှိကြောင်း ထိုင်းပီလောပီနံ ကုန်သွယ်ရေးအသင်း ဥက္ကဋ္ဌ ဘွန်ချိုင်းဆရီချိုင်ယွန်ပါနစ်က ပြောသည်။

ထိုင်းနိုင်ငံသည် နိုင်ဂျီးရီးယားနိုင်ငံပြီးလျှင် ကမ္ဘာပေါ်တွင် ပီလောပီနံ ထုတ်လုပ်မှု ဒုတိယအများဆုံး နိုင်ငံဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းထုတ်လုပ်သူများအား အကူအညီ ပေးနိုင်ရေးအတွက် ဈေးကွက်သစ်များ ရှာဖွေလျက်ရှိသည်။ မကြာသေးမီလများအတွင်းက ဈေးနှုန်းများ မြင့်တက်လာသည့်အတွက် တရုတ်နိုင်ငံတွင် ဝယ်လိုအား ကျဆင်းခဲ့သည်။ တရုတ်နိုင်ငံမှ သုံးစွဲသူများကလည်း ဈေးပိုမိုသက်သာသော ပြောင်းမှုန့်ကို ပြောင်းလဲသုံးစွဲလာသည်ကို တွေ့ရသည်။

ထိုင်းနိုင်ငံတွင် ပီလောပီနံ စိုက်ဧရိယာသည် ယခင်နှစ်က ဆယ်ပုံတစ်ပုံ ကျဆင်းပြီး ဟက်တာ ၁ ဒသမ ၄ သန်းအထိ ရောက်ရှိခဲ့ကြောင်း သူကပြောသည်။ လွန်ခဲ့သော နှစ်နှစ်၊ သုံးနှစ်အတွင်း ပီလောပီနံ ဈေးနှုန်းသည် လေးပုံတစ်ပုံ ကျဆင်းခဲ့သည့်အတွက် ထိုင်း ပီလောပီနံစိုက် တောင်သူများက သကြားနှင့် ပြောင်းဖူးတို့ကို ပြောင်းလဲစိုက်ပျိုးလာခဲ့သည်။ ထိုင်းတောင်သူများ ပီလောပီနံ ပြန်လည်စိုက်ပျိုးလာစေရန် နောက်ထပ်နှစ်နှစ်ခန့် စောင့်ရ ဦးမည်ဖြစ်ကြောင်း ဆရီချိုင်ယွန်ပါနစ် က ပြောသည်။

ထိုင်းနိုင်ငံ၏ ပီလောပီနံ ထုတ်လုပ်မှု ခန့်မှန်းခြေတန် သန်း ၃၀ ရှိသည့်အတွက် ပီလောပီနံသည် ထိုင်းလယ်ယာစိုက်ပျိုးရေးအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ စုစုပေါင်း ပြည်ပတင်ပို့မှုတန်ဖိုးမှာ နှစ်စဉ် ဘတ်ဘီလီယံ ၁၀၀ ရှိပြီး ပီလောပီနံစိုက်ပျိုးသော တောင်သူဦးရေမှာ ငါးသိန်းနီးပါး ရှိကြောင်းသိရသည်။

## ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးရန် ဗီယက်နမ်ကြိုးပမ်း

ဒစ်ဂျစ်တယ် စီးပွားရေးသည် ကမ္ဘာအနှံ့တွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသော်လည်း ဗီယက်နမ်နိုင်ငံ၏စီးပွားရေး ပြန်လည်ဖွဲ့စည်းတည်ဆောက်ရာတွင် ဖြစ်ပေါ်နေသော ပြဿနာများကို ဖြေရှင်းရာ၌ အခွင့်အလမ်းကောင်းတစ်ခုအဖြစ် တည်ရှိနေကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင်ဖော်ပြသည်။

အထူးသဖြင့် စက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနေကြောင်း စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကောင်ကပ်ဟန်းက ပြောသည်။

ဒစ်ဂျစ်တယ် စီးပွားရေးသည် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတွင်ဖြစ်ပေါ်နေသော ဖွံ့ဖြိုးတိုးတက်မှုများကို အမီလိုက်နိုင်အောင် အထောက်အကူများပေးလျက်ရှိ ကြောင်း ဇွန် ၂၈ ရက်က ဟနွိုင်းမြို့တွင် ကျင်းပလျက်ရှိသော ဒစ်ဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ပြောကြားခဲ့သည်။ ဒစ်ဂျစ်တယ်စီးပွားရေးသည် ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးနှင့် ရေရှည်ဖွံ့ဖြိုးရေးအတွက် စက်မှုလုပ်ငန်းဖော်ဆောင်ရေးနှင့် ခေတ်မီရေးလုပ်ငန်းစဉ်များကို မြှင့်တင်ရေးတို့ကို ဆောင်ရွက်ရာတွင် အထောက်အကူပြုလျက်ရှိကြောင်း သူကဆိုသည်။

ကမ္ဘာ့ဖြန့်ဖြူးရေးကွင်းဆက် ဒစ်ဂျစ်တယ်စီးပွားရေးက ကြီးမားသော အကျိုးသက်ရောက်မှုများနှင့် ပြောင်းလဲမှုများကို ဖြစ်ပေါ်စေမည့်အပြင် ကမ္ဘာ့ဝယ်လိုအားနှင့် ရောင်းလိုအားကို ပြောင်းလဲစေလိမ့်မည်ဟု ခန့်မှန်းထားကြောင်း ဝန်ကြီးက ပြောသည်။ စတုတ္ထစက်မှုတော်လှန်ရေးနှင့်အတူ ဒစ်ဂျစ်တယ် စီးပွားရေးက အလားအလာသစ်များနှင့် လိုအပ်ချက်အသစ်များကို ဖန်တီးပေးလျက်ရှိသည်ဟုလည်း သူကဆိုသည်။

ဒစ်ဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးမှုကို ဆောင်ရွက်ရာတွင် တစ်နိုင်ငံချင်းအလိုက်မဟုတ်ဘဲ ဒေသအလိုက်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဥပမာ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးလမ်းကြောင်းကို ထိရောက်အောင်ဖန်တီးနိုင်ရေးအတွက် အာဆီယံဒေသတွင်း ဒစ်ဂျစ်တယ် စီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ကမ္ဘာ့စီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်မှ ပညာရှင် ကယ်လီအွမ်မန်ဆင်းက ပြောကြားကြောင်း သတင်းတွင်ဖော်ပြသည်။

# အီလက်ထရွန်းနစ်ပစ္စည်း ပြည်ပတင်ပို့မှုကျဆင်းသဖြင့် အိန္ဒိယတွင် တောင်ကိုရီးယားဈေးကွက်ကျဆင်း



အိန္ဒိယဈေးကွက်တွင် တရုတ်နိုင်ငံ၏ယှဉ်ပြိုင်မှု ပြင်းထန်လာသည့်အတွက် အိန္ဒိယနိုင်ငံသို့ တောင်ကိုရီးယားနိုင်ငံမှ တင်ပို့သော ပို့ကုန်များ ဖွံ့ဖြိုးမှုသည် တစ်ရှိန်ထိုး ကျဆင်းခဲ့ကြောင်း ဇွန် ၂၉ ရက်က ပြည်တွင်း ကုန်သွယ်ရေး အသင်းအဖွဲ့များ၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

ယခုနှစ် မေလအထိ တောင်ကိုရီးယားနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ပို့ကုန်တန်ဖိုး စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၂ ဘီလီယံ တင်ပို့ခဲ့သည့်အတွက် ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း တောင်ကိုရီးယား အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအသင်းနှင့် ကိုရီယား ကုန်သွယ်ရေးရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး အေဂျင်စီတို့၏ စာရင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံသည် တောင်ကိုရီးယားနိုင်ငံအတွက် သတ္တမမြောက် အများဆုံးပို့ကုန်နိုင်ငံဖြစ်သည်။

အီလက်ထရွန်းနစ် ကိရိယာများနှင့် အစိတ်အပိုင်းများ၏ တင်ပို့မှုသည် ကျဆင်းမှု အများပြားဆုံးဖြစ်ပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ယခုနှစ် မေလအထိ တင်ပို့မှုသည် ၄၂ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့သည်။ သို့သော်လည်း သံမဏိနှင့် မော်တော်ကား အစိတ်အပိုင်းကဲ့သို့သော အဓိက ပို့ကုန်အမယ်များတင်ပို့မှုမှာ ၃၆ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၂၁ ဒသမ ၁ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့သည်။ အထူးသဖြင့် ဝါယာလက် ကွန်ရက်သုံး ကိရိယာများမှာ ၉၁ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသည်။ ယင်းထုတ်ကုန်များမှာ ၂၀၁၆ ခုနှစ်က တောင်ကိုရီးယားမှ အိန္ဒိယသို့ တင်ပို့ရာတွင် ပထမနေရာနှင့် ၂၀၁၇ ခုနှစ်တွင် ဒုတိယနေရာ၌ ရှိခဲ့သည်။

တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံသို့ ထိပ်တန်းတင်ပို့သော နိုင်ငံအဖြစ်သို့ရောက်ရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အိန္ဒိယနိုင်ငံ၏ သွင်းကုန်လုပ်ငန်းတွင် တရုတ်နိုင်ငံ၏ ဈေးကွက်ဝေစုမှာ တဖြည်းဖြည်း မြင့်တက်လျက်ရှိရာ ၂၀၁၂ ခုနှစ်က ၁၀ ဒသမ ၇ ရာ ခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၁၅ ဒသမ ၅ ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်တွင် ၁၆ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၂၀၁၇ ခုနှစ်တွင် ၁၅ ဒသမ ၄ ရာခိုင်နှုန်းအသီးသီး မြင့်တက်ခဲ့သည်။ တရုတ်နိုင်ငံ၏ အီလက်ထရွန်းနစ်ပစ္စည်းများမှာ တိုးတက်မှုကို ရှေ့ဆောင်လျက်ရှိပြီး ၂၀၁၂ ခုနှစ်တွင် အိန္ဒိယသွင်းကုန်၏ ၂၅ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ် ပထမနှစ်ဝက်တွင် ၃၈ ဒသမ ၄ ရာခိုင်နှုန်းရှိခဲ့သည်။

အိန္ဒိယနိုင်ငံသို့ တင်ပို့ရာတွင် ဈေးကွက် ချဲ့ထွင်နိုင်ရေးအတွက် ပို့ကုန်ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ခိုင်မာအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တောင်ကိုရီးယား၊ အိန္ဒိယ ဘက်စုံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို ဖြေလျှော့မှုများ ပြုလုပ်ခြင်း၊ ဈေးကွက်မြှင့်တင်မှုကို ထိရောက်စွာ ဆောင်ရွက်ခြင်း၊ ပို့ကုန်များ၏ ကုန်အမှတ်တံဆိပ် ပုံရိပ်ကို မြှင့်တင်ခြင်းနှင့် အမျိုးအစား တိုးချဲ့ဆောင်ရွက်ဖို့ကို ဆောင်ရွက်ရန်လိုကြောင်း ကိုရီးယား အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးအသင်းမှ သုတေသီ မွန်းဗြောင်းအီက ပြောသည်။

စံမီအောင် စုစည်းသည်

**စနစ်တကျ အမှိုက်စွန့်ပစ်ရေး**
**ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး**

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**